# သင်၏ခေတ်ကာလကို သိမှတ်ပြီး ၎င်း၏သတင်းစကားကို လက်ခံခြင်း

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်

၆၄ - ၀၇၂၆ အမ်မ်

1 ၁။ မင်္ဂလာနံနက်ခင်းပါ မိတ်ဆွေများ ကျွန်တော်တို့ ခေတ္တမတ်တပ်ရပ်ပြီး နေကြ ပါစို့။ ဘုရားသခင် ကျွန်တော်တို့၏ ဘ၀အသက်တာမှာ အလွန်ဘဲ ရှုပ်ထွေးပြီးတော့ အလုပ်များကြပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနည်းငယ် အချိန်တစ်နာရီ ခန့်မျှလောက် ရပ်ပြီးတော့ ဘာဘဲဖြစ်ဖြစ် ကိုယ်တော်ရှင် ကျွန်ုပ်တို့အတွက် ပံ့ပိုးမှုကို ကျွန်တော်တို့ ကျေးဇူးတော် ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင် ဘုန်းတော်ထင်ရှားပါစေ။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်မြတ်ကို ဟောပြောဘို့အတွက်၊ ကိုယ်တော်ကို ပိုမိသိ ဘို့အတွက် ကျွန်တော်တို့ ဒီနေ့မနက် 'ဒီနေရာမှာ စုဝေးပြီးတော့ ရောက်ရှိနေပါတယ်။ ကိုယ်တော်ကို ကျေးဇူးတင်ပါတယ် ကိုယ်တော်၊ ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာ လူအချို့ဟာ ကိုယ်တော်ကို လက်ခံဘို့ရှိပါတယ်။ သူတို့နားထောင်ဘို့အတွက် သူတို့ကိုယ် သူတို့ပြင်ဆင်ထားကြပါတယ်။ အခြေအနေတွေ ကျွန်တော်တို့ အသက်ရှင်တဲ့အခါမှာ သူတို့ဟာ ယုံကြည်ဆဲဘဲဖြစ်ပါတယ်။ သူတို့အတွက် ကျွန်တော်တို့က ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။

အဖဘုရားသခင် ကိုယ်တော်ရှင်ကို ကျေးဇူးတော်ချီးမွမ်းပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကြီးမြတ်လှတဲ့ အနာရောဂါငြိမ်းခြင်း တန်ခိုးအတွက်ဘဲဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်၊ ဂတိတော်အတွက်ဘဲဖြစ်ပါတယ်။ ဒီသက်သေခံချက်တွေကို ကျွန်တော်တို့ ကြားရတဲ့အခါမှာ ကျွန်တော်တို့ နှလုံးသားတွေဟာ တောက် လောင်လျှက်ရှိပါတယ်။ လူသားတွေအပေါ်မှာ ကျရောက်လာတဲ့ ရောဂါဝေဒနာတွေ အမျိုးမျိုးအကြောင်းကို သိရပါတယ်။ ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်နဲ့ တန်ခိုးတော် ကိုယ်တော်ရှင်ရဲ့ ဂတိတော်တွေအားလုံးနဲ့ သူတို့အားလုံး အနာရောဂါ ပျောက်ကင်းချမ်း သာခွင့်ရခဲ့ပါတယ်။ ယနေ့ သူတို့ ဒီနေရာမှာ ရောက်ရှိပြီး သက်သေခံကြပါတယ်။ ကိုယ်တော်ရှင်ကို ကျေးဇူးတော် ချီးမွမ်းကြ တယ်။ ဂုဏ်တော်ချီးမွမ်းကြပါတယ်။ အဲဒီ အတွက် ကိုယ်တော်ကို ကျွန်တော်တို့ ကျေးဇူးတင်ကြပါတယ်။ အခုအခါမှာ ကျွန်တော်တို့ သတင်းစကားကို ဒီနေ့ရက်ကာလအတွက် ပြင်ဆင်ပေးထားတဲ့အတွက် ကျွန်တော်တို့ ကြားနာရမှာ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို ကျွန်တော်ကို့ ဖတ်ပြီးတော့ ကျွန်တော်တို့ ဘယ်ကျမ်းချက်ကို ဖတ်တဲ့အ ကြောင်းကိုလည်း ကိုယ်တော်ရှင်ကဘဲ ကျွန်တော်တို့ကို ပေးမှာဘဲဖြစ်ပါတယ်။ အရာခပ်သိမ်းအတွက် ကိုယ်တော်ရှင် ရဲ့ အလိုတော်အတိုင်းဘဲ ဖြစ်ပါစေ။ သခင်ယေရှုဘုရားရှင်ရဲ့နာမ၌ ကျွန်တော်တို့ ဆု တောင်းကြပါတယ်။ အာမင်။ အားလုံးထိုင်နိုင်ပါပြီ။

2 ၂။ ဒီနေ့မနက် ဒီမှာရောက်ရှိခြင်းကတော့ တစ်ကယ့်အခွင့်အရေးကြီးတစ်ရပ်ဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးအတွက် ကျွန်တော် အရမ်းဘဲဝမ်းသာပါတယ်။ ဘရာသာဝပ်ဒ်၊ ဘရာသာ ရားရော်ဘင်ဆန်၊ တစ်ခြားညီကိုတွေများစွာ ပြီးခဲ့တဲ့ရက်နှစ် ရက်က တစ်ကယ်ဘဲ အလုပ်ကို သစ္စာရှိရှိ ကြိုးကြိုးစားစားနဲ့ လုပ်ကိုင်ပါတယ်။ ဘာအ တွက်လဲဆိုတော့ ဒီအဆောက် အဦကြီးကို လေအေးစက်တပ်ဘို့ဘဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကဆိုရင် ခင်ဗျားတို့ ပူအိုက်တာကို သူတို့ တွေ့ခဲ့ကြပါတယ်။ ဒါကြောင့်မို့ လေအေးစက် တပ်ဆင်ခြင်းဘဲ ဖြစ်ပါတယ်။ အသင်းတော်ရဲ့ဘဏ္ဍာငွေထဲမှာတော့ ငွေက နည်းနည်းဘဲ ရှိပါတယ်။ အဲဒါကြောင့် သူတို့က သွားပြီးအလုပ်လုပ်ကြပါတယ်။ အဲဒီ အလုပ်လုပ်လို့ရတဲ့ငွေနဲ့ ခင်ဗျားတို့ကို ပိုပြီးအခြေအနေ ကောင်းအောင် လုပ်ပေးပါတယ်။ သူတို့ ရလာတဲ့ငွေတွေကို အလှူငွေထည့်ပြီးတော့ ခင်ဗျားတို့ ဒီသတင်း စကားကို အေးအေးဆေးဆေးနဲ့ ထိုင်နားထောင်နိုင်ကြမှာ ဖြစ်ပါတယ်။ အဲဒီနေ့ကထက် ဒီနေ့က ပိုပြီးအေးပါတယ်။ ကျွန်တော်တို့အားလုံး ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ခင်ဗျားတို့ကိုလည်း ဒီလိုအခွင့်အရေးရတဲ့အတွက် ကျေးဇူးတင်ပါ တယ်။

ဘရာသာရိုင်းဘော်ဒယ်လ် သူကဘာလိုချင်သလဲဆိုတော့ ဒီမနက် ဒီကိုမလာ ဘဲ နေခဲ့ချင်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော် သူ့ကိုကုလားထိုင်ယူလာပြီးတော့ ဒီမှာ လာထိုင်ပါ။ တစ်ခြားအမှုတော်ဆောင်တွေနဲ့အတူ လာထိုင်ပါလို့ ပြောပါတယ်။ ဒါပေမဲ့ လည်း သူကလက်မခံခဲ့ပါဘူး။ ခင်ဗျားတို့ သိတဲ့အတိုင်းဘဲ ဘရာသာဘော်ဒယ်လ်က တော့ ကွင်းထဲမှာ ကျွန်တော်တို့ကို ကိုယ်စားပြုပါတယ်။ ဘရာသာ ဘော်ဒယ်အခု ကျွန်တော်တို့နဲ့အတူရှိတဲ့အတွက် အရမ်းဝမ်းသာပါတယ်။ နောက်ပြီးတော့ တစ်ခြားအမှု တော်ဆောင်တွေ၊ မိတ်ဆွေတွေအားလုံး တွေ့ရလို့လည်း ဝမ်းသာပါတယ်။

3 ၃။ တစ်ပါတ်လုံးလုံး ကျွန်တော် စဉ်းစားနေပါတယ်။ စဉ်းစားပြီး ကျွန်တော် ဘာပြောသလဲဆိုတော့ ကျွန်တော် တနင်္ဂနွေနေ့ အဲဒီကို ရောက်တဲ့အခါမှာ အမှုတော် ဆောင်တိုင်းကို ကျွန်တော် မှတ်မိမှာပါ။ တစ်ယောက်စီကို မှတ်မိမှာပါလို့ ကျွန်တော် ပြောခဲ့ပါတယ်။ သူတို့ အဲဒီနေရာကို ရောက်တဲ့အခါမှာ သူတို့ဟာ သတင်းစကားကို အရမ်းစိတ်ဝင်စားနေတဲ့အ တွက် အရာခပ်သိမ်းကို မေ့သွားပါတယ်။ အားလုံးကို မေ့လုနီးပါး ဖြစ်ခဲ့ရပါတယ်။ တစ်ကယ်ဘဲ အဲလိုဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။

ယခုအခါမှာ ကျွန်တော် အရီဇိုးနားကို ပြန်သွားရမှာ ဖြစ်ပါတယ်။ နောက်အ ပါတ် တနင်္လာနေ့မှာ ပြန်သွားရမှာ ဖြစ်ပါတယ်။ တစ်ပါတ်လောက် အချိန်အတွင်းမှာ ဖြစ်ပါတယ်။ တူလ်စန်ကို ပြန်သွားရမှာဖြစ်ပြီးတော့ ကလေးတွေ အဲဒီမှာ ကျောင်းတက် ဘို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးရင် ကျွန်တော် ဒီကိုဘဲ ပြန်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် ဇနီးသည်က အဲဒီမှာရှိရမှာ ဖြစ်ပါတယ်။ ကလေးတွေကို ကျောင်းဝင်ဘို့အတွက်ကျောင်း ဝင် မှတ်ပုံတင်တွေလုပ်ပ ေးရမှာ ဖြစ်ပါတယ်။ ကျောင်းမတက်ခင် နှစ်ပါတ်အလိုမှာ လုပ်ပေးရတာဖြစ်တယ်။ ပြီးရင်တော့ ကျွန်တော် ဒီကိုခဏ ပြန်လာရမှာဖြစ်ပါတယ်။

အခုအချိန်ကတော့ ကျွန်တော့်ရဲ့အားလပ်တဲ့ အချိန်ဘဲဖြစ်ပါတယ်။ ကျွန်တော် ဟာ ဒီဇင်ဘာ၊ ဇန္နဝါရီ၊ ဖေဖေါ်ဝါရီ၊ မတ်၊ ဧပြီ၊ မေ၊ ဂျွန်နဲ့ဇူလိုင်ကစပြီးတော့ ကျွန်တော် တရားဟောခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ အခုအခါမှာ ဘုရားသခင် အလိုတော် ရှိခဲ့မယ်ဆိုရင် တစ်ခြားက အထူးခေါ်ဖိတ်တာတွေ မရှိခဲ့ဘူးဆိုရင် ဒီရာသီအတွင်းမှာ ကျွန်တော် အပန်းဖြေ အနားယူပါတယ်။ ကျွန်တော် ဘာလုပ်သလဲဆိုတော့

တောသွားပစ်ပါတယ်။

4 ၄။ အခုအခါမှာ ကိုယ်တော်ရှင်က ကျွန်တော်ကို တစ်ခုခုလုပ်ဖို့ ခေါ်မယ်ဆိုရင် အဲဒီအရာတွေဟာ ရုပ်လုံးပေါ်လာမှာ ဘဲဖြစ်ပါတယ်။ ဘုရားသခင်က အမြဲတမ်းပထမ ဖြစ်ပါတယ်။ ကျွန်တော် ကိုယ်တော်ကို ပထမ ဦးစားပေးပါတယ်။ သင်လည်း ကိုယ်တော်ကို ပထမဦးစားပေးရမှာ ဖြစ်ပါတယ်။ အထူးတစ်လှယ် ဖိတ်ကြားထားတာတွေ မရှိဘူး ဆိုရင် ကိုယ်တော်ရှင် အလိုတော်ဘဲ ဖြစ်ပါတယ်။ နောက်နှစ်လအတွင်းမှာ ကျွန်တော် လုပ်ရမဲ့အလုပ်ကတော့ တောလိုက်သွားဖို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တိုယ်ကျွန်တော် စိတ်အပန်းဖြေခြင်းဘဲ ဖြစ်ပါတယ်။

ခင်ဗျားတို့ မသိပါဘူး။ ဒီကမ္ဘာလောကကြီးကလည်း သိမှာ မဟုတ်ပါဘူး။ ကျွန်တော် ဘာတွေကို ဖြတ်သန်းသွားရမယ်ဆို တာ ဘယ်သူမှ မသိကြပါဘူး။ အဲဒါကတော့ တစ်ကယ်ဘဲ ပင်ပန်းနွမ်းလျမှု ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့တပည့် တော်တွေကို ဘယ်လိုပြောသလဲဆိုတော့ ကန္တာရထဲကိုဖြတ်လာပြီးတော့ ခဏတော့အနားယူပါလို့ ပြောပါတယ်။ ကျွန်တော် ကတော့ အဲဒီအကြောင်းကို ပိုပြီးသဘောပေါက်ပါတယ်။ နေ့စဉ်နဲ့အမျှ အထူးသဖြင့် ကျွန်တော့်ရဲ့နေ့ရက်ကာလတွေဟာ ဒီကမ္ဘာလော ကကြီးမှာ ပိုပြီးတော့ အချိန်ကုန်ခဲ့ရပါတယ်။ ကျွန်တော် အသက်ကြီးလာတာနဲ့အမျှ ကျွန်တော် သိလာပါတယ်။ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာကြီးကတော့ အာမင်လို့ ပြောပါတယ်။ အသက်(၅၀)ကျော်လာရင်ကျွန်တော်တို့ဟာလူငယ်ကလေးတွေ မဟုတ် တော့ဘူးဆိုတာကို ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ သိကြပါတယ်။ အခုအခါမှာ ကျွန် တော်တို့ အချိန်အနည်းငယ် ယူကြမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ သက်သေခံချက်တွေအတွက် အရမ်းကျေးဇူးတင်ပါတယ်။ ခုနကဘဲ ကျွန်တော်တို့ ကြားခဲ့ကြရပါတယ်။ ဇနီးသည်ကတော့ မစ္စစ်ဝပ်ဒ်ရဲ့အိမ်မှာ ရောက်သွားပါတယ်။ မနေ့က ဖြစ်ပါတယ်။ တစ်ချို့သောသူတွေ အယ်လ်ဘားမား ကနေ ဆင်းလာကြပါတယ်။ ဒီအခန်းထဲမှာ ရှိကြပါတယ်။ အဲဒီမနက်က ကိုယ်တော်ရှင် အင်မတန်ကြီးမြတ်တဲ့အရာ ပြုလုပ်ခဲ့တဲ့ကြောင်း သူတို့ပြောပြကြပါတယ်။ ကလေးငယ်ကလေးတွေ အနာရောဂါငြိမ်းတယ်။ နောက်တစ်ခြား အကြောင်း အရာတွေ အမျိုးမျိုးဘဲဖြစ် ပါတယ်။ အကြောင်းအရာတွေ များလွန်းတဲ့အတွက် အချိန်တောင် တော်တော်ကြာသွားပါတယ်။ အဲဒါတွေကို အားလုံးပြောနိုင်ဘို့အတွက် အချိန်တော်တော် ယူခဲ့ရပါတယ်။

5 ၅။ အဲဒီအခါမှာ ကျွန်တော်သတိရပါတယ်။ စစ္စတာလားစင်းန်က ကလေးငယ် လေးတစ်ယောက်နဲ့အတူ ဒီနေရာမှာ လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ နှစ်ပါတ်၊ တနင်္ဂနွေနေ့တိုင်း သူရောက်ခဲ့ပါတယ်။ ကျွန်တော်ကတော့ မသိပါဘူး။ ဒါပေမဲ့လည်း သူတို့က သူတို့ရဲ့ မြေးကလေးလို့ ဆိုကြပါတယ်။ ဆက်ကပ်ဘို့ဘဲ ဖြစ်ပါတယ်။ ဟိုချီကာဂိုက ခေါ်လာခြင်း ဘဲ ဖြစ်ပါတယ်။ ဒီအမျိုးသမီးကြီးက ကျွန်တော်တို့အပေါ်မှာ အရမ်းဘဲ ကြင်နာပါတယ်။ ကျွန်တော်တို့လည်း သူ့ကို အရမ်းဘဲ ကျေးဇူးတင်ပါတယ်။ ချီကာဂိုကနေ ကလေးငယ် လေးကို ခေါ်လာခြင်းဟာ ဆက်ကပ်ဘို့ဘဲဖြစ်ပါတယ်။ သူမဟာ အချိန်ကိုယူပြီး ဒီဆက်ကပ်မှုအတွက် လုပ်ဆောင်ပေးခြင်းဘဲ ဖြစ်ပါတယ်။ သူမ စိတ်ဝင်စားတဲ့အရာကတော့ ကလေးငယ်ကို ကိုယ်တော်ရှင်ထံကို ဆက်ကပ်ပြီးသား ဖြစ်စေလိုပါတယ်။ ဒါကြောင့် မို့ စစ္စတာလားစင်န်အနေနဲ့ ကျွန်တော်ပြောဆိုနေတ့အ ခါမှာ ကလေးငယ်လေးကို အပေါ်ခေါ်လာပြီးတော့ ဆက်ကပ်ခြင်း စည်းဝေးအတွက် ပြင်ဆင်မှာ ဖြစ်ပါတယ်။

6 ၆။ သူမပြင်ဆင်နေတဲ့အချိန်မှာ ကျွန်တော် အပြင်းထန်ဆုံး ကြိုးစားပြီး ပြင်ဆင်ခဲ့ရတဲ့ သတင်းစကားအကြောင်း ကျွန်တော် ပြောပြလိုပါတယ်။ တစ်ပါတ်လုံးလုံး ပြင်ဆင်ခဲ့ပြီးတော့ မနေ့ညကမှ ပြီးသွားပါတယ်။ ကျွန်တော် အခန်းထဲကို သွားပြီး ကျွန်တော် လုပ်စရာတွေ ဖုန်းခေါ်တာတွေ အားလုံးကို မဖြေဘဲနဲ့ အကုန်လုံးဘေးဖယ်ထားပြီးတော့ ကျွန်တော် အချိန်ယူပြီးတော့ ဒီတရားဟောချက်ကို ပြင်ဆင်ခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ စိတ်နှလုံးထဲမှာလည်း ကွက်လပ် တစ်ခုလို ဖြစ်နေပါတယ်။ မနေ့က ကျွန်တော် အောက်ခန်းထဲကို သွားပါတယ်။ အရမ်းပူတယ်လို့ ကျွန်တော်ထင်လို့ ကျွန်တော် ဟိုးမြေအောက်ခန်းထဲကို သွားခြင်းဘဲဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော် ထိုင်နေပါတယ်။ ကျွန်တော် ကျမ်းစာအုပ်ကို ထုတ်ပြီးတော့ ဖတ်ပါတယ်။ နောက်ပြီး ကျွန်တော် အိပ်ပျော် သွားပါတယ်။ အိပ်ပျော်ပြီး နိုးလာပြီး ရေတစ်ခွက် ထသောက်ပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း လှုပ်ခါကြည့်ပါတယ်။ အပြင်ထွက်ပြီးတော့ ဟိုဟိုဒီဒီ လမ်းလျှောက် သွားကြည့်ပါတယ်။ နောက်ပြီး အပေါ်ကိုကျွန်တော် တက်လိုက်ပါတယ်။

တစ်စုံတစ်ယောက်သောသူ ရောက်လာပြီးတော့ ကျွန်တော့်ကို ဖမ်းဆွဲလိုက်ပါတယ်။ ကျွန်တော်က ရှပ်အင်္ကျီဝတ်မထားပါ ဘူး။ ကျွန်တော် အပေါ်ထပ်မှာဘဲ ထိုင်နေ ပါတယ်။ အရမ်းလည်း ပူအိုက်နေပါတယ်။ သူတို့က လက်ဝှေ့ရမ်းပြပါတယ်။ သူတို့ ဘာကြောင့် ဝှေ့ရမ်းပြလဲဆိုတာ ကျွန်တော် မသိပါဘူး။ ဒီမြို့ထဲက တစ်ယောက်ယောက် ဘဲဖြစ်မှာပါ။ အသင်းတော်က တစ်ယောက်ယောက်လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော့် ကို လက်ဝှေ့ရမ်းပြနေပါတယ်။ ကျွန်တော် စဉ်းစားနေပါတယ်။ နောက်တော့ ကားတစ်စီးကို ကျွန်တော် ကြည့်လိုက်မိပါတယ်။ အဲဒီကားတစ်စီး ဖြတ်သွားတာကို ကျွန်တော် တွေ့တယ်။ နောက်ပြီး ကျွန်တော်ကလည်း ပြန်ပြီးလက်ဝှေ့ရမ်းပြလိုက်ပါတယ်။

7 ၇။ ပြီးခဲ့တဲ့ညက ကျွန်တော်ကားထဲကို ဝင်ပြီးတော့ ချားစ်တောင်းဘက်ကို မောင်းထွက်သွားပါတယ်။ တစ်ခုခု ရမလား ဆိုပြီး ကြိုးစားခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော့်ကို တစ်စုံတစ်ရာ ပြောပြချင်တဲ့ပုံပေါ်နေပါတယ်။ စာတန်က တော့ ကျွန်တော်သွားတဲ့လမ်းကို တန့်နေစေပါတယ်။ ကျွန်တော် ဘုရားသခင်ထံကို မရောက် အောင်တားဆီးနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ဘာစဉ်းစားမိသလဲဆို တော့ သူက အဲဒီလိုလုပ်ပြီး ကျွန်တော် ဆက်ပြီး ကြိုးစားနေမယ်။ ဆက်ပြီးစောင့်နေမယ်။ ကိုယ်တော်ရှင် တံခါးဖွင့်တဲ့အထိ ကျွန်တော် တံခါးကိုခေါက်နေမယ်လို့ စဉ်းစား မိပါတယ်။ လွန်ခဲ့တဲ့ အချိန်အနည်းငယ်အတွင်းက ဒီမနက် (၇)နာရီမထိုးခင် အချိန်က လေးကဘဲ ကျွန်တော် မနက်အစောကြီး အိပ်ယာနိုးခဲ့ပါ တယ်။

မနေ့ညဆိုရင် နည်းနည်းဖျားပါတယ်။ ကျွန်တော် ပြောင်းဖူး နည်းနည်းစား လိုက်မိတဲ့အတွက်ကြောင့် အစာမကြေ ဖြစ်ပါ တယ်။ ရာသီဥတုကလည်း အရမ်းပူနေတဲ့ အတွက်ကြောင့် ကျွန်တော် တစ်နေရာရာမှာ သွားနေမယ်လို့ ကြိုးစားပါတယ်။ ဒီမနက်မှာတော့

(၈)နာရီအချိန်မှာဘဲ ဖြစ်ပါတယ်။ ကျွန်တော် သမ္မာကျမ်းစာကို ကောက်ယူလိုက်ပြီးတော့ ကျွန်တော့် စိတ်နှလုံးကို ထိတွေ့တဲ့အရာဘဲ ဖြစ်နေတဲ့ ကျမ်းစာဖြစ်ပါတယ်။ အဲဒီ ကျမ်းကျမ်းချက်ကို ကျွန်တော် ထပ်ခါထပ်ခါ ပြန်ကြည့်ပါတယ်။ ကျွန်တော့် စိတ်နှလုံးကို တစ်ကယ်ဘဲ ထိတွေ့ပါတယ်။ အဲဒီကျမ်းချက်ကို ကျွန်တော် ဆက်ပြီးဖတ် သွားပါတယ်။ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်အတွင်းက ကျွန်တော်ရခဲ့တဲ့ ကျမ်းပိုဒ်ကလေးဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့အတွက် တရားဟော ချက်တစ်ခု ပေးဘို့ရှိပါတယ်။ ဒီမနက်အတွက်ဘဲ ဖြစ်ပါတယ်။ စာတန်ကတော့ အဲဒီ ကျမ်းချက်ကို တားဆီးနေပါတယ်။ 'စစ္စတာ လားစင်နံ - ကလေးငယ်လေးကို ဒီကို ယူလာပါ။' ကလေးငယ်လေးကို ဘရာသာ ဘရမ်ဟမ်က ဆက်ကပ်လိုက်ပါတယ်။ ဘုရားသခင် ခင်ဗျားတို့နဲ့အတူ ပါရှိပြီးတော့ ခင်ဗျားတို့ကို ကူညီစောင့်ရှောက်ပါစေ။

8 ၈။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ကစပြီးတော့ ကျွန်တော် နှစ်ရက်အချိန်ယူတယ်။ ဝတ်ပြုကိုးကွယ်ခြင်း အစီအစဉ်နှစ်ခုဖြစ်တယ်။ မနက်နဲ့ည ဖြစ်ပါတယ်။ အဲလိုမျိုး နှစ်ချိန်ယူတဲ့အတွက် ခင်ဗျားတို့အတွက် ခက်ခဲမှာ ဖြစ်ပါတယ်။ ကျွန်တော် နားလည်ပါတယ်။ ခင်ဗျားတို့ထဲက တစ်ချို့အဝေးကြီးကနေ လာရပါတယ်။ တစ်နေ့လုံး အလုပ်မလုပ်ဘဲနဲ့ နေရပါတယ်။ ကျွန်တော်တို့ တနင်္ဂနွေ၊ တနင်္လာ တစ်ပါတ်လုံးလုံး ကျွန်တော်တို့ ဒီကနေ ထွက်သွားမယ်ဆိုရင် နောက်အပါတ် တနင်္ဂနွေ ဝတ်ပြုကိုးကွယ်ခြင်းအတွက် ကျွန်တော် ကြော်ငြာပေးပါမယ်။ ကိုယ်တော်ရှင် အလိုတော်နဲ့ညီမယ်ဆိုရင်လည်း ဒီပရိတ်သတ် တွေအားလုံး တစ်ညလုံးနေပြီးတော့ တရားဟောချက်တွေကို နားထောင်မယ်လို့ ကျွန် တော် ထင်ပါတယ်။ ခင်ဗျားတို့ကို ကြည့်တဲ့အခါမှာလည်း လူတွေ မြောက်များစွာဘဲ ရှိနေပါတယ်။ ဒီနေ့ညဆိုရင် ခင်ဗျားတို့ ဘယ်လိုရပါသလဲ¿ ဒီနေ့ညဘဲဝတ်ပြုကိုးကွယ် ခြင်းတွေ လုပ်ရမလား? နောက်အပါတ်မှ လုပ်ကြမှာလား? ခင်ဗျားတို့ လက်ထောင်ကြပါ။ အဲဒါကတော့ နောက်ဆုံးပိတ်ဘဲ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူက နှစ်ခုလုံးဘဲ ပေါင်းလုပ်လိုက်ပါလို့ ပြောပါတယ်။ ဘာပြောသလဲ? နှစ်ချိန်စလုံး လုပ်မယ်လို့ ပြောခြင်းဖြစ်ပါတယ်။ ဘရာသာ ဘန်းဘရိုင်းကတော့ ဒီည နှစ်ခုစလုံးဘဲ တွဲလုပ်လိုက်ပါလို့ ဆိုပါတယ်။ ဘရာသာ ဘရမ်ဟမ်က ရီပါတယ်။

9 ၉။ ကျွန်တော် ဒီသတင်းစကားကို ရပြီးဖြစ်ပါတယ်၊ သိပ်ပြီးရှည်ပါတယ်။ ဒီမနက် အတွက်ဆို ဘယ်လိုပြောရမှန်း မသိပါဘူး။ ကျွန်တော်ကတော့ အသင်းတော်ရဲ့ စည်းကမ်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။ ဒီမှာဆိုရင် ခင်ဗျားတို့ သတိ ထားမိမှာ ဖြစ်ပါတယ်။ ကျွန်တော်က တိတ်ခွေနဲ့ အသံဖမ်းထားပါတယ်။ ဒါကတော့ တိတ်ခွေနဲ့ အသံ ဖမ်းခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နှစ်ချိန်စလုံး ပြန်ရဘို့ ကြိုးစားကြည့်ပါမယ်။ ဒီနေ့ညနဲ့ နောက်အပါတ်တနင်္ဂနွေနေ့ ဘုရားအလို တော်ရှိမယ်ဆိုရင် ကျွန်တော်တို့ ဆက်လက်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီအပါတ်မှာတော့ ဒီသတင်းစကားကိုမရဘူး ဆိုရင် နောက်အပါတ် တနင်္ဂနွေမှာ လာနားထောင်ကြပါ။

ကျွန်တော်က နှစ်ခေါက်ပြန်လာရတာကို ကျွန်တော် မကြိုက်ပါဘူး။ ကျွန်တော် အချိန်နည်းနည်းလေး ပိုပြီးယူလိုက်တာကိုဘဲ သဘောကျပါတယ်။ အချိန်က ကုန်လွန် တာနဲ့အမျှ ကျွန်တော်တို့ ဒီလိုအခွင့်အရေးမျိုးကို ကြာကြာရှည်ရှည် ကျွန်တော်တို့ ရမှာမဟုတ်ပါဘူး။ တစ်စုံတစ်ခုသော အရာကနေရာယူသွားမှာ ဖြစ်ပါတယ်။ ဥပဒေအားဖြင့် ကျွန်တော်တို့ကို တားဆီးတာ တွေ ဖြစ်မယ်။ ဒါမှမဟုတ် စာတန်ကတော့ ကျွန်တော်တို့ကြားထဲမှာ လှုပ်ရှားပြီးတော့ ကျွန်တော်တို့ကို တစ်ကွဲတစ်ပြား ဖြစ်စေမှာ ဖြစ်ပါတယ်။ အမြဲတမ်းဘဲ အဲလိုဘဲ ဖြစ်ခဲ့ပါတယ်။ တစ်ခုခု အစားဝင်လာမယ်။ ဒါ ကြောင့်မို့ ကျွန်တော်တို့ ယခု အတူတကွ ရှိနေတဲ့အချိန်မှာ မိနစ်တိုင်းကို ကျွန်တော်တို့ အလေးထားကြပါစို့။

10 ၁၀။ အခု အိမ်ပြန်ကြရမယ်။ ဒီညဘဲ ပြန်ရမဲ့သူတွေအတွက် ဒီတနင်္ဂနွေနေ့ကတော့ နောက်ဆုံး တနင်္ဂနွေနေ့ဘဲ ဖြစ်နေမှာပါ။ ကျွန်တော် တရားဟောချက်အတိုလေး ပြောချင်ပါတယ်။ ခင်ဗျားတို့ တိတ်နဲ့ဖမ်းထားချင်မယ်ဆိုရင်လည်း ဖမ်းထားနိုင်ပါတယ်။ အဲဒီ တိတ်နဲ့ဖမ်းထားတဲ့ တရားဟောချက်လေးကို ခင်ဗျားတို့အိမ်ကို ပြန်ယူသွား လို့ရပါတယ်။ ကျွန်တော် ဒီည ကိုယ်တော်ရှင် အလိုတော်နဲ့ညီမယ်ဆိုရင် ကျွန်တော်တ ရားဟောမှာ ဖြစ်ပါတယ်။

မနေ့ကတော့ ကျွန်တော် မှတ်စုလေးတစ်ခု ရခဲ့ပါတယ်။ ကျွန်တော် သတိရ သလောက်ကို ကျွန်တော်မှတ်သားထားခြင်းဘဲ ဖြစ်ပါတယ်။ လွန်ခဲ့သောကာလ၊ ကြာခဲ့ တဲ့ကာလကဘဲ ဖြစ်ပါတယ်။ သတင်းစကားနှစ်ခု ရှိပါတယ်။ အဲဒီ သတင်းစကားက တော့ ကြားထဲက အမျိုးအစားဘဲ ဖြစ်ပါတယ်။ တစ်ခုကတော့ ပျက်စီးနေတဲ့ရေကျင်း၊ ပေါက်ပျက်နေတဲ့ရေကျင်း ဖြစ်တယ်။ နောက်တစ်ခုကတော့ လေရဲ့စိုက်ပျိုးခြင်းနဲ့ လေပွေရဲ့ရိတ်သိမ်းခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ဧဝံဂေလိတရား ဟောချက်ဘဲ ဖြစ်ပါတယ်။ ဒီမနက်ကတော့ ကျွန်တော်တို့ သွန်သင်ခြင်း ပြုလုပ်မှာ ဖြစ်ပါတယ်။ ညဘက်ကျရင်တော့ ကျွန်တော်က လေများရဲ့စိုက်ပျိုးခြင်းနဲ့ လေပွေများရဲ့ရိတ်သိမ်းခြင်း အကြောင်းကိုပြောမှာ ဖြစ်ပါတယ်။ ဒါမှ မဟုတ်ရင်လည်း ပေါက်ပျက်နေတဲ့ ရေကျင်း ဆိုတဲ့ခေါင်းစဉ်နဲ့ ကျွန်တော် ဟောပြောမှာ ဖြစ်ပါတယ်။

11 ၁၁။ ဒီမနက် ကျွန်တော်ကတော့ နှုတ်ကပတ်တော်ကနေဖတ်ကြားလိုပါတယ်။ ခင်ဗျားတို့အားလုံး အဆင်ပြေကြရဲ့လား။ အာမင်လို့ ဝတ်ပြုစည်းဝေးမှာ ပြောပါတယ်။ ကောင်းပါတယ်။ ခင်ဗျားတို့ အခုအခါမှာ သမ္မာကျမ်းစာအုပ်တွေ ထုတ်ပြီးတော့ ဟော ရှေအနာဂတ္တိကျမ်းကို ဖွင့်ဖတ်စေလိုပါတယ်။ ခင်ဗျားတို့ထဲက ဆန္ဒရှိတဲ့သူတွေ ဖတ်နိုင် ပါတယ်။ ဟောရှေ အခန်းကြီး ၆ က ကျမ်းပိုဒ်တွေကို ကျွန်တော်တို့ ဖတ်လိုပါတယ်။ကျွန်တော်တို့အားလုံး မတ်တပ်ရပ်ကြပါစို့။

12 ၁၂။ အဖဘုရားသခင် ဒီသမ္မာကျမ်းစာအုပ်ကို ကျွန်တော်တို့လက်ထဲမှာ ကိုင်ဘို့တောင်မှ မထိုက်တန်ပါဘူး။ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ်တော် ကျမ်းချက်တွေထဲမှာ ဘယ်သူမှ ဒီကောင်းကင်အောက်မှာဘဲဖြစ်ဖြစ်၊ မြေကြီး ပေါ်မှာဘဲဖြစ်ဖြစ်၊ မြေကြီးအောက်မှာဘဲဖြစ်ဖြစ် ဒီသမ္မာကျမ်းစာအုပ်ကို ယူဘို့အတွက် မထိုက်တန်ဘူး။ အဲဒီ သမ္မာကျမ်းစာ ကို ကြည့်ဘို့ မထိုက်တန်ဘူးလို့တောင် ရေးထားပါတယ်။ သိုးသူငယ်ကဲ့သို့ သော အသေသတ်ခြင်းခံရသော ကိုယ်တော်ရှင် ရောက်လာပါတယ်။ ကိုယ်တော်က ထိုစာအုပ်ကိုယူတယ်။ ကိုယ်တော်သာလျှင် တံဆိပ်များကို ခွာဘို့ရန်အတွက် ထိုက်တန် ပါတယ်။ ဒီနေ့မနက် ဒီသမ္မာကျမ်းစာထဲမှာရှိတဲ့ အကြောင်းအရာတွေကို ဖေါ်ပြဘို့အ တွက် ကိုယ်တော်ရှင်ကို ကျွန်တော်တို့ မျှော်ကြည့်လျက် ရှိပါတယ်။ ဘာကြောင့်လဲဆို တော့ သမ္မာကျမ်းစာဟာ

ကယ်တင်ခြင်းစာအုပ်ဖြစ်လို့ဘဲ ဖြစ်ပါတယ်။ ကယ်တင်ခြင်းရ သမျှအားလုံး အဲဒီအထဲမှာ ရေးသားဖေါ်ပြထားပါတယ်။ ကျွန်တော်တို့ရဲ့အခြေအနေကို ကျွန်တော်တို့ ဒီနေ့မနက် ရှာဖွေသိရှိကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အခုအသက်ရှင် နေတဲ့အချိန်ကာလကိုဘဲ ဖြစ်ပါတယ်။ သခင်ယေရှုရဲ့နာမ၌ ကျွန်တော်တို့ ဆုတောင်းကြ ပါတယ်။ အာမင်။ (ဟောရှေ ၆း၁-၁၁) 'လာကြ ထာဝရဘုရားထံသို့ ပြန်ကြကုန်အံ့။ ကိုယ်တော်သည် ကိုက်ဖြတ်သော်လည်း ပကတိဖြစ်စေတော်မူမည်။ ဒါဏ်ခတ်သော်လည်း အနာကိုစည်း တော်မူမည်။ နှစ်ရက်လွန်ပြီးမှ ငါတို့ကို အသက်ရှင်စေ၍သုံးရက် မြောက်သောနေ့၌ ပြန်ရှင်စေသဖြင့် အထံတော်၌ငါတို့သည် အသက်ရှင်ကြလိမ့်မည်။ ပညာကိုလည်း ရကြလိမ့်မည်။ ထာဝရဘုရားကို သိခြင်းငှာ လိုက်ရှာကြလိမ့်မည်။ ကိုယ်တော် ထွက်တော်မူခြင်းသည် နံနက်ကဲ့သို့ ဖြစ်လိမ့်မည်။ ကျွန်ုပ်တို့ထံ ရွာသောမိုးပမာ ကိုယ်တော်ကြွလာတော်မူလိမ့်မည်။ မြေပေါ်သို့ရွာသော အဦးမိုးနှင့် နှောင်းမိုးကဲ့သို့ သက်ရောက်တော်မူလိမ့်မည်။ အို ဧဖရိမ် သင့်၌အဘယ်သို့ငါပြုမည်နည်း? အိုယုဒ သင်၌ အဘယ်သို့ငါပြုရမည်နည်း? သင်တို့ ကြည်ညိုသောစိတ်သည် နံနက်မိုးတိမ်ကဲ့သို့၎င်း၊ စောစောပျောက်တတ် သော နှင်းကဲ့သို့၎င်း ဖြစ်မယ်။ ထို့ကြောင့် သူတို့ကို ပရောဖက်များအားဖြင့် ငါသည် အပိုင်းပိုင်းခုတ်ဖြတ်ရပြီ။ ငါ့နှုတ်ထွက် စကားအားဖြင့် သတ်ရ ပြီ၊ ငါ့စီရင်ချက်တို့သည်လည်း ထွန်းလင်းသော အလင်းကဲ့သို့ ဖြစ်ရပြီ။ ယဇ်ပူဇော်ခြင်း အကျင့်ထက် သနားခြင်း ဂရုဏာအကျင့်ကို၎င်း၊ မီးရှို့ရာယဇ်ပူဇော်ခြင်းထက် ဘုရားသခင်နှင့် အကျွမ်းဝင်ခြင်းကို၎င်း ငါနှစ်သက်၏။ သူတို့သည် အာဒံကဲ့သို့ ပဋိညာဉ်ကို လွန်ကျူးကြပြီ။ နေရင်းအရပ်၌ ငါ့သစ္စာကို ဖျက်ကြပြီ။ ဂိလဒ်မြို့သည် အဓမ္မပြုသော နေရာဖြစ်၍ လူ့အသွေးနှင့်စွန်းသော ခြေရာများ၏ ခါးပြအလုံးအရင်းသည် ခရီးသွားသောသူကို ချောင်း၍ကြည့်သကဲ့သို့ ယဇ်ပရောဟိတ်အပေါင်းအသင်းတို့သည် ရှေခင် မြို့သို့သွားသောလမ်း၌ပင် အသက်ကို သတ်တတ်ကြ၏။ အကယ်စင်စစ် အဓမ္မအမှုကို ပြုတတ်ကြ၏။ ကြောက်မက်ဖွယ်သောအမှုကို ဣသရေလအမျိုး၌ ငါမြင်၏။ ထိုအမျိုး၌ ဧဖရိမ်သည် မှားယွင်း တတ်၏။ ဣသရေလသည် ညစ်ညူးခြင်းရှိ၏။ ထိုမှတစ်ပါး အိုယုဒအမျိုး ဖမ်းသွားသောငါ၏ လူတို့ကို ငါဆောင်ခဲ့သောအခါ စပါးရိတ်ရာကာလသည် သင့်အဘို့ ခန့်ထားလျှက်ရှိ၏။'

သခင်ယေရှုဘုရား ကိုယ်တော်ရှင်၏ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဒီနှုတ်ကပတ်တော်ကို ကျွန်တော်တို့သေချာစွာ နားလည်နိုင်ရန်အတွက် ဖော်ပြတော် မူပါ။ ကိုယ်တော်ရှင်ကိုကျွန်တော်တို့မျှော်လင့်စောင့်စားပါတယ်။ သခင်ယေရှုနာမ၌ အာမင်။

13 ၁၃။ ဒီနေ့မနက်ကျွန်တော်တရားဟောခေါင်းစဉ်ကတော့ သင့်ရဲ့ခေတ်ကာလကိုသိရှိပြီး ၎င်း၏သတင်းကိုစကားကို လက်ခံခြင်းဘဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သင်ခန်းစာ ကျွန်တော်တို့သွန်သင်ပေးခဲ့တာကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် တံပိုးများ၏ပွဲတော်ဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ပြန်ပြီး သတိရဖို့ရန်အတွက် ကျွန်တော် ပြောလိုပါတယ်။ ယခု အချိန်ကာလက တော့ ဘုရားသခင်ရဲ့အချိန်ကာလရောက်ပြီဖြစ်တဲ့ ဣသရေလရဲ့အ ချိန်ကာလဘဲဖြစ်ပါတယ်။

ကျွန်တော်တို့ တနင်္ဂနွေ ဥပုဒ်စာပေ သင်ခန်းစာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ပြော ပြလိုပါတယ်။ ခင်ဗျားတို့သိရှိဖို့နဲ့ အချိန်ကာ လကို သိမှတ်ဖို့ဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အချိန်သိပ်မရတော့ဘူး။ အချိန်ကုန်ဆုံးတော့မှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့ အချိန်နာရီကိုကျွန်တော်တို့ သိသင့်ပါတယ်။ ကျွန်တော်တို့ နိမိတ်လက္ခဏာတွေ၊ သတင်းစကားတွေကို ရရှိဖို့လည်း လိုပါ တယ်။

14 ၁၄။ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျွန်တော်တို့ ကျခဲ့တဲ့အကြောင်းအရာကတော့ တံပိုးအကြောင်းဘဲ ဖြစ်ပါတယ်။ နောက်ဆုံး တံပိုးမှုတ်သံ (၇)ခုဘဲ ဖြစ်ပါတယ်။ ကျွန်တော်အထဲမှာ တံဆိပ်များကဲ့သို့ဘဲ ဖြစ်နေပါတယ်။ တံဆိပ်တွေတခုပြီး တခုဖွင့်ခဲ့သလိုဘဲ ကျွန်တော် သတိပြုမိပါတယ်။ အင်မတန် အံ့သြဖွယ်အဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ပါတယ်။

ကျွန်တော်တို့အသင်းတော်(၇)ပါးအကြောင်းကို ဟောပြောတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ်တော် ကိုယ်တိုင်ဆင်းသက်ပြီး တော့ ကျွန်တော်တို့ကို ဖော်ပြသကဲ့ သို့ဘဲ အတိအကျ ဖော်ပြတယ်ဆိုတာကို ကျွန်တော်တို့သိရပါတယ်။ သတင်းစာတွေထဲ မှာ ဖော်ပြတာတွေ တွေ့ရပြီး တနိုင်ငံလုံးကို ပြန်နှံ့သွားပါတယ်။ လနဲ့ကောင်းကင်မှာ ဖော်ပြတာကိုလည်း တွေ့ရပါတယ်။ သက်သေပြခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါတွေမဖြစ် ပျက်မီသတ္တုပတ်ပေါင်းများစွာ ဖော်ပြခဲ့ပါတယ်။ အဲလိုဖြစ်မယ်ဆိုတာ အတိအကျဘဲ ဖော်ပြခြင်းဘဲဖြစ်ပါတယ်။ ယခုအခါမှာ တဲတော်ထဲမှာ သိခွင့်ပေးပါတယ်။ ဒီအချိန်ကာလမှာ ကိုယ်တော်ရှင်က သိစေလိုပါတယ်။ လပေါ်မှာ နေပေါ်မှာ ကိုယ်တော်ရှင် ဖော်ပြပါတယ်။ နိုင်ငံများရဲ့ အခြေအနေကိုလည်း ဒီခေတ်မှာတွေ့ရပါ တယ်။ ကိုယ်တော် ရှင်ကသိစေပါတယ်။ ရောမမြို့ကြီးရဲ့အာဏာရှင်စနစ် ချုပ်ငြိမ်းသွားပြီးနောက် ပါလတိန ကိုပြန်ရောက် သွားပါတယ်။ ပထမဦးဆုံးသူတို့ 'Pope' ခေါ်တွင်တဲ့ ပေတရုကတော့ Pope ဘဲဖြစ်ခဲ့ရပါတယ်။ အဲဒါကအင်မတန်ကြီး မားဆန်းကြယ်လှပါတယ်။

15 ၁၅။ နောက်ပြီး ကျွန်တော်တို့ တံဆိပ်တွေမခွာခင် နက်နဲတဲ့အရာတွေအားလုံး ဖုံးကွယ် ထားတာကို တွေ့ရပါတယ်။ ကျွန်တော်အဲဒါကို ကျောက်သင်ပုန်းပေါ်မှာ ရေးပြတဲ့အခါမှာ ကျွန်တော်ဘာမှမသိပါဘူး။ ခေတ်ကာလအကြောင်း ကျွန်တော် တကယ်မသိဘဲ ရေးဆွဲခဲ့ပါတယ်။ ဘုရားသခင်ကတော့သိပါတယ်။ ယူပါရုံအားဖြင့်ကျွန်တော်ရေးဆွဲခြင်းဘဲ ဖြစ်ပါတယ်။ နောက်ထပ်တစ်နှစ်နဲ့ ခြောက်လကြာတဲ့အခါမှာ အဲဒါတွေအားလုံးကို ကိုယ်တော်ရှင်ကကောင်းကင်မှာ လပေါ်မှာဖော်ပြမယ်။ တနိုင်ငံလုံး သတင်းစာတွေ အားဖြင့်ဖော်ပြမယ်ဆိုတာကျွန်တော်မသိပါဘူး။ လပေါ်လုံးဝအလင်းရောင်မရှိတော့ဘဲ မှောင် မိုက်သွားမယ်ဆိုတာကိုလည်း ကျွန်တော်မသိပါဘူး။ အဲလိုဖြစ်ခြင်းက လောဒိကိ အသင်းတော်ကို ကိုယ်စားပြုခြင်းဘဲ ဖြစ်ပါတယ်။

သတင်းစာတွေထဲမှာကျွန်တော်တို့တွေ့ရသည်မှာ ခေတ်ကာလ (၆)ခုဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လောဒိကိ ခေတ်ကာလကတော့ အမှောင်အမိုက်ထဲ ရောက်သွားလို့ဘဲဖြစ်ပါတယ်။ ဝိညာဉ်ရေးရာကျွန်တော်တို့ခံယူရမဲ့အရာကတော့ ကောင်းကင်မှာ ကိုယ်တော်ရှင် ဖော်ပြသကဲ့သို့ ဖော်ပြပါတယ်။ ကျွန်တော်ဆွဲထားတဲ့ အတိုင်းဘဲ ကွက်လပ်လေးနဲနဲချန် ပြီးဆွဲထားပါတယ်။ ခင်ဗျားတို့တွေ့ရမှာပါ။ အလင်းတန်းလေးနဲနဲ ဖြစ်ပါတယ်။ ရွေးချယ်ခံရတဲ့လူတွေ ဒီကမ္ဘာလောက ကြီးထဲကနေ ခေါ်ဆောင်သွားခြင်း မခံရတဲ့အချိန်လေးဘဲဖြစ်ပါတယ်။ သတ္တမခေတ်ကာလအတွက်ကျွန်တော် ထားထား ရခြင်းဘဲဖြစ်ပါတယ်။ ကောင်းကင်မှာတော့ ဘုရားသခင်က လုံးဝမှောင်မိုက် မဲမှောင်ထားပါတယ်။ အခိပ္ပါယ်တော့ လောဒိကိ ခေတ်ကာလကနေ နောက်ဆုံး တစ်ယောက်ကို

ခေါ်ဆောင်သွားတဲ့ အဓိပ္ပါယ်ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့မသိပါဘူး။ အဲ ဒါနဲ့ပတ်သက်ပြီး တရားဟောချက် ရှိနိုင်ပါတယ်။

16 ၁၆။ ယခုတဖန်ပြန်၍သတိထားကြည့်ပါ။ တံဆိပ် (၇)ခုမတိုင်ခင်အဲဒါပတ်သက်လို့ ကျွန်တော်မှာဘာမှအတွေးမရှိခဲ့ပါဘူး။ ဒီနေ့ ကိုယ်တော်ရှင် ဒီတဲတော်ထဲမှာ အဲဒီအကြောင်းကို ပြောပါတယ်။ အာရီဇိုးနားပြည်နယ်မှာရှိတဲ့ ကျွန်တော်ကို စေလွှတ်ပါ တယ်။ ဘာဖြစ်ပျက်မလဲဆိုတာကိုလည်း ဖော်ပြပါတယ်။ အဲဒါနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သိရှိထားတဲ့လူ တွေလည်း ဒီမှာရှိနေပါတယ်။ ဘာတွေဖြစ်ပျက်မလဲဆိုတာ ကြိုတင်ဖော်ပြထားတဲ့အတိုင်း ဖြစ်ပျက်ခဲ့တာတွေကို တွေ့ခဲ့တဲ့လူ ဘဲဖြစ်ပါတယ်။ ကောင်းကင်တမန် (၇)ပါးရောက်လာမယ်လို့ဆိုထားပါတယ်။ အဲဒီလိုဘဲကျွန်တော်ပြော ပြခဲ့ပါတယ်။ နောက်ပြီးတော့ သတင်းစာတွေထဲမှာ၊ မဂ္ဂဇင်းတွေထဲမှာ တနိုင်ငံလုံးမှာ ပျံ့သွားတဲ့အကြောင်းအရာကတော့ ပိရမစ်ပုံစံ နဲ့ အလင်းတန်း၊ နက်နဲတဲ့ဝိုင်းနေတဲ့ အလင်းတန်းပေါ်ထွက်လာတဲ့အ ကြောင်းဖော်ပြထားတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန် တော် ဒီမှာခင်ဗျားတို့ကို ဆွဲပြသလိုဘဲ၊ ပြသလိုဘဲဖြစ်ပါတယ်။ အဲဒီနေရာကနေက နေပြီးတော့ ကောင်းကင်တမန်တွေ၊ ရပ်နေပါတယ်။ မိုင်ပေါင်း (၃၀) အမြင့်နဲ့အလျား(၂၇) မိုင်ရှိပါတယ်။ ဒါမှမဟုတ်လို့ရှိရင်လည်း (၂၇) မိုင်မြင့်ပြီး မိုင်(၃၀) အလျားရှိမှာ ဖြစ်ပါတယ်။ ကျွန်တော် သေချာမမှတ်တော့ပါဘူး။ အမေရိကန်တနိုင်ငံလုံး တွေ့ရပါတယ်။ အာရီဇိုးနား ပြည်နယ်ရဲ့ တူဇန်မြို့ အလယ်အပေါ်တည့်တည့်မှာ ဖြစ်ပြီးတော့ အဲဒီနေရာမှာဘဲ ဖြစ်ပျက်ခဲ့တယ်။ အဲဒီအချိန်မှာဘဲ ဖြစ်ပျက်ခြင်းဖြစ်ပါတယ်။

17 ၁၇။ သမ္မာကျမ်းစာကိုကြည့်ပါ။ တစုံတစ်ယောက်ကခင်ဗျားတို့ဖတ်ဖို့ ပုံနှိပ်ပေးထား ခြင်းမဟုတ်ပါဘူး။ ဒီခေတ်ရဲ့ဝိညာဉ် ရေးရာ ကျင့်သုံးဘို့အတွက် ခင်ဗျားတို့ကို ဖော်ပြထားခြင်းသာ ဖြစ်ပါတယ်။

နောက်သတင်းစကားတခုကတော့ တံဆိပ်ခုနစ်ခုကိုဖွင့်ပြခြင်းဘဲဖြစ်ပါတယ်။ သမ္မာကျမ်းစာရဲ့နက်နဲတဲ့ အရာတွေအားလုံး ယူပြီး လျှို့ဝှက်ထားတဲ့အရာကို တွေကို ဖွင့်ပြခြင်းဘဲ ဖြစ်ပါတယ်။ ဩဝါဒများအားလုံးလည်း ပါဝင်ပါတယ်။ ဒီနေ့ကမ္ဘာကြီး ပေါ်မှာ အင်မတန်မှ အတိုက်အခံလုပ်ခဲ့ပါတယ်။ အဲဒါမှားတယ်။ ဟိုဟာမှားတယ်။ ဒီဟာမှား တယ်စသည်ဖြင့် အကြီးအကျယ် အတိုက်အခံလုပ်ခြင်း ခံရပါတယ်။

အာရီဇိုးနားပြည်နယ်မှာ မနေ့တနေ့ကဘဲတိတ်ခွေများအမျိုးမျိုး၊ အပိုင်းပိုင်း၊ အပျက်ပျက်ပေါ်ထွက်လာပါတယ်။ ကျွန်တော် မပြောတဲ့ အကြောင်းအရာတိတ်ခွေတွေ လည်းပါတယ်။ အာရီဇိုးနားနဲ့ပတ်သက်လို့ ရတဲ့ယူပါရုံကိုသတိရပါ။ သမ္မာကျမ်းစာက ဆိုထားတဲ့အတိုင်းဘဲ သူလည်ပင်းမှာကျောက်တုံးကိုဆွဲပြီးတော့ ထားတာကပိုကောင်း မယ်လို့ဆိုထားပါတယ်။ နောက်တခု ကတော့ ဘယ်သူဘဲဖြစ်ဖြစ် နှုတ်ကပတ်တော်ထဲက နေအက္ခရာဗိန္ဒုတလုံးကို ထုတ်ယူခြင်း(သို့) ပေါင်းထည့်ခြင်း၊ ပြုလုပ်မယ်ဆိုလို့ရှိရင် အဲဒီလူဟာ တရားဟောဆရာဖြစ်ဖြစ်၊ ဘာဘဲဖြစ်ဖြစ်၊ သူလည်ပင်းမှာ ကြိတ်ဆုံဆွဲပြီးတော့ ပစ်ချခြင်းခံရတာကပို ကောင်းမှာဖြစ်ပါတယ်။ နှုတ်ကပတ်တော်ကို လူတွေက မိမိတို့ရဲ့အနက်ပြန်ဆိုမှု ဖွင့်ဆိုမှုတွေနဲ့ပြုလုပ်ပါတယ်။ နှုတ်ကပတ် တော်ဖော်ပြထားတဲ့အတိုင်း မဖြစ်ဘဲနဲ့ ကိုယ်တော်ရှင် မဖော်ပြထားတဲ့အရာကို သူတို့ကအမျိုးမျိုးပြုလုပ် ကြပါတယ်။ ကျွန်တော် ပြောထားတဲ့စကားအတိုင်းမဟုတ်ဘဲနဲ့ ကျွန်တော်စကားကိုလည်း အမျိုးမျိုးပြုလုပ်ခြင်းဘဲဖြစ်ပါတယ်။ အဲဒါဟာ ကိုယ်တော်ရှင်ရဲ့စကားဘဲဖြစ်ပါ တယ်လို့သူတို့ကပြောကြပါတယ်။ ပေါင်းထည့်ခြင်း(သို့) ထုတ်ယူခြင်းဘဲဖြစ်ပါတယ်။

ယူပါရုံထဲမှာ ပရေဖက်တွေကို တွေ့ရပါတယ်။ အဲဒီပရေဖက်တွေက လေပွေတွေဘဲဖြစ်ပါတယ်။ ခင်ဗျားတို့ကို ကျွန်တော်တို့ ရှင်းပြခဲ့တဲ့အတိုင်းဘဲ လွန်ခဲ့တဲ့တနင်္ဂနွေ နေ့ပေါင်းများစွာက ကျွန်တော်ဖော်ပြခဲ့ပြီး ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအတိုင်းဘဲ ဖြစ်မှာဘဲ ဖြစ်ပါတယ်။ အဲဒါတွေကို ရှောင်ရှားပါ။ ကျွန်တော်အဲဒါတွေကို တိုက်ခိုက် ဖို့ကြိုးစားနေသမျှကာလ ပတ်လုံး ဘုရားသခင်ကို ကျွန်တော် မတိုက်ဖျက်နိုင်ပါဘူး။ သို့သော်လည်း ကိုယ်တော်ရှင် ရှိတဲ့ဟာက ရှိပါစေ။ ကိုယ် တော်ရှင်ကသာ မိမိရဲ့နှုတ်ကပတ်တော်ကို မိမိကြည့်ရှုစောင့်ထိန်းတော်မူမှာဖြစ်ပါတယ်။

18 ၁၈။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ပွဲတော်နေ့များအကြောင်း ပို့ချဟောပြောခဲ့ပါတယ်။ အဲဒါကတော့ ပင်တေကုတ္တေပွဲနေ့ဘဲဖြစ် ပါတယ်။ ပင်တေကုတ္တေပွဲတော်နဲ့ တံပိုးများရဲ့ပွဲတော်ကြားမှာ အချိန်ကာလကွာခြားပါတယ်။ အတိအကျပြောရမယ်ဆိုရင် ရက်ပေါင်း (၅၀) ဖြစ်ပါတယ်။ ပင်တေကုတ္တေရဲ့အဓိပ္ပါယ်ကတော့(၅၀) ဖြစ်ပါတယ်။ အမှိုက်သရိုက်တွေကို ခါပစ်ခြင်း ဘဲဖြစ်ပါတယ်။ ကောက်ရိတ်သိမ်းပြီးနောက် အဦးသီးသောအသီးများကို ယူဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာကိုပြန်ပြီးတော့ တွေ့ရလဲဆိုလို့ရှိရင် သဘာဝအဦးသီးသောအသီးများ အဲဒါက ဘာကိုကိုယ်စား ပြုသလဲဆိုလို့ရှိရင်တော့ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အဦးသီးသောအသီးများကို ကိုယ်စားပြုပါတယ်။ အဲဒီအရာတွေအားလုံးကို လူတွေအပေါ်မှာ သွန်းလောင်းမှာ ဖြစ်ပါတယ်။ နောက် ကျွန်တော်တို့တွေ့ရတဲ့အရာကတော့ ရက်ပေါင်း (၅၀) အတွင်းမှာတပါးအမျိုးသားတွေက အဲဒါကိုရရှိခြင်းဘဲ ဖြစ်ပါတယ်။ တပါးအမျိုးသားတွေထဲကဘုရားသခင်ကရွေးချယ် ခြင်းဖြစ်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ နာမတော်အဖို့ အလိုငှာဖြစ်ပါတယ်။ ပင်တေကုတ္တေပွဲနေ့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပင်တေကုတ္တေပွဲနေ့ ရက်ရှည်လ များ ကျွန်တော်တို့ ဖြတ်သွားရပြီးဖြစ်ပါတယ်။

ရက်ပေါင်း (၅၀) လို့တိတိကျကျရေတွက်ရင် (၇) ပတ်တိတိဖြစ်ပါတယ်။ (ရ)ပတ်သောဥပုဒ်အပတ်များသည်အသင်းတော် ခေတ်ကာလခုနစ်ခုကို ကိုယ်စားပြုပါတယ်။ ထိုအချိန်ကာလကို ပင်တေကုတ္တေပွဲတော်ဟုခေါ်ပါတယ်။ တပါးအမျိုးများကို ကိုယ်တော်ရှင်ရဲ့နာမတော်အတွက် ခေါ်ဆိုသောခေတ်ကာလများပင်ဖြစ်ပါတယ်။ ဥပုဒ် (၇)ပတ်အဆုံးသတ်သောအခါမှာယဇ်ပူဇော်ရာနေ့ဖြစ်ပါတယ်။ထိုနေ့ရက်မှာ တံပိုး (၇)ခုပင်ဖြစ်ပါတယ်။ ထိုတံပိုး(၇)ခုမှာ ဝမ်းနည်းကြေကွဲရသောနေ့ဟု ခေါ်ဆိုပါတယ်။ ယဇ်ပူဇော်ခြင်း ယဇ်ကောင်အတွက် ဝမ်းနည်းပူဆွေးခြင်း ဖြစ်ပါတယ်။ ထိုအရာကို ကျွန်တော်တို့ရှာဖွေတွေ့ ရှိခဲ့ခြင်းမှာ ဣသရေလ၌သာဖြစ်ပါတယ်။ တံပိုး (၇)ခုမှာ ဣသရေလနှင့်သာ သက်ဆိုင်ပါတယ်။

19 ၁၉။ ကိုယ်တော်ရှင်သည် ဘာကြောင့်ကျွန်တော်ကို တံပိုး(၇)ခုအကြောင်း ဟောပြောခွင့် မပေးပါသလဲ။ ကျွန်တော်က ဟော ပြောဖို့ရန်အတွက် အဆင်သင့်ဖြစ်ပါတယ်။ ခန်းမဆောင်လည်း အဆင်သင့်ရှိပါတယ်။ အားလုံးလည်း အဆင်သင့်ရှိပါ တယ်။ တံပိုး(၇)ခု

ဟောပြောဖို့ အဖက်ဖက်က ပြင်ဆင်ပြီးဖြစ်ပါတယ်။ ကျွန်တော်ဘာပြောသလဲဆိုတော့ ကျွန်တော်စိတ်ထဲ မှာ အနှောင့်အယှက်ဖြစ်နေတဲ့ အရာကြီးကြီးမားမား ရှိနေပါတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့အလုပ် လုပ်ပါတယ်။ ဘေလီနဲ့တကွကျွန်တော်တို့အားလုံးဘဲဖြစ်ပါတယ်။ အဆောက်အဦမှာလေအေးစက်တပ်ဆင်နိုင်ဖို့ ကျွန်တော်တို့ အဖက်ဖက်ကနေကြိုးစားကြပါတယ်။ နောက်လာမဲ့အပတ်အတွက်ပြင် ဆင်ခြင်းဖြစ်ပါတယ်။ တံပိုး (၇)ခုအတွက်ဘဲဖြစ်ပါတယ်။၁၀ ရက်သို့မဟုတ် ၈ ရက်လောက်အချိန်ရပါတယ်။ ကျောင်းခန်းမဆောင်ကို အသုံးပြုခွင့်ရပါတယ်။ သို့သော်လည်း သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်ကိုခွင့်မပြုပါ။ အကြောင်းရှိ ပါတယ်။ ဘာကြောင့်လဲဆိုတာကိုလည်း ကျွန်တော်သိချင်ပါတယ်။ ကျွန်တော် ဆုတောင်းတဲ့အခါမှာ ကျွန်တော်ဇနီးသည်ကိုလည်း ကျွန်တော်ပြောပါတယ်။ ကျွန်တော်သွားပြီး အထဲကိုသွားပြီးတော့ ဆုတောင်းမယ်လို့ပြောပါတယ်။ ကျွန်တော်တကယ်ဘဲစိတ်ပါလက် ပါနဲ့ ဘုရားသခင်ရှေ့မှာဒူးထောက်ပြီးတော့တောင်းပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော်ကို ဘယ်လိုဖော်ပြသလဲဆိုတော့ ဆဌမမြောက်တံဆိပ်ရဲ့ လက်အောက်မှာဘဲ တံပိုး (၇)ချက်ကို ဖော်ပြမှာဖြစ်ပါတယ်။ ကျွန်တော်ဟောပြောခဲ့ သည်ဖြစ်ပါ တယ်။ သဘာဝလွန်ကဲနေပါတယ်။ အဲဒါကဘုရားသခင်ရဲ့လက်တော်ဘဲဖြစ်ပါတယ်။ အရာခပ်သိမ်းထို ကဲ့သို့ပင်ဖြစ်ပါတယ်။ အဲဒီအကြောင်းအရာကတော့ ဣသရေလအကြောင်းဘဲ ဖြစ်ပါတယ်။ တံဆိပ်ခုနစ်ခုကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ခင်ဗျားတို့ အားလုံးဒီတရားဟောချက်ကို တွေ့ရပြီဖြစ်ပါတယ်။ ဂျူးတွေကို ဘယ်လိုနှင်းပန်းနှိက် စက်သလဲဆိုတဲ့အ ကြောင်းဘဲ ဖြစ်ပါတယ်။

20 ၂၀။ တပါးအမျိုးတွေရဲ့ ခေတ်ကာလကတော့ ဒီပင်တေကုတ္တေပွဲတော်နေ့ဘဲ ဖြစ်ပါတယ်။ တံပိုးမှုတ်သံတွေကတော့ ဆဌမမြောက်တံဆိပ်ရဲ့အောက်မှာ အားလုံး တွေ့နေရပါတယ်။ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တံပိုးပွဲတော်များနှင့်ပတ်သက်လို့ဘဲဖြစ်ပါတယ်။ ခင်ဗျားတို့အားလုံးလိုချင်တယ်ဆိုလိုရှိရင် ဘာလုပ်ရမလဲ။ ဂျူးတွေကို တ ကမ္ဘာလုံးမှာ ရှိတဲ့ဂျူးတွေအားလုံး ပြန်စေဖို့ဘဲဖြစ်ပါတယ်။ သူတို့အဲဒီကို ရောက်ရမှာဖြစ်ပါတယ်။ တံဆိပ်တွေကိုဖွင့်တဲ့အခါမှာ ဆဌမမြောက်တံဆိပ်ရောက်တဲ့ အခါမှာ တံပိုးမှုတ်သံတွေကြားရမှာဖြစ်ပါတယ်။

သတ္တမမြောက် ကောင်းကင်တမန်ကတော့ သတင်းစကားကတော့ နက်နဲတဲ့တံဆိပ်တွေကို ဖွင့်ပြဖွင့်ဘဲဖြစ်ပါတယ်။ ၁၁ နာရီလောက်အလုပ်လုပ်နေကြတဲ့ တပါးအမျိုးသား အလုပ်သမားတွေကို တန်းတူလုပ်အားခပေးမဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ပထမဦးဆုံးအချိန်ကနေစပြီးတော့ အလုပ်လုပ်ခဲ့တဲ့သူတွေနဲ့အတူတူ ၁၁ နာရီကျမှ အလုပ်ဆင်းတဲ့သူတွေလည်း တန်းတူ အခွင့်အရေး ရရှိပါတယ်။ သခင်ယေရှုက အဲဒီအကြောင်းကို သွန်သင်ခဲ့ပါတယ်။ ကောက်ရိတ်သိမ်းဖို့ရန်အတွက် လူတွေ သွားကြတယ်ဆိုတာ ကိုယ်တော်ရှင် ပြောပါတယ်။ သူတို့ကို ငှားရန်းခြင်းဘဲ ဖြစ်ပါတယ်။ သူတို့မနက်အစော ကြီးထပြီးတော့ သွားတဲ့အခါမှာ တနေ့ကို သူတို့လုပ်အားခ တပဲနိရပါတယ်။ နေ့လည်အချိန် ရောက်တဲ့အခါမှာ တချို့ဝင်လာပြီးအလုပ် လုပ်ကြပါတယ်။ ၁၁ နာရီရောက်တဲ့အခါမှာလည်း နောက်ဆုံးအချိန်ဘဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ရောက်လာတဲ့လူ ကလည်း အလားတူဘဲ လုပ်အားခကို ရပါတယ်။ သူတို့ပထမဦးဆုံး အလုပ်စလုပ်တဲ့လူ တွေနဲ့အတူ နောက်ဆုံး ရောက်လာ တဲ့လူတွေလည်း အတူတူဘဲဖြစ်ပါတယ်။

အဲဒါတိကျမှန်ကန်ပါတယ်။ နှုတ်ကပတ်တော်ကို ပထမဦးဆုံးခေတ်ကာလမှာ သတင်းစကားပြောကြားသူတွေဟာ ဇဝ်ဂေလိ တရား၊ သမ္မာတရားများကို သူတို့ဟော ကြားပါတယ်။ သူတို့ဟာ ပင်တေကုတ္တေနေ့ကျမှ ရောက်လာကြပါတယ်။ အဲဒီအချိန်မှာ မဲမှောင်တဲ့ခေတ်ကာလဖြစ်ပြီးတော့ သူတို့ကို ပိတ်ဆို့ထားပါတယ်။ နေ့လည်ခင်းအချိန် ရောက်တဲ့အခါမှာ လူသာ၊ ဝက်စလီ၊ အားလုံးဝင်ရောက်လာပါတယ်။ အဲဒီအချိန်ကတော့ ညနေခင်း သတင်းစကားပြောကြားတဲ့အ ချိန်ဖြစ်ပါတယ်။ သူတို့အစက လုပ်ခဲ့တဲ့လူတွေနဲ့ဘဲ အတူတူလုပ်အားခ ရကြပါတယ်။ ညနေခင်းသတင်းစကားကတော့ ပြန် လည်ပြီးတော့ နောင်တရဘို့ ပြန်လည်ပြီးတော့ထိုအရာကို ယူဆောင်လာဖို့ ဖြစ်ပါတယ်။

21 ၂၁။ ပြီးခဲ့တဲ့အပတ်က ယူပါရုံကိုသတိရကြပါ။ သတိုးသမီးကြွလာတာဖြစ်ပါတယ်။ ကြိုတင်ပြီးမြင်တွေ့ရခြင်းဘဲဖြစ်ပါတယ်။ သတိုးသမီးငယ်လေး ကြွလာပါတယ်။ ချစ်ဖွယ် ကောင်းတယ်ဆိုတာ ယူပါရုံထဲမှာ တွေ့ရပါတယ်။ ကျွန်တော် အဲဒီအ ကြောင်းကို စဉ်းစားနေခြင်း မဟုတ်ပါဘူး။ အပြင်မှာထွက်ပြီး ငေးပြီး ထိုင်နေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သတိုးသမီး ကြွလာပါတယ်။ ကျွန်တော် ဘေးနားက အသံကိုလည်း ကြားရပါတယ်။ ဒါကတော့သတိုးသမီးရဲ့ ကြိုတင်မြင်ကွင်း ဘဲဖြစ်ပါ တယ်လို့ဆိုပါတယ်။ သတိုးသမီး လာပါတယ်။ ကျွန်တော် သတိထားမိတာကတော့ သူမက အလွန်ချစ်စရာ ကောင်းတယ်။ လှပတယ်။ ငယ်ရွယ်တယ်။ သူမဟာ သူမလျှောက်လှမ်းနိုင်သလောက် တလှမ်းချင်း လျှောက်လာပါတယ်။ ခြေတက်လာခြင်း တော့မဟုတ်ပါဘူး။ အမျိုးသမီးတစ် ယောက် တလှမ်းချင်းလျှောက်လာသကဲ့သို့ အင်မတန်မှမိန်းမပီသပြီးတော့ လမ်း လျှောက်တာလည်း ကြည့်လို့ကောင်းပါတယ်။ သူမဟာ အဲဒီအတိုင်းဘဲ လျှောက်လှမ်း ပါတယ်။ ကျွန်တော်ရဲ့ဘေးနားကို ရောက်လာပါတယ်။ ကျွန်တော်ရဲ့ဘယ်ဖက်ဘေးဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်ကဘာမှမတွေ့ရတော့ဘူး။ ကျွန်တော်မြင်ကွင်း ထဲကသူမပျောက်သွားပါတယ်။

22 ၂၂။ နောက်ပြီးတော့ကိုယ်တော်ရှင်ဟာ ကျွန်တော်ရဲ့ညာဖက်ကို ရောက်လာပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော်ကိုအ သင်းတော်တပါးစီကို ပြပါတယ်။ အသင်းတော်တပါးစီက တခေတ်ပြီးတခေတ် ထွက်လာပါတယ်။ နောက်ဆုံးအသင်းတော်က တော့ နောက်ဆုံးခေတ်ကာလဘဲ ဖြစ်ပါတယ်။ အဲဒီခေတ်ကာလကို ဦးဆောင်လာတာကတော့ စုန်းဘဲဖြစ်ပါတယ်။ စုန်းဖြစ်တဲ့ စုန်းမက အင်မတန်မှကြောက်မက်ဖွယ်ကောင်းအောင်း ဝတ်ဆင်ထားပါတယ်။ အလွန်ညစ်ညူး၍ကြည့်လို့မ ကောင်းပါဘူး။ သူတို့လမ်းလျှောက်တာကလည်း လိမ်လိုက်ကောက်လိုက်၊ ကလိုက်ကွေ့လိုက်နဲ့ ချီတက်လာကြပါတယ်။ အဲဒီအမျိုးသမီးတွေက သူတို့ကိုယ်သူတို့လိမ်ကောက်ကွေးပြီးတော့ ဘာစာရွက်တွေကိုင် ထားသလဲဆိုတော့ အင်မတန် ဟောင်းနွမ်းပြီးတော့သူတော်ကောင်းဟောင်ဆောင်တဲ့ပု ဂ္ဂိုလ်ပုံစံဘဲဖြစ်ပါတယ်။ အရောင်ကတော့မီးခိုးရောင်ဖြစ်တယ်။ မီးခိုးရောင်ကတော့ အဖြူရောင်နဲ့အမဲရောင်ကြားမှာ ကြားကာလဖြစ်ပြီး လှည့်ဖျားတဲ့ အရောင်ဘဲဖြစ်ပါတယ်။ မီးခိုးရောင်က အဖြူလည်း မဟုတ်သလို အမဲလည်း မဟုတ်ပါဘူး။ လှည့်ဖျားတဲ့ အရောင်ဘဲဖြစ်ပါတယ်။ မီးခိုးရောင်စာရွက် တွေကိုင်တယ်။ သူတို့ရှေ့မှာ ကိုင်ထားပါတယ်။

စကက်တိုလေးတွေဝတ်ထားပြီးတော့ စကက်လေးတွေကလည်း ဇာကဲ့သို့ပါးပါး လေးဖြစ်နေ ပါတယ်။ သူတို့ရှေ့မှာ သူတို့ဖုံးအုပ်ထားပါတယ်။ သူတို့ခါးလယ်ထိ လုံးဝအဝတ်ချီးဆီးနီးအထိသားဖြစ်နေပါတယ်။ သူတို့က ချီတက်လာပါတယ်။ အဲဒါကတော့ ခေတ်ကာလဘဲဖြစ်ပါတယ်။ လိမ်ကွေ့ကောက်ပြီးတော့ ဂီတသံစဉ်တွေနဲ့ လျှောက်လာ ခြင်းဘဲဖြစ်ပါတယ်။ အသံကြားရတာကတော့အဲဒါအသင်းတော်ဖြစ်တယ်လို့ဆိုထား ပါတယ်။

အဲဒီအသင်းတော်ကျွန်တော်နားကဖြတ်သွားပြီးတဲ့နောက် ကျွန်တော်ရဲ့ နှလုံးသားဟာ မိန်းမောပြီးမူးဝေပြီးတော့ မေ့မျောလုမ တတ်ဖြစ်သွားပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ ခရစ်တော်ကို သတိုးသမီးအဖြစ်နဲ့ကိုယ်စားပြုဖို့ ကြိုးစားနေ တာလား။ လူတွေက အမျိုးမျိုးကြိုးစားပြီးတော့ အမျိုးမျိုးလုပ်ပြီးတော့ ခရစ်တော်ရဲ့သတိုးသမီး ပုံစံတူအောင် ကြိုးစားကြပါတယ်။ ညစ်ပတ်ပြီးတော့ ညစ်ညူးဖွယ်ပြည်တန်ဆာကဲ့သို့ ပုံစံနဲ့တူတဲ့ ခရစ်တော်ရဲ့သတိုးသမီးဖြစ်နိုင်ပါသလား။ ကျွန်တော်နှလုံးထဲမှာ အရမ်းဘဲခံရခက်ပါတယ်။

23 ၂၃။ သူမကကျွန်တော်ဘေးကဖြတ်လျှောက်သွားပြီးတဲ့နောက် ကျွန်တော်တို့ရပ်နေပါတယ်။ ကျွန်တော်တို့ရပ်နေတဲ့နားမှာ ဘာလာသလဲဆိုတော့ သူမရဲ့ရှေ့မှာ စာရွက်ကို ကိုင်ထားပြီးတော့ တွန့်လိမ်ကောက်ကွေးကခုန်လျက် တဖက်ကနေ တဖက်တဖက်က နေဖက်သူသွားနေပါတယ်။ ဒီခေတ်ဒီကာလမှာ ဒီအကတွေဘဲဖြစ်ပါတယ်။ သူမကို သူမလည်း မတရား သောမေတုန်တွေထဲမှာ ရောက်နေပါတယ်။ ရောက်နေရင်းနဲ့ဘဲသူမ က လှုပ်ပြီးတော့ချီတက်သွားပါတယ်။

ဒီအရာတွေနဲ့ပတ်သက်လို့ ကျွန်တော်မှာ တာဝန်မရှိပါဘူး။ ကျွန်တော်တွေ့တဲ့အရာကို ကျွန်တော်ပြောခြင်းဖြစ်ပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်ရဲ့ တရားသူကြီးဖြစ်ပါတယ်။ အဲဒီအသင်းတော်ကတော့ အမေရိကန်နိုင်ငံရဲ့အသင်းတော် ဘဲဖြစ်ပါတယ်။

သူမဖြတ်သွားပြီးတဲ့နောက် သူမရဲ့နောက်ကျောပြင်မှာ ဘာမှအကာအကွယ်ဖုံး အုပ်ထားခြင်းမရှိဘဲ အဝတ်အချီးဆီးဖြစ် ပါတယ်။ သူမဖြတ်သွားပြီးတဲ့နောက် ကျွန်တော် အရမ်းဘဲမူးဝေပြီးတော့ ပျို့အန်ချင်သလို၊ ဖျားနာချင်သလိုဖြစ်ရပါတယ်။

တဖန်ကိုယ်တော်က ထပ်မံ၍ဆိုပါသည်။ သတိုးသမီးသည် မြင်ကွင်းထဲသို့ကြိုတင် ၍ရောက်ရှိလာအုန်းမယ်လို့ဆို ထားပါ တယ်။ သူမနောက်ကွယ်တွင် သတိုးသမီးရောက် လာပါသည်။ အစကဖြတ်သွားသော သတိုးသမီးနှင့်အလွန်တူသော သတိုးသမီးဖြစ်ပါသည်။ ထိုအခါ ကျွန်တော်ရဲ့စိတ်နှလုံး ဝမ်းမြောက်ခြင်းနှင့် ထ၍ခုန်ပါသည်။ သတိုးသ မီးပြန်လာအုန်းမည် ဆိုသည့် အသိတရားကြောင့်ပင် ဖြစ်ပါသည်။ အစကတည်းက ဖြတ်သွားသော သတိုးသမီးနှင့် အလွန်တူပါသည်။ ထိုအခါ ကျွန်တော်စိတ်နှလုံးထဲမှာ ဝမ်းမြောက်ခြင်းနှင့် ခုန်သွားပါသည်။ သတိုသမီးရှိအုန်းမည်ဟု သိသောအသိစိတ်ကြောင့် ဖြစ်ပါသည်။ သူမသည် အလားတူအရာဘဲ ဖြစ်ပါသည်။ အလားတူဝတ်စားဆင်ယင်ထားပါသည်။ ဟိုးအစသတိုးသမီး ကဲ့သို့ဖြစ်ပါသည်။ သူမအားရွေးချယ်ခြင်းပင်ဖြစ်ပါသည်။ ]

အမှန်တရားဖြစ်ကြောင်း ကျွန်တော်သိပါသည်။ ထိုအရာသည်အမှန်တရား မဖြစ်ပါက ကျွန်တော်အရင်တုန်းက ရခဲ့သမျှ ယူပါရုံတွေ အမှားတွေဘဲ ဖြစ်မှာဖြစ်ပါသည်။ ဘယ်သူဘဲဖြစ်ဖြစ်သိပါသည်။ ကျွန်တော်တို့ကိုပြောပြခဲ့သမျှအရာ တခုမှအမှား မရှိပါ။ အမှန်တရားများသာ ဖြစ်ပါသည်။ တကယ်လည်း ဖြစ်ခဲ့ပါသည်။

သင်သတိပြုမိပါသလား။ ခေတ်ပေါ်အသင်းတော်၏ ညစ်ညူးမှုဖြစ်သည်။ သူမ ကိုယ်သူမအသင်းတော်ဟုခေါ်နေပါသည်။

24 ၂၄။ တစုံတဦးသော သူကတနေ့က ပြောဘူးပါသည်။ အရာသာရယ်ဒယ် သူသည် ကျွန်တော်ရဲ့အလွန်တန်ဖိုးကြီးသော ညီအစ်ကို တစ်ဦးဖြစ်ပါသည်။ နံရံကိုမှီပြီးတော့ ရပ်နေပါသည်။ သူကစပျစ်နွယ်ပင်က တွယ်ကပ်နေသောအပင်ကဲ့သို့မြင်ပါသည်။ တနေ့က လည်းကျွန်တော်တို့ထိုအကြောင်းကို ဆွေးနွေးပါသည်။ ခေတ်ကာလအခြေအနေများ ကြောင့် ဘရာသာရယ်တာက စိတ်ရှုတ်ထွေးနေပါသည်။ ယနေ့အသင်းတော်များထဲမှာရှိတဲ့ အခြေအနေအတွက်လည်း သူကခံစားရပါသည်။ ဝိညာဉ်ရေးရာမှာ သူကကျဆင်းနေသည်ဟု သူကထင်ပါသည်။ နေရာတိုင်းမှာလာသော အမှုတော်ဆောင်များရှိပါသည်။ တွေ့ဆုံသူများလည်း ရှိပါသည်။ သူတို့ကမေးပါသည်။ ဘရာသာဘရာဟမ် ဘာဖြစ်သွားတာလဲ။ ဘာဖြစ်တာလည်းလို့မေးကြပါတယ်။

ဘရာသာရားဒါးကလည်း ကျွန်တော်ကိုမေးခွန်းမေးပါတယ်။ သူတို့ဟာစာတန် ရဲ့ဝိညာဉ်အတိုင်းအသက်ရှင်နေတာလား။ ဒါမှမဟုတ်ဘာလဲလို့မေးကြပါတယ်။

ကျွန်တော်ကဖြေပါတယ်။ ကပ်ပါးပင်ဟာ စပျစ်နွယ်ရဲ့အားကိုယူပြီးတော့ အသက်ရှင်ရခြင်းဘဲဖြစ်ပါတယ်။ သူအသက်ရှင် တာကတော့ ဘာကြောင့်လည်းဆိုတော့ ဒီလိမ္မော်ပင်ဟာ သူဟာအသက်ရှင်သန် နေပါတယ်။ အဲဒီအချိန်မှာ သံပရာပင်နှင့် လည်း တွဲဖက်ပြီးတော့ ပေါက်လို့ရပါတယ်။ ဒါပေမဲ့လည်း လိမ္မော်သီးသီးမှာ မဟုတ်ပါဘူး။ လိမ္မော်ပင်နှင့်တွဲဖက် အသက် ရှင်ရရင်လည်း သံပရာသီးသာသီးမှာ ဖြစ်ပါတယ်။ ကိုင်းကူးပြီးတော့ လိမ္မော်ပင်ကိုင်းပေါ် တွယ်ကပ်ပြီးတော့ အသက်ရှင် ရခြင်းဘဲဖြစ်ပါတယ်ဆိုတဲ့ အကြောင်းကို ကျွန်တော်ရှင်းပြပါတယ်။

အသင်းတော်ဟာလည်း ထိုကဲ့သို့ဘဲဖြစ်ပါတယ်။ တကယ့်ဘာသာရေးအနေနဲ့ နာမည်ခံထားပြီးတော့ ကိုင်းကူးထား ခြင်းဘဲဖြစ်ပါတယ်။ အသင်းတော်ဆိုတဲ့နာမည် ကိုယူထားခြင်းဘဲဖြစ်ပါတယ်။ ကက်သလိပ်နှင့် ပိုစတက်တွေအားလုံးဟာ ကိုင်းကူး ပြီးတော့ ကပ်ပါးကိုင်းတွေဘဲဖြစ်နေပါတယ်။ တကယ်အရင်းအမြစ်ဖြစ်တဲ့ စပျစ်နွယ်ကပင် ခွန်အားရယူထားပါ တယ်။ ဒါပေမဲ့လည်း သူတို့ဟာ သူတို့ရဲ့အပင်တွေရဲ့အသီးကို သာသီးပါတယ်။ ဘာကြောင့်လည်းဆိုတော့သူတို့ဟာ မပြောင်းလဲသေးလို့ဖြစ်ပါတယ်။ သူတို့ဟာမူလအရင်းအမြစ်မဟုတ်ပါဘူး။ ဘုရားသခင်အကြံအစည်အတိုင်းကြိုတင်ကြံ စည်ထားတဲ့အတိုင်းမဖြစ်ပါဘူး။ ဒါကြောင့်မို့လို့သူတို့ဟာ နှုတ်ကပတ်တော်ကိုငြင်းပယ် ရခြင်းဘဲဖြစ်ပါတယ်။ အခြားသီးသော အသီးမျိုးကိုသီးပါတယ်။ တကယ်စစ်မှန်တဲ့အသီးကတော့ အမြစ်ရှိပါတယ်။ အဲဒီအမြစ်က လိမ္မော်ပင်ရဲ့အသီးအမြစ်ဖြစ်လျှင် လိမ္မော် သီးဘဲသီးမှာဖြစ်ပါတယ်။

သခင်ယေရှုမိန့်တော်မူသည့်အတိုင်း ငါသည် စပျစ်နွယ်ပင်ဖြစ်သည်။ သင်တို့သည် အကိုင်းအခက်များဖြစ်တယ် လို့ဆိုထားပါတယ်။

ထိုအပင်သည် အခြားကိုင်းတကိုင်းထွက်လာပြီးတော့ မိမိ၏မူရင်းအသီးသီးမည် ဖြစ်ပါသည်။ ထိုကဲ့သို့ဖြစ်ခြင်းမှာပြန်လည်၍ မူရင်းအတိုင်းဖြစ်ခြင်းပင်ဖြစ်ပါတယ်။ စပျစ်နွယ်ပင်ရဲ့အဆုံးပိုင်းမှာဖြစ်ပါတယ်။ ထိုကဲ့သို့ဖြစ်ရလိမ့်မည်။ ပြန်လည်သင့်မြတ် သည့်အချိန်၊ ညနေအချိန်၊ အလင်းရောင်ပြန်လည်ပေါ်ထွန်းသည့်အချိန်၊ ပြန်လည် မုန်ကန်လာမည့်အချိန်ရောက်ရှိလာ မည်ဖြစ်သည်။ စပျစ်နွယ်ပင်ထဲမှာပင်ပေါ်ထွက် လာမည်ဖြစ်သည်။ ဂိုဏ်းဂဏတခုထဲမှ ပေါ်ထွက်လာခြင်းမဟုတ်ပါ။ စပျစ်နွယ်ပင်ပေါ်မှာ ကိုင်းရှတ်ပင်ပေါက်နေသော ကိုင်းပွားထွက်လာခြင်းမဟုတ်ပါ။ နှုတ်ကပတ်တော်မူရင်းအတိုင်းဘဲဖြစ်ပါ သည်။ ညနေခင်းအချိန်မှာ ပေါ်ထွက်လာမည်ဖြစ်ပါသည်။ ညနေခင်းအချိန်မှာ အလင်းပြန်လည်ပေါ်ထွန်းလာမည်ဖြစ်သည်။ ထိုအလင်းမှာလည်း နှုတ်ကပတ်တော်ကို ဝင်းမှည့်စေမည့်အလင်းဖြစ်ပါသည်။

25 ၂၅။ သမ္မာကျမ်းစာသည် မည်မျှအပြစ်ကင်းစင်သည်ကို ကြည့်ပါ။ နေ့ (သို့) ညခေါ်ရမည့်နေ့ရက်မဟုတ်ပါဘူး။သစ်သီး များသည် နေရောင်ခြည်မှရ၍ မှည့်ဝင်းနေရမည်။ သို့မဟုတ်ပါက သစ်သီးများမမှည့်နိုင်ပါ။ သင်မည်မျှပင်တရားဟောပါစေ။ သင်က ဘာဘဲလုပ်ပါစေမှည့်ဝင်းမည်မဟုတ်ပါ။ ဘယ်တော့မှလည်းဖော်ပြနိုင်မည် မဟုတ်ပါ။ ဘယ်တော့မှလည်း ဖော်ပြလို့ မရပါ။ ကိုယ်တော်ရှင်အားဖြင့်သာ ဖော်ပြနိုင်မည် ဖြစ်ပါသည်။ ကိုယ်တော်က မိမိကိုယ်ကိုမိမိ၌လောက၏ အလင်းဟုဆို ထားပါသည်။ နှုတ်ကပတ်တော်ဖြစ်ပါသည်။ ထို့ကြောင့် သန့်ရှင်းသောဝိညာဉ်တော်ကိုယ်တိုင် တန်ခိုးတော်ကိုယ်တိုင်က မှည့်ဝင်းစေရမည်။ ဖော်ပြစေရမည်။ (သို့) သက်သေခံရမည်။(သို့) ဖွင့်ဆိုရမည်ဖြစ်သည်။ သူဖော်ပြထားသည့်အရာကို သူကသာ ဖော်ပြနိုင်မည်ဖြစ် ပါသည်။ ဒီနေ့ရက်ကာလမှာ ဖြစ်ပျက်မည့်အရာပင်ဖြစ်ပါသည်။ 'ညနေခင်းအလင်း ကထိုကဲ့သို့ဖန်တီးပေးပါသည်။' ထိုကဲ့သို့သော ခေတ်ကာလပင် ဖြစ်ပါသည်။

သတိုးသမီးက သူမအစကပင် ရှိခဲ့စဉ်ကပုံစံမျိုးနှင့် ဖြတ်သွားပါတယ်။ ကျွန်တော်ကတော့ ကြည့်နေပါတယ်။ သူမခြေတ လှမ်းချင်း ထွက်လာတာကို ကြည့်နေပါတယ်။ သူမပြန်ပြီးတော့ ဆွဲဖို့ကြိုးစားပါတယ်။ ကျွန်တော်တို့ အသက်ရှင်နေတဲ့ဒီ ခေတ်ကာလမှာ ဒီအကြောင်းများကို မည်မျှပြောရပါမည်နည်း။

26 ၂၆။ ပရောဖက်ဟောရှေက ဟောရှေ၆း၁မှာ ဖော်ပြထားတာကိုတွေ့ရပါတယ်။သူရဲ့ ဖော်ပြချက်ကတော့ ကိုယ်တော်ရှင်ထံ တော်ပါးကို ပြန်လာဖို့ဘဲဖြစ်ပါတယ်။ သူတို့အားလုံးကွဲပြဲပြီး ပြန့်နှံ့သွားမယ်လို့ဆိုပါတယ်။ သူတို့က ကိုယ်တော်ရှင် ထံတော်ကို ပြန်လာမယ်။ သူတို့ကွဲပြဲပြီးနောက် သူတို့ပြန်လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က သူတို့ကိုပြန် လည်စုစည်းမယ်လို့ ဆိုထားပါတယ်။ ပြန်လာပါ။ ပြန့်နှံ့သွားမယ်ဆိုထားတဲ့စကားလုံးများ ကိုသတိပြုပါ။ ဒုတိယအချက်အနေနဲ့သူတို့အားလုံးဟာ မျက်စိကွယ်သွားပါတယ်။ ဆွဲဖြဲခြင်း၊ ဆုတ်ဖြဲခြင်းကိုခံရပါတယ်။ တကယ်အတိအကျဘဲဖြစ်ခဲ့ပါတယ်။ ကိုယ်တော်ရှင် ကျွန်တော်တို့ကို အနာရောဂါကိုငြိမ်းစေမယ်။ ကျွန်တော်တို့က တလုံးတဝတည်းဖြစ် အောင်ပြန်လည်ပေါင်းစည်း မှာဖြစ်ပါ တယ်။

ယေဇကျေလ ၃၄ မှာကဲ့သို့ဖြစ်ပါတယ်။ ခြောက်သွေ့နေတဲ့အရိုးစုများနှင့် ပြည့်ဝနေတဲ့ ချိုင့်ဝှမ်းဖြစ်ပါတယ်။ ယေဇကျေလ ကတွေ့မြင်ရပါတယ်။ သူတို့တဖန်ပြန် လည်ပြီးတော့ နိုးကြားလာပါတယ်။ ဟောရှေပြောတဲ့အချက်ကိုလည်း သတိပြုပြီးတော့ ကြည့်ပါ။ ၂ရက်လွန်ပြီးနောက် ကိုယ်တော်ရှင်က သူတို့ဆီကိုပြန်လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော်တို့ ကိုပြန်ပြီးတော့ လက်ခံမယ်။ ပြန်ပြီးတော့ နိုးထမှုကိုပေးမှာ ဖြစ်ပါတယ်။ နိုးထမှုရဲ့ အဓိပ္ပါယ်ကတော့ ရှင်ပြန်ထ မြောက်ခြင်း လို့အဓိပ္ပါယ်မရပါဘူး။ နိုးထခြင်းဆိုတာကတော့ ဘယ်နေရာမှာဘဲဖြစ်ဖြစ် အသုံးပြုနေတဲ့စကားလုံးဘဲဖြစ်ပါတယ်။ ကျွန်တော် အဓိပ္ပါယ်ကို ကြည့်တဲ့အခါမှာ နိုးထခြင်းဘဲဖြစ်ပါတယ်။ ၂ ရက်ကြာပြီးနောက် ကိုယ်တော်ရှင်က ကျွန်တော်တို့ကို နိုးထ စေမှာဖြစ်ပါတယ်။ တတိယမြောက်နေ့မှာကျွန် တော်တို့ကိုနိုးထစေမှာဖြစ်ပါတယ်။ သူကျွန်တော်တို့ကို ပြန့်လွင့်စေပြီး နောက်ပိုင်းမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ကျွန်တော်တို့ကို မျက်စိကွယ်စေပါတယ်။ စုတ်ဖြဲပစ်ပါတယ်။

ယုဒလူမျိုးတွေဟာ ကျွန်တော်တို့ မျက်စိအလင်းရစေလို့ဌာအတွက် သူတို့မျက်စိကွယ်ရတဲ့ အဖြစ်ရောက်ပါတယ်။ သူတို့ကို ဆွဲဖြဲစုတ်ဖြဲပစ်လိုက်ပါတယ်။ ပြန့်နှံ့စေပါတယ်။ နိုင်ငံတနိုင်ငံအနေနဲ့ သူတို့ရဲ့မေရှိယကိုငြင်းပယ်ခဲ့ပါတယ်။ ဒါမှသာကျွန်တော် တို့က မေရှိယကိုလက်ခံရရှိမှာ ဖြစ်ပါတယ်။ တပါးအမျိုးသားထဲကနေပြီးတော့ ရွေးနှုတ်တော်မူပြီးတော့ ကိုယ်တော်ရှင်ရဲ့နာမ တော်အတွက်ဘဲဖြစ်ပါတယ်။

27 ၂၇။ ယခုအခါမှာ လူတစ်ယောက်ရောက်လာပါတယ်။ အမျိုးသမီးတစ်ယောက်ကသူရဲ့ နာမည်ကိုလက်ခံပါတယ်။ ဒီမျက်စိကွယ်နေတဲ့တပါးအမျိုးသားတွေဟာ ထိုနာမည်ကို မတွေ့ပါဘူး။ မမြင်နိုင်ပါဘူး။ သခင်ခရစ်တော်တည်းဟူသော နာမတော်ဘဲဖြစ်ပါ တယ်။ ဗိတ္တိဇံခံတဲ့အခါမှာကျွန်တော်တို့ ခံယူရတဲ့နာမတော်ဖြစ်ပါတယ်။ အဲဒါကအလွန် ဆိုးဝါးပါတယ်။ ဒါပေမဲ့လည်း အဲဒီနည်းအတိုင်းဘဲဖြစ်ပါတယ်။ ယုဒလူတွေကတော့ လုံးဝမမြင်ရဘဲ ဖြစ်နေပါတယ်။ တစ်ဦးတည်းသာမြင်ခွင့် ရပါတယ်။ အဲဒီတစ်ဦးကတော့ မြင်တွေ့ရခြင်းအလိုငှာ ကြိုတင်ခွဲခန့်မှတ်သားထားသူဘဲဖြစ်ပါတယ်။ သို့မဟုတ်ပါက သင်ဘယ်လိုမှမြင်နိုင်မှာမဟုတ်ပါဘူး။ ယုဒလူတွေကတော့သူတို့မေရှိယကို မမြင်ရပါဘူး။ သို့သော်လည်းသူတို့ကကျမ်း တတ်ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေဖြစ်နေပါတယ်။ သူတို့ မှာဘွဲ့ဂိုဏ်ထူးတွေနဲ့ ထင်ပေါ်ကျော်ကြားတဲ့သူတွေဖြစ်နေပါတယ်။ သင့်ဖတ်တဲ့သမ္မာ ကျမ်းစာကိုဘဲဖတ်ပါတယ်။ ကျွန်တော်တို့သိမြင်ခွင့်ရပြီးတဲ့အခါမှာ ကျွန်တော်တို့ရှင်း ရှင်းလင်းလင်းဘဲ တွေ့မြင်ရပါတယ်။ အဲဒါတော့မေရှိယဘဲဖြစ်ပါတယ်။ သို့သော်လည်း သူတို့မတွေ့ရပါဘူး။ ဒီနေ့လည်းသူတို့တွေ့မြင်ရမှာ မဟုတ်ပါဘူး။ သူတို့မျက်စိကွယ် ဖို့အတွက်ကို ပရောဖက်ပြုခြင်းခံရပါတယ်။

ဒီနေ့အသင်းတော်ဟာ မျက်စိကွယ်တဲ့အသင်းတော်လို့ ကြိုတင်ပရောဖက်ပြုထားပါတယ်။ ညနေခင်း သတင်းစကားကို လက်

မခံတဲ့သူတွေဖြစ်ပါတယ်။ ဗျာဒိတ် ၃ မှာဖော်ပြ ထားပါတယ်။ သင်ဟာ အဝတ်အချည်းစည်း စိတ်ပျက်ဖွယ် ရွံရှာဖွယ်ဖြစ်တယ် လို့ဆိုထားပါတယ်။ သတိုးသမီး အခြေအနေ၊ ဟိုးတနေ့က အခြေအနေ သတိထားပြီးကြည့်ပါ။ သတိုးသမီး (သို့) အသင်းတော်ဘဲဖြစ်ပါတယ်။ အဝတ်အစည်းချီးရှိခြင်း၊မျက်စိကွယ်ခြင်း၊ဘာမှနားလည်ခြင်းတွေပြည့်နှံနေပါတယ်။ ကိုယ်တော်ရှင် သခင်ယေရှုကကျွန်တော်တို့အပေါ်မှာဂရုဏာထားတော်မူပါ။သူမသည် အဝတ်အချည်းစီးရှိတယ်လို့သမ္မာ ကျမ်းစာကဖော်ပြ ထားပါတယ်။ ယခုထက်တိုင်ထိုအချက်ကို မတွေ့ခဲ့ပါဘူး။ လောဒိ ကိအသင်းတော်က အဝတ်အချည်းစီး ဖြစ်နေပါတယ်။ ဟိုတနေ့ညက သူပေါ်လာတဲ့အခါမှာ သူမဟာ အဝတ်အချည်းစီးဖြစ်တယ်။ ဒါပေမဲ့လည်း သတိမထားမိပါဘူး။ သိလည်း မသိကြပါဘူး။

28 ၂၈။ မည်မျှကျေးဇူးတင်ဖွယ် ကောင်းသလဲ။ ကျွန်တော်တို့ အားလုံးကျေးဇူးတင်ကြတာ အံ့ဩစရာမဟုတ်ပါဘူး။ ဘုရားသခင် ကျွန်တော်တို့အား သိခွင့်ပေးသောအရာများကို ကျွန်တော်တို့ သိခွင့်ရတဲ့အတွက်ကြောင့် ကျေးဇူးတင်ခြင်းမှာ လုံလောက်တယ်လို့တောင် ကျွန်တော်တို့မခံစားမိပါဘူး။

အဝတ်ချီးစည်းရှိခြင်း၊ ယူပါရုံများအရ ကျွန်တော်ကိုဖော်ပြထားသည်မှာ သူမသည် အဝတ်ချီးစည်းနှင့်ဖြစ်ပြီးတော့ ဘာကိုမှမ သိပါဘူး။ မျက်စိကွယ်လျှက်ရှိပါတယ်။ ဣသရေလမှာ မျက်စိကွယ်သောကြောင့် တပါးအမျိုးသားများဝင်ရောက် လာနိုင်ခြင်း ဖြစ်ပါတယ်။ တပါးအမျိုးသားများ မျက်စိကွယ်သည့်အခါမှာ သတိုးသမီးကိုထုတ်ယူနိုင်ပြီး ဣသရေလကလည်း တံပိုးပွဲတော် ကို ခံယူနိုင်မှာဖြစ်ပါတယ်။

(၂)ရက်ကြာသောအခါ ကိုယ်တော်ရှင်က ကျွန်တော်တို့ကို နှိုးကြားစေမှာဖြစ်ပါတယ်။ နှိုးထစေမှာ ဖြစ်ပါတယ်။ ကျွန်တော် တို့အားလုံးကို ဖြစ်ပေါ်စေပြီး ဂျူးများနှင့်အတူ ရှိမှာဖြစ်ပါတယ်။ ဤတံပိုးများအကြောင်းကို ယခုအချိန်မှာ ပြောပြနေခြင်း ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရှေ့တော်မှောက်မှာ ကျွန်တော်တို့ အသက်ရှင်နေမှာဖြစ်ပါတယ်။ ထာဝရအသက်ကိုရနေ မှာဖြစ်ပါတယ်။ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ ကျွန်တော်တို့ ရောက်ရှိနေခြင်း ဖြစ်ပါတယ်။ သမ္မာကျမ်းစာက ဟောရှေ အနာဂတ္တိကျမ်းထဲမှာ ဆိုထားတဲ့အတိုင်းဘဲ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ ကျွန်တော်တို့ အသက်ရှင်နေမှာ ဖြစ်တယ်။ ကိုယ်တော်ရှင် ရှေ့မှောက်မှာ ထာဝရအသက်ရှိနေမှာ ဖြစ်တယ်။ ဒါဟာ ကိုယ်တော်ရှင်ရဲ့အသက်ဘဲဖြစ်တယ်။ ထာဝရအ သက်ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာရှိနေသော အသက်ဘဲဖြစ်ပါတယ်။ လောကအရာများနဲ့မွေ့လျော် နေတဲ့သူမဟာ အသက်ရှင်နေသောလည်း အသေကဲ့သို့ဖြစ်ပါတယ်။ ဣသရေနိုင်ငံကို ဂတိပေးတော်မူတဲ့အတိုင်းပါဘဲ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ အသက်ပြန်လည် ရရှိမှာဖြစ်ပါတယ်။ သူမဟာသေဆုံးပြီးဖြစ်ပါတယ်။ အချက်အ လက်များအတွက် သေဆုံးခြင်း ပင်တေကုတ္တေနေ့အတွက် သေဆုံးခြင်းဘဲ ဖြစ်ပါတယ်။

29 ၂၉။ ယခုသေချာ ဂရုစိုက်၍ကြည့်ပါ။ ၂ ရက်ပြီးသွားသောအခါမှာ အဓိပ္ပါယ်ကတော့ ၂၄ နာရီရှိတဲ့ရက်နှစ်ရက်ကို ဆိုလိုခြင်း မဟုတ်ပါဘူး။ လွန်လေပြီးသော နှစ်ပေါင်းများစွာ ဟိုးလွန်လေပြီးသော ရှိခဲ့ပါတယ်။ အဓိပ္ပါယ်ကတော့ ကိုယ်တော် ရှင်နဲ့အတူ (၂)ရက်လို့ဆိုထားခြင်းဘဲဖြစ်ပါတယ်။နှစ်ပေါင်းနှစ်ထောင်ကြာညောင်းပြီးနောက်ဟု ဆို လိုခြင်းဖြစ်ပါတယ်။ ထိုအချိန်ကစပြီးတော့ ယခုဘယ်လောက် ကြာပြီလဲဆိုတာကို သင်သိပါသလား။ နှစ်ရာပေါင်း ၂၇၀ ဖြစ်ပါတယ်။ ထိုအချိန်က တည်းကစပြီး ရေတွက်ရမှာဖြစ်ပါတယ်။ ဟောရှေရဲ့ခေတ်ကာလက ဘီစီ ၇၈၀ ဖြစ်ပါတယ်။ ယခုအခါမှာ ၁၉၆၄ ခုနှစ်ဖြစ်ပါ တယ်။ နှစ်ပေါင်း ၂၇၀ လောက်ရှိပြီး ဖြစ်ပါတယ်။ သူပြောခဲ့တဲ့ အတိုင်းဘဲ ၂ ရက်လွန်ပြီးတဲ့နောက် တတိယမြောက်နေ့မှာ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကို ပြန်လည်ပြီးတော့ နှိုးကြားစေမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရှေ့တော်မှာ အသက်တာကိုပေး မှာဖြစ်ပါတယ်။ သင်တို့ရဲ့တံပိုးသံများ ဝင်ရောက်လာသောအချိန် ဖြစ်ပါတယ်။ ကျွန်တော်တို့အ သက်ရှင်နေတဲ့အချိန်ဘဲဖြစ်ပါ တယ်။ ကျွန်တော်တို့ အသက်ရှင်နေတဲ့ ခေတ်ကာလဘဲ ဖြစ်ပါတယ်။

30 ၃၀။ သူတို့ဟာ ယခုအခါမှာ ပြန့်နှံ့နေတယ်။ မျက်စိကွယ်နေတယ်။ ပြန်လည်စုသိမ်း ခြင်းခံရပြီးတော့ နောက်ပြီးတော့ တတိယမြောက်နေ့နဲ့ဝေးကွာနေပါတယ်။ သူတို့ဟာ ပါလာတိနကနေ အဝေးကို ပြန်နှံ့ပြီးတော့ ပြန့်နှံ့သွားပါတယ်။ သူတို့ဝိညာဉ်မျက်စိလည်း ကွယ်ပါတယ်။ မေရှိယကိုငြင်းပယ်ကြပါတယ်။ ယခုအခါမှာသူတို့ရဲ့မွေးရက်ဌာနီကို စုသိမ်း ရောက်ရှိလာပြီဖြစ်ပြီတော့ အပြစ်ဖြေရာနေ့အတွက် တံပိုးမှုတ်သံတွေအတွက် သူတို့ကအဆင်သင့်ဖြစ်နေပါပြီ။ သမ္မာကျမ်းစာ ဆိုထားတဲ့အတိုင်းဘဲ သူတို့ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို လက်ခံတဲ့အခါမှာ ကိုယ်တော်ရှင်ကိုတွေ့ရှိပြီးတော့ ကိုယ် တော်ရှင်လက်တွေမှာ ဒဏ်ချက်တွေကို တွေ့မှာဖြစ်ပါတယ်။ အသင်းတော်ကို ရုပ်သိမ်းသွားပြီးတဲ့နောက် သူတို့ဘာပြော မလဲဆိုတော့ ဒီဒဏ်ချက်ရာတွေ ဘယ်ကရသလဲလို့ ကိုယ်တော်ရှင်ကို မေးကြမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က ဘာပြော သလဲဆိုတော့ ငါ့မိတ်ဆွေများရဲ့ အိမ်မှာဖြစ်တယ်လို့ ပြန်ပြောမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကိုယ်တော်ရှင်က ဘာ ပြောမလဲဆိုတော့ သူတို့အားလုံးတသီးတခြားစီကွဲပြားမယ်။ မိသားစုတစုစီဟာ ငိုကြွေးကြမှာဖြစ်ပါတယ်။ သူတို့တပါးတည်း သော တစ်ဦးတည်းသောသားကို ဆုံးရှုံးရသကဲ့သို့ ငိုကြွေးကြမှာဖြစ်ပါတယ်။ တံပိုးများရဲ့ပွဲတော်ကို ပြန်လည်၍သတိရပါ။ ထိုကဲ့သို့ဘဲဖြစ်ပါတယ်။ ဝမ်းနည်းစွာ ငိုကြွေးမြည်တမ်းပါတယ်။ အသေသတ်ခြင်းခံရတဲ့ ယဇ်ကောင်အတွက်ဘဲဖြစ်ပါတယ်။ သူတို့က ကိုယ်တော်ရှင်ကို ငြင်းပယ်တဲ့သူများ ဖြစ်ပါတယ်။

သူတို့ရဲ့မွေးရက်မြေကို သူတို့ပြန်ရောက်နေကြပါပြီ။ သူတို့သည် ကွဲပြန့်ခြင်းခံရတယ်။ ဝိညာဉ်မျက်စိကွယ်တယ်။ ယခုအ ချိန်မှာ ပြန်လည်စုစည်းနေပြီ ဖြစ်ပါတယ်။ အဲဒါတွေ အားလုံးကတော့ တံဆိပ် ၇ ခုအောက်မှာဘဲဖြစ်ပါတယ်။ သူတို့ရဲ့ တံပိုး ၇ ခုဘဲ ဖြစ်ပါတယ်။ တံပိုး ၇ ခုကိုမှုတ်သံကြားတဲ့အခါမှာ သူတို့အားလုံးစုရုံးကြပါတယ်။ ဆဌမ မြောက်တံပိုးသံဘဲဖြစ်ပါ တယ်။ သတ္တမမြောက်တံပိုးသံကတော့ ကြီးမြတ်တဲ့အသံဖြစ် ပြီးတော့ ကျွန်တော်တို့ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က လေ့လာခဲ့ရသ လိုဘဲ ဖြစ်ပါတယ်။ ဆဌမမြောက်တံပိုးမှုတ်သံက ဆဌမမြောက်တံဆိပ်နှင့်အတူ တံပိုးသံကိုကြားရပါတယ်။ ကျွန်ုပ်တို့ရဲ့ ဆဌမမြောက် တံဆိပ်ကိုခွာလိုက်တဲ့အခါမှာ တချိန်ထဲမှာဘဲ အားလုံးအစလိုဘဲ ဖြစ်ပါတယ်။ သူတို့အားလုံးတပြိုင်ထဲမှာ တချိန်ထဲမှာဘဲ အသံကိုကြားရပါတယ်။ ကျွန်တော်တို့ဟာ နှစ်ပေါင်း ၂၀၀၀ ပင်တေကုတ္တေပွဲတော်ကို ခံနေစဉ်ကာလဘဲဖြစ်ပါ တယ်။

31 ၃၁။ ယခုအခါမှာ နှစ်ပေါင်း ၂၇ဂ ရှိသွားပြီဖြစ်ပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူ တဲ့အတိုင်းဘဲ တတိယမြောက်နေ့မှာ ကျွန်တော်တို့တဖန်ပြန်လည်စုစည်းမိမှာဖြစ်ပါ တယ်။ ၂ ရက်တာကြာရှည်သွားပြီးနောက် တတိယမြောက်နေ့ဘဲဖြစ်ပါတယ်။ အဲဒီအ ချိန်မှာ ပြန်လည်စုဝေးပြီးတော့ ကိုယ်တော်ရှင်ရှေ့တော်မှောက်ရှိတဲ့အသက်တာကို ရောက်ရှိမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ဂတိတော်ကိုနားလည်ပါသလား။ ထိုနေ့ရက် ကာလအချိန်ကို နံရံပေါ်မှာ ရေးသားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အသက်ရှင်တဲ့ ခေတ်ကာလကဘယ်လိုကာလဖြစ်နေပြီလဲဆိုတာကျွန်တော်တို့သိမြင်နိုင်ပါတယ်။

ယခုအခါမှာ မိမိတို့မွေးရက်မြေကိုပြန်ရောက်တဲ့အခါမှာ တံပိုးပွဲတော်ကိုစောင့် လျှက်ရှိပါတယ်။ (သို့) အပြစ်ပူဇော်ခြင်းကို အသိအမှတ်ပြုရန် ကိုယ်တော်ရှင် ကြွလာတော်မူခြင်းကို စောင့်ရန်ဘဲဖြစ်ပါတယ်။ ပထမအကြိမ် ကိုယ်တော်ရှင်ရဲ့နှုတ်က ပတ်တော်ကို ငြင်းပယ်ခဲ့သလို သူတို့ယခုအခါမှာ ပြန်လည်ပြီးထိုငြင်းပယ်ခြင်းအတွက် ဝမ်းနည်းပူဆွေးငိုကြွေးကြမှာဖြစ်ပါ တယ်။ သူတို့ကမွေးရပ်မြေကို ထိုကိစ္စအတွက် ပြန်လည်ရောက်ရှိခြင်း ဖြစ်ပါတယ်။ စောင့်စားနေခြင်းဘဲဖြစ်ပါတယ်။ သူတို့အားလုံးဘာ တွေလဲ။ အားလုံးကို စနစ်တကျနဲ့ နေရာတကျနဲ့ ထားရှိထားခြင်းဘဲ ဖြစ်ပါတယ်။

ဧဝံဂေလိသတင်းစကား အမှုတော်ဆောင်တစ်ဦးအနေနဲ့ တခုမှမကျန်တာကို ကျွန်တော်တွေ့မြင်ရပါတယ်။ ဒါပေမဲ့လည်း တခုဘဲကျန်ပါတယ်။ အဲဒါကတော့ သတိုးသမီးကြွလာခြင်းဘဲ ဖြစ်ပါတယ်။ ဒါဘာတွေဖြစ်နေလဲဆိုတာ မမှတ်မိခင်မှာဘဲ သတိုးသမီးကို ချီဆောင်သွားရမှာဖြစ်ပါတယ်။ သူတို့အားလုံးကို ချည်နှောင်ပြီးတော့ ပြန့်ကျဲလိုက်ပါတယ်။ ကျွန်တော်ဆိုလို တာကတော့ သူတို့အားလုံးကို ပြန့်ကျဲလိုက်တယ်။ မျက်စိကွယ်စေတယ်။ ယခုချိန်မှာ ပြန်လည်စုသိမ်းပါတယ်။ ဘာကျန်ဘာသေးသလဲ။ သတိုးသမီးကို ချီဆောင်သွားဖို့ဘဲဖြစ်ပါတယ်။ သတိုးသမီးကိုချီဆောင်သွားဖို့စောင့်စားနေရပါ တယ်။ သူတို့ရဲ့ပရောဖက်များက ဗျာဒိတ် ၁၁ မှာ သူတို့ကိုဘာပြောထားသလဲဆိုတော့ တံပိုးပွဲတော်ကိုလာဖို့ဆင့်ခေါ်ထား ပါတယ်။ သူတို့ဘာလုပ်ခဲ့သလဲဆိုတာသူတို့မှတ်မိ ဖို့ဘဲဖြစ်ပါတယ်။

32 ၃၂။ အဲဒီတံဆိပ်တွေကြားမှာ ဆဋ္ဌမမြောက်တံဆိပ်ကို တွေ့ရပါတယ်။ အဲဒီအခါမှာ ရွေးချယ်ပြီးတော့ ခေါ်ခြင်းခံရမဲ့လူ ၁၄၄ဂဂဂ ရှိပါတယ်။ ဆဋ္ဌမနဲ့သတ္တမကြား ဗျာဒိတ်ကျမ်း ၁၁ ပေါ်ထွက်လာပြီးတော့ ဆဋ္ဌမတံဆိပ်နဲ့အတိအကျဘဲ တလိုင်းထဲဖြစ်နေ ပါတယ်။

ဘာလုပ်ရပါမလဲ။ အဲဒါပတ်သက်ပြီးဘာလုပ်ရမှာလဲ။ အဲဒါကတော့ သက်သေခံ နှစ်ဦး ပေါ်ထွက်လာဖို့ဘဲဖြစ်ပါတယ်။ မောရှေနဲ့ဧလိယတို့ဘဲဖြစ်ပါတယ်။ ယုဒတွေက သူတို့ရဲ့သူတို့ရဲ့ပရောဖက်တွေကို သူတို့ယုံကြည်ပါတယ်။ သူတို့ဟာပရော ဖက်တွေရဲ့ နိမိတ်လက္ခဏာတွေနဲ့ ပေါ်ထွက်လာမှာဖြစ်ပြီတော့ သူတို့ရဲ့အလုပ်ကတော့ပရောဖက်တွေ ရဲ့အလုပ်ဘဲဖြစ်ပါ တယ်။ သူတို့အတိအကျ လုပ်နေကြအတိုင်းဘဲဖြစ်ပါတယ်။ တခုဖော် ပြထားတဲ့အရာကတော့ လူတစ်ယောက်သေသွား ပြီဘဲဖြစ်ဖြစ် သေသွားပြီဘဲဖြစ်ဖြစ် ဒီကမ္ဘာလောကကြီးကနေထွက်ခွာသွားလို့ရှိရင် သင့်ရဲ့ကိုယ်ခန္ဓာသဘာဝကမပြောင်းလဲ ပါဘူး။ သင်ဟာလူလိမ်ဖြစ်နေမယ်ဆိုရင် လူလိမ်ဘဲဖြစ်နေမှာဖြစ်တယ်။ သင်ဟာခေါင်း မာတဲ့လူဖြစ်နေမယ်ဆိုရင် ခေါင်းမာတဲ့လူဘဲ ဆက်လက်ဖြစ်နေအုန်းမှာ ဖြစ်တယ်။ သင်ဟာ သံသယဖြစ်သူဖြစ်ပါကလည်း ဆက်လက်သံသယဖြစ် သူဘဲဖြစ်နေအုန်းမှာပါ။ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ ကျွန်တော်တို့ကိုကျွန်တော်တို့ လှူပ်ခါပြီးတော့ပြန်ပြီးတော့ စစ်ဆေးဖို့ လိုပါတယ်။ ကျွန်တော်တို့ ဘယ်နေရာမှာ ရပ်နေပါသလဲ။ ဘာကြောင့်လဲဆိုတော့ သေခြင်းတရားကတော့ပြောင်းလဲမှာ မဟုတ်လို့ဘဲဖြစ်ပါတယ်။

33 ၃၃။ သူတို့သေဆုံးသွားကြသည်မှာ နှစ်ပေါင်း ၂ဂဂဂ ခန့်မှရှိပါပြီ။ မောရှေဆိုလို့ရှိရင် နှစ်ပေါင်း ၂၅ဂဂ ခန့်ရှိပြီဖြစ်ပါတယ်။ ဧလိယသည်လည်း ထိုနည်းပင်ဖြစ်ပါသည်။ ဧလိယ ချီဆောင်ခြင်းခံရသည်မှာ နှစ်ပေါင်း ၂၅ဂဂရှိပါပြီ။ မောရှေလည်း သူနှင့်အတူတူပင် ဖြစ်ပါတယ်။ သူတို့ပြန်လာတဲ့အခါမှာ ယခင်ကပုံစံအတိုင်း ဖြစ်ပြီးတော့ တချိန်က ပြုလုပ်ခဲ့တဲ့အရာများ ကိုလည်း ဆက်လက်ပြုလုပ်ကြအုန်းမှာ ဖြစ်ပါတယ်။ သေခြင်းတရားက လူတစ်ဦးနှင့်ပတ်သက်လို့ ဘာမှလုပ်ဆောင် မပေး နိုင်ပါဘူး။ သို့သော်လည်း သူနေထိုင်ရာနေရာကိုတော့ ပြောင်းလဲပေးပါတယ်။ သင့်ရဲ့သဘောသဘာဂ သင့်ရဲ့ ကိုယ်ခန္ဓာကို တော့ပြောင်းလဲ မပေးနိုင်ပါဘူး။ သင့်ရဲ့ယုံကြည်ခြင်းကို ပြောင်းလဲမပေး နိုင်ပါ။ သင့်နှင့်ပတ်သက်လို့ဘာမှ ပြောင်းလဲမပေး နိုင်ပါ။ သို့သော်လည်း သင်နေထိုင် နေရာကိုတော့ပြောင်းလဲပေးနိုင်မှာဖြစ်ပါတယ်။

ထိုကြောင့် ဒီမနက်သင့်ရဲ့သဘောသဘာဝဟာ ဘယ်လိုဖြစ်သလဲဆိုတာ မိမိကိုယ် မိမိပြန်လည်ဆန်းစစ်ကြည့်ပါ။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သံသယရှိတယ်ဆိုလို့ရှိရင် သင်ဟာထိုအရာများနှင့်ပတ်သက်၍လည်း သံသယရှိနေမှာဘဲဖြစ်ပါ တယ်။ သင်မည်မျှမြင့်မြတ်ပါစေ။ ဂရုမစိုက်ပါ။ သင်မည်ကဲ့သို့နေထိုင်တယ်။ သင်အသက်ရှင် နေထိုင်တာကောင်းမွန်တာ သင့်ကိုသေဆုံးဖို့အတွက် ဘယ်လိုမျှဘယ်လဲ ပေးတော့မှာမဟုတ်ဘူး။ သင့်ရဲ့ကိုယ်ခန္ဓာသာလျှင် ပြောင်းလဲမှာမဟုတ်ဘူး။ သင်နေထိုင်တဲ့နေရာသာလျှင် ပြောင်းလဲမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုအားလုံး မယုံကြည်ဘူးဆို လို့ရှိရင် သူရေးထားတဲ့အတိုင်း အရှိကိုအရှိတိုင်း မယုံကြည်ဘူးဆိုလို့ရှိရင် သင့်အနေနဲ့ဘယ်လိုမှလုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် သင်မစိုးရိမ်ပါနှင့်။ သင်ထို နေရာကိုရောက်မှာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို အရှိအရှိတိုင်း အပြည့်အဝ ယုံကြည်လက်ခံရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင် နှုတ်ကပတ်တော်ဖော်ပြ ထားတဲ့အတိုင်း သူရှိတဲ့အတိုင်း အရှိအတိုင်းယုံကြည်လက်ခံမှသာ သင်ဟာ နှုတ်ကပတ်တော်ရဲ့ တစိတ်တဒေသဖြစ်လာမှာဖြစ်ပါတယ်။ သူရဲ့နှုတ်ကပတ် တော်သာလျှင် သူကို ရှင်ပြန်ထမြောက်စေပါတယ်။ သူရဲ့နှုတ်ကပတ်တော်အတိုင်းသူဟာ အီစတာမနက်မှာ ရှင်ပြန်ထ မြောက်ခဲ့ပါတယ်။ ပထမဦးဆုံး အီစတာနံနက်ခင်းကတော့ ရှင်ပြန်ထမြောက်တဲ့နံနက်ခင်းဘဲဖြစ်ပါတယ်။ သူရဲ့နှုတ်ကပတ် တော်ရောက်လာပါတယ်။ သူရဲ့နှုတ်ကပတ်တော်၌ သေဆုံးတဲ့သူ သူရဲ့နှုတ်ကပတ်တော်ကိုယုံကြည်တဲ့သူကို သူရဲ့နှုတ် ကပတ်တော်ကို သူကဖော်ပြပါတယ်။

34 ၃၄။ အဲဒါနှစ်ပေါင်း (၂၇ဂဂ) ကျော်လွန်ခဲ့ပါပြီ။ သူတို့အားလုံးနေရာ အနှံ့ပျံ့နှံ့သွားပါတယ်။ သူတို့မျက်စိတွေလည်း ကွယ်ကြရပါတယ်။ ဒါပေမဲ့လည်း ယခုအခါမှာ သူတို့ အားလုံး စုဝေးပြီးတနေရာထဲကိုရောက်ရှိသွားပါတယ်။ သူတို့နောက် တခုရရှိရမည့် အရာကတော့ အသက်တာကို ရရှိဖို့ဘဲဖြစ်ပါတယ်။

တပါးအမျိုးသားတွေကို ရွေးချယ်ပြီး ခေါ်ထုတ်ခဲ့ပါတယ်။ သတိုးသမီးကလည်း အဆင်သင့်ဖြစ်ပါပြီ။ ချီဆောင်ခြင်းကလည်း ရောက်လာတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဲဒါကို သတိပြုမိပါသလား။ အဲဒါကို တကယ်ဘဲ ယုံကြည်ပါသလား။ ပုံပြင် အနေနဲ့ နားထောင်ကောင်းအောင် ပြောတာသက်သက်လို့ ထင်မှတ်ပါသလား။ ဒဏ္ဍာရီ စကားဘဲဆိုပြီးတော့ ခံယူပါသလား။ တကယ်ဖြစ်နိုင်မည့်အရာ ဖြစ်တယ်လို့ ထင်ပါသလား။ ကျွန်တော်တို့အနေနဲ့ အပြင်ပန်းကကြည့်ရင် တကယ်ဘဲ မယုံကြည် နိုင်သောအရာ ဖြစ်ပါသလား။ တကယ်ယုံကြည်နိုင်တဲ့အရာ ဖြစ်ပါသလား။ ကျွန်တော်တို့ရဲ့အထဲမှာ ရှိတဲ့ ကျွန်တော် တို့ရဲ့ကိုယ်ခန္ဓာကိုယ်ထဲက ကျွန်တော်တို့အသက်တာထဲမှာ ရှိတဲ့အရာထက် ပိုပြီးတော့သာလွန်ပါတယ်။ ဘယ်လိုသ ဘောထားမျိုး ကျွန်တော်တို့မှာ ရှိပါသလဲ။ ဒီမနက်ဒီတဲတော်တဲတော်ထဲမှာ ကျွန်တော်တို့ရဲ့စိတ်နေသဘော ထားဘယ်လိုရှိပါ သလဲ။ အင်မတန်မှ နည်းတဲ့သိုးစုငယ်ကလေးကသာ နှုတ်ကပတ်တော်ကို လက်ခံမှာဖြစ်ပါ တယ်။

အိမ်ပြန်ရောက်တဲ့အခါမှာ မိမိတို့ရဲ့မွေးဌာနီမှာ ပြန်ပြီးတော့ တံပိုးမှုတ်သံတွေကို စောင့်မျှော်နေကြပါတယ်။ ဘာကိုစောင့်မျှော် နေသလဲဆိုတော့ သတိုးသမီးငယ်ကလေး ရောက်လာတော့မယ်ဆိုတာ စောင့်မျှော်နေခြင်းဘဲ ဖြစ်ပါတယ်။ ဗျာဒိတ်ကျမ်း ၁၁ ပြည့်စုံစေနိုင်ဖို့ဘဲ ဖြစ်ပါတယ်။ အသင်းတော်ရဲ့ခေတ်ကာလက တဖြည်းဖြည်းနဲ့ တိုတောင်းလာပါတယ်။ တံဆိပ်တွေကိုလည်း ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ အသင်းတော် ခေတ်ကာလမှာ သူတို့ကျန်ခဲ့တယ်ဆိုတာကို သက်သေပြခြင်းဘဲဖြစ်ပါတယ်။ သတင်း စကားကိုလည်း ပေးခဲ့ပြီးဖြစ်ပါတယ်။ ဣသရေနိုင်ငံကိုမြင်ကွင်းမှာ မြင်ရပါတယ်။ ဟာလေလုယာ။ ဣသရေလနိုင်ငံဟာ တံပိုးပွဲတော်အတွက် အဆင်သင့်ဖြစ်နေပါပြီ။

35 ၃၅။ တခြားနယ်မြေဒေသတွေ ရောက်နေတဲ့သူတွေ ဒီတိတ်ခွေထဲက သတင်းစကားအကြောင်း အရာတွေကြားနာ ရတဲ့အခါမှာ ခင်ဗျားတို့ နိုးထမလာဘူးလား။ ညီအစ်ကို့ ဒါမှမဟုတ်ခင်ဗျားတို့အတွက်မျက်စိကွယ်စရာဖြစ်နေသလား။ ဒါကိုခင်ဗျားတို့က ပစ်ပယ်ပစ်လိုက်ပြီးတော့ မှားယွင်းတဲ့ပရောဖက်ပြုချက်လို့ခေါ်ဆိုမှာလား။ ခင်ဗျားတို့ရှေ့မှာ မှန်မှန်ကန် ကန် ဖော်ပြတဲ့အခါမှာ ဒီကမ္ဘာလောကကြီးကို ကြည့်မယ်ဆိုရင် အချိန်တန်ရင်လူတွေအားလုံး သန့်ရှင်းသောဝိညာဉ်တော် အားဖြင့် ရေးသားတဲ့သူတွေဘဲဖြစ်တယ်။ ကြိုတင်ဖော်ပြထားပြီး ဖြစ်ပါတယ်။ သဘာဝကျကျလည်း ရှိတယ်။ ဝိညာဉ်ရေး ရာအရ ရုပ်ပိုင်းဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်းတွေအရလည်း ဖြစ်ပါတယ်။ အရာခပ်သိမ်းကို ကြည့်မယ်ဆိုလို့ရှိရင် ကိုယ်တော်ရှင် ဖော်ပြထားတဲ့အတိုင်း ပြည့်စုံနေပြီဆိုတာသက်သေ ပြနေပါတယ်။

ဣသရေလနိုင်ငံဟာ သူရဲ့မွေးရပ်မြေကိုသူပြန်ရောက်နေပါပြီ။ သူတို့အားလုံးသူတို့ နိုင်ငံကိုသူတို့ပြန်ရောက်ပါတယ်။ အဲဒီမှာ သူတို့အုပ်စုလိုက်ဖွဲ့ပြီးတော့ သိုးတွေကဲ့သို့ သူတို့စုရုံးပြီးနေထိုင်ကြပါတယ်။ ဝံပုလွေတွေသူတို့နောက်ကလိုက်လာတယ်။ သူတို့ကို လုံခြုံရာနေရာကို ပို့ဆောင်ပြီးတော့ သူတို့ရဲ့နယ်မြေမှာဘဲ သူတို့ရှိနေပါတယ်။ ဣသရေနိုင်ငံကတော့ သူမရဲ့နိုင်ငံ ထဲမှာ ပြန်ရောက်နေတဲ့အခါမှာ ကောင်းကြီးခံစားရမယ်လို့ ဆိုထားပါတယ်။ ဣသရေလကိုကောင်းကြီးပေးတဲ့အခါမှာ ပြင်ပ ရောက်နေတဲ့အခါမှာ ဘုရားသခင်ကောင်းကြီးပေးခြင်း မဟုတ်ဘဲ သူမွေးရပ်မြေပြန်ရောက်တဲ့အခါမှာ ကောင်းကြီးပေးခြင်း ဘဲဖြစ်ပါတယ်။ အာဗြဟံထွက်သွားပါတယ်။ အဲဒီအခါမှာသူ ကောင်းကြီးမခံစားရဘဲ ကျိန်ခြင်းခံရပါတယ်။ အဲဒီနယ်မြေချစ်တဲ့ လူတိုင်းပြင်ပရောက် ရင်ကောင်းကြီးမခံစားရပါဘူး။ ဘုရားသခင်ကဣသရေလကို ဘယ်လိုကောင်းကြီးပေး သလဲဆိုတော့ သူရဲ့မွေးရပ်မြေမှာ သူရှိနေတဲ့အချိန်မှာဘဲ ကောင်းကြီးပေးပါတယ်။ သူဟာမွေးရပ်မြေမှာ နိုင်ငံတနိုင်ငံအနေနဲ့ ယခုအခါမှာ ရှိနေပြီဖြစ်ပါတယ်။ အဲဒီအခါမှာ အသင်းတော်ကို ချီဆောင်သွားမှာဖြစ်ပါတယ်။ အသင်းတော်ကလည်း ချီဆောင် ခြင်းခံရဖို့ စောင့်နေပါတယ်။ သတိုးသမီးကိုခေါ်ထုတ်ခြင်းဘဲဖြစ်ပါတယ်။

တံဆိပ်တွေကို ဖွင့်လိုက်ပါတယ်။ ကျွန်တော်တို့ကို ဖော်ပြခဲ့ပြီး ဖြစ်ပါတယ်။ တံဆိပ်ဖွင့်လိုက်တဲ့အခါမှာ ဘာတွေဖြစ်လာ မှာလဲဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ခင်ဗျားတို့အနေနဲ့အတိုက်အခံပြောချင်တယ်။ ရှုပ်ထွေးချင်တယ်။ ဒီမြွေရဲ့မျိုးစေ့ ပတ်သက်လို့သော်လည်းကောင်း၊ ရေဗတ္တိဇံနှင့်သော်လည်းကောင်း၊ ခင်ဗျားတို့အနေနဲ့မသိဘဲ ဝိညာဉ်မျက်စိကွယ် နေခြင်းဘဲ ဖြစ်ပါတယ်။ ဒီလောကရဲ့ဘုရားက သင့်တို့ရဲ့ဝိညာဉ် မျက်စိကိုကွယ်စေပါတယ်။ နှုတ်ကပတ်တော်ကို သင်တို့မတွေ့ဘူး၊ မသိဘူး၊ မမြင်ကြပါဘူး။ ဒီနေ့ မနက်မှာ ဆိုလို့ရှိရင် အင်မတန်မှ ဖိအားပေးပြီးတော့ ကျွန်တော်ဝိညာဉ် တိုက်ပွဲဝင်ရပါတယ်။

သူတို့ရဲ့ပရောဖက်တွေအားလုံးဟာ ဒီနောက်ဆုံးသောကာလမှာ ဖော်ပြခြင်းခံရပါတယ်။ သူတို့ဘာမှမလုပ်နိုင်ပါဘူး။ တံပိုးပွဲ တော် တံပိုးပွဲတော်အတွက် ဘာမှတတ် နိုင်မှာမဟုတ်ပါဘူး။

36 ၃၆။ ပရောဖက်ဟောရှေအားဖြင့် ဘုရားသခင်မိန့်တော်မူတဲ့အရာကတော့ ထိုကြောင့် သူတို့ကို ပရောဖက်များအားဖြင့် ငါသည်အပိုင်းပိုင်းခုတ်ဖြတ်ရပြီး ငါနှုတ်ထွက်စကား အားဖြင့်သတ်ရပြီဟု ရေးထားသည်ကိုတွေ့ရပါသည်။ တနည်းအားဖြင့် ဆိုလို့ရှိရင် ပရောဖက်များအားဖြင့် အပိုင်းပိုင်းခုတ်ဖြတ်ခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်က သူရဲ့လူမျိုးတော်တွေကို တခြားနိုင်ငံများနှင့် ဆက်သွယ်မှုမရှိဘဲ ခုတ်ဖြတ်လိုက်ခြင်းပင်ဖြစ်ပါသည်။ ဘာနှင့် ခုတ်ဖြတ်ပါသနည်း။ သူ၏နှုတ်ကပတ် တော်တည်းဟူသော ဝိညာဉ်တော်ဒါး ဖြင့်ဖြစ်ပါသည်။ သူတို့အားခုတ်ဖြတ်လိုက်ပါသည်။ သူ၏နိုင်ငံကိုအခြားသောနိုင်ငံများ မှ ခုတ်ဖြတ်လိုက်ခြင်းပင်ဖြစ်ပါသည်။ ပရောဖက်များအားဖြင့်သူဖော်ပြထားသော အရာများဖြစ်ပါသည်။

ကိုယ်တော်ရှင်သည် သူ၏သတိုးသမီးကိုလည်း ဂိုဏ်းဂဏများမှ ခုတ်ဖြတ်ထားပါသည်။ သူရဲ့နှုတ်ကပတ်တော်အားဖြင့် ခုတ်ဖြတ်ထားပါသည်။ မာလခိ ၄တွင် ဂတိတော်ထားသည့်အတိုင်း နောက်ဆုံးသောနေ့ရက်ကာလမှာ ပြုလုပ်မည်ဖြစ်ပါ သည်။ သူ၏သတိုးသမီးကို ခုတ်ဖြတ်ထားပါသည်။ အခြားသောအသင်းတော်များနှင့်အဆက် အသွယ်မရှိဘဲ ဖြတ်တောက် ထားခြင်းဖြစ်ပါသည်။ သူ၏သတိုးသမီးကို ခုတ်ဖြတ်ထားခြင်းပင် ဖြစ်ပါသည်။

37 ၃၇။ ကိုယ်တော်ရှင်က သူ၏ပရောဖက်များကို အသုံးပြုပြီးတော့ သူ၏ပရောဖက်များအားဖြင့် ဣသရေလနိုင်ငံကို ခုတ်ဖြတ်ထားပါသည်။

သင့်ကိုသင်သူတို့နှင့် ဆက်သွယ်မလုပ်ဘဲ သီးခြားပိုင်းခြား၍ ထားပါဟုဆိုထားပါသည်။ အခြားသော သူကဲ့သို့သူတို့ဘယ်လိုလိုလားသလဲဆိုတာကို ကြည့်ပါ။ သူတို့ပရောဖက် ရှာမွေလဆီလာပြီးတော့ သူ ကလည်းမေးပါတယ်။ မင်းတို့ပိုက်ဆံကို ငါယူသလား။ ဘုရားသခင်ရဲ့နာမ၌ မင်းတို့အကြောင်းကို ငါတခုခုပြောသလား။

နောက်ပြီးတော့ ဘာဖြစ်သလဲ။ စသည်ဖြင့် ပြန်မေးပါသည်။ သူတို့ကလည်း ဟုတ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ရှင်ဘုရင်တစ်ယောက်ကို လိုလားဆဲဘဲလို့ ဆိုကြပါတယ်။

ထိုနည်းအတိုင်းဘဲ အသင်းတော်များက ပြုလုပ်ကြပါတယ်။ ကျွန်တော်တို့ နှုတ်ကပတ်တော်ကို ယုံကြည်ပါတယ်။ အဲဒါဘာမှ မဖြစ်ပါဘူး။ ဒါပေမဲ့လည်း သူတို့ကကျွန်တော် ဒါလုပ်သင့်တယ်။ ပြောပါတယ်လို့ဆိုပါတယ်။ သူတို့ဘာပြောပြော ကျွန်တော် ဂရုမစိုက်ပါဘူး။ နှုတ်ကပတ်တော်ကသာ မှန်ကန်ပါတယ်။

စောင့်စားပါ။ သူတို့အားလုံးကို ပရော ဖက်များဖြင့် ခုတ်ဖြတ်ပစ်လိုက်ပါတယ်။

ဘယ်အချိန်ရောက်ပြီလဲ ညီအစ်တို့၊ ဘယ်အချိန်ရောက်ပြီလဲအမှုတော်ဆောင်တို့၊ ခင်ဗျားတို့နေ့ရက်ကာလရဲ့အချိန်ကို သိနေကြပါသလား။ ခင်ဗျားတို့ ယခုအသက်ရှင် နေထိုင်နေတဲ့ အချိန်ကာလရဲ့နမိတ်လက္ခဏာတွေကို သိကြပါသလား။ နားလည်နိုင် ကြပါသလား။ သဘောပေါက်ပါသလား။

38 ၃၈။ ဘယ်နေရာမှာဖြစ်ဖြစ် ဘယ်နေရာမှ ကျွန်တော်တို့နိုးထမှုကိုမတွေ့ရတော့ဘူး။ လူတိုင်းကငြင်းထွားနေပါတယ်။ အမှုတော်ဆောင်တွေလည်း ငိုကြွေးနေကြပါတယ်။ ကျွန်တော်ကသတင်းစာတစ်စောင်၊ နာမည်ကြီးသတင်းစာတစ်စောင်ကို ဖတ်မိပါတယ်။ အဲဒီသတင်းစာကတော့ ကျွန်တော်တို့ နေ့တိုင်းကျွန်တော်တို့ရရှိတဲ့ သတင်းစာဖြစ်ပြီးတော့ အင်မတန် ကောင်းတဲ့သတင်းစာတစ်စောင်ဘဲဖြစ်ပါတယ်။ အယ်ဒီတာနဲ့လည်း ကျွန်တော်သိပါတယ်။ သူတို့ရဲ့အလုပ်သမားတွေကို လည်း သိပါတယ်။ သူတို့အားလုံးဟာ ဘုရားတရားကြည်ညိုတဲ့ သူတွေဘဲဖြစ်ပါတယ်။ ဘာရာသာနဲ့ စစ်စတာမိုးတို့ရဲ့ 'Herald of His Voming' သတင်းစာဘဲဖြစ်ပါတယ်။ သာသနာကွင်းမှာဆို ရင်တော့ အကောင်းဆုံးသတင်းစာဘဲဖြစ်တယ်။ 'Herald of His Voming' ဖြစ်ပါတယ်။ဒါပေမဲ့ လည်းသူတို့ဆက်လက်ပြီးပုံနှိပ်ထုတ်ဝေတဲ့အခါမှာ မြန်မြန်လုပ်ပါ။ ဆုတောင်းပါ။ မြန် မြန်လုပ်ပါ။ ဆိုပြီးတော့သူတို့လုပ်ကြပါတယ်။ တံပိုးသံကိုကြားရတော့မယ်ဆိုပြီးတော့ သူတို့ကမြန်မြန်လုပ်နေကြပါတယ်။ ဘယ်နှယ်ယောက်အဲဒါကိုဖတ်ကြပါသလဲ။ တချိန် လုံးဘဲ သူတို့ကမြန်မြန်လုပ်ပါ။ ဆုတောင်းပါလို့ဘဲ ဆိုနေပါတယ်။ အဲဒါတွေအားလုံးကို ခင်ဗျားတို့ကြားရမှာဖြစ်ပါတယ်။ မြန်မြန်လုပ်ပါ။ ဆုတောင်းပါ။ ကျွန်တော်တို့နေ့ရက် ကာလကြီးတခု ရောက်လာတော့မယ်။ တခုခုကြီးကြီးမားမား ဖြစ်ပျက်တော့မယ်။ ခင်ဗျားတို့အားလုံးဆုတောင်းကြပါ။ ကျွန်တော်တို့ ယခု ထက်ထိနောက်မကျသေးပါဘူးလို့ ဆိုထားခြင်းဘဲဖြစ်ပါတယ်။

သူတို့ဘာကြောင့်ထိုသို့ပြုလုပ်ရပါသလဲ။ အကြီးအကျယ်နိုးထမှုကြီးရစေချင်လို့ဖြစ် ဖြစ်ပါတယ်။ သူတို့ဟစ်အော်လျက် ယုံကြည်သည့်အရာမှာ ကြီးမားသောနိုးထမှုဖြစ်လာ ဖို့ဘဲဖြစ်ပါတယ်။ သူတို့ကလူကောင်းတွေဘဲဖြစ်ပါတယ်။ ဘာကြောင့် သူတို့ထိုကဲ့သို့ ပြုလုပ်ရပါလဲ။ သတိုးသမီးရဲ့နိုးထမှုကို သူတို့မသိသေးလို့ဘဲဖြစ်ပါတယ်။ အသိအမှတ် မပြုခြင်းဘဲဖြစ်ပါတယ်။ ခရစ်ယာန်ဖြစ်ခြင်းအားဖြင့် အချိန်ကာလနီးကပ်လာပြီ ဆိုတာကို ဘယ်လိုခံစားရပါသလဲ။ သို့သော်လည်း သူတို့ဘာဖြစ်ခဲ့ သလဲဆိုတာကိုတော့ သူတို့ အသိအမှတ်မပြုကြပါဘူး။ ထိုအကြောင်းကြောင့် ထိုကဲ့သို့သူတို့က ခံစားနေရခြင်းဘဲ ဖြစ်ပါ တယ်။ တစုံတခုဖြစ်လာတော့မယ် ဆိုတာကို သူတို့သိပါတယ်။ သူတို့အနာဂတ်မှာ ဘယ်လိုဖြစ်မယ်ဆိုတာကို သူတို့မျော် လင့်ပြီးစောင့်စားနေကြပါတယ်။ တကယ့် တကယ်တော့ ဤအဖြစ်အပျက်အား ဖြစ်ပျက်ခဲ့ပြီးဖြစ်ပါတယ်။

ထိုကဲ့သို့အလားတူ ဟိုးနေ့ရက်ကာလလွန်လေပြီးသောအခါက ဖြစ်ပျက်ခဲ့ပြီးဖြစ် ပါတယ်။ မေရှိယကြွလာတော့မယ်ဆိုတာကို သူတို့ယုံကြည်ကြပါတယ်။ ကြိုတင်ပြီးတော့ ရှေ့တော်ပြေးဆိုတာလာမယ်ဆိုတာလည်း ယုံကြည်ပါတယ်။ ဒါပေမဲ့လည်း သူတို့နဲ့အတူရှိနေတယ်။ သူတို့မသိကြပါဘူး။ သူတို့အသိအမှတ်မပြုကြပါဘူး။ ရှေ့တော်ပြေး ရောက်လာမယ်ဆိုတာကို လည်း သူတို့ယုံကြည်ပါတယ်။ မေရှိယရဲ့ရှေ့တော်ပြေးဘဲဖြစ် ပါတယ်။ သူရဲ့ခေါင်းကိုသူတို့ဖြတ်တယ်။ မေရှိယကိုလည်း သူတို့သတ်လိုက်ကြပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကြိုတင်ပရောဖက်ပြုထားတဲ့အတိုင်းဘဲ သူတို့ရဲ့ဝိညာဉ်မျက် စိကွယ်နေသောကြောင့်ဖြစ်ပါတယ်။ ဟောရှေကလည်း ဟောကြားဖူးပါတယ်။

39 ၃၉။ အလားတူဝိညာဉ်တော်ဘဲ ဖြစ်ပါတယ်။ ဟောရှေအားဖြင့် စကားပြောခြင်းဖြစ်ပါတယ်။ ယောဟန်အားဖြင့်လည်းစကား ပြောပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာ အသင်းတော်ဟာ အဝတ်အချီးစည်းရှိခြင်း။ မျက်စိကွယ်ခြင်း ကိုယ်တော်ရှင် ကိုအသင်းတော်ပြင်ပသို့ ထုတ်ပယ်ခြင်းသို့ ဖြစ်မယ်လို့ဆိုထားတဲ့အတိုင်းဘဲ ဖြစ်နေပါတယ်။ ဒီပရော ဖက်ပြုချက်တွေ ပြည့်စုံ တယ်ဆိုတာကို သူတို့သိမြင်နားလည်ခြင်းမရှိပါဘူး။ တစုံတခုဖြစ် လာရမယ်ဆိုတာကိုဘဲသူတို့သိနေကြပါတယ်။ သူတို့လက် ခံရရှိခြင်းမရှိပါဘူး။ သူတို့သိရှိခြင်းလည်း မရှိပါဘူး။ ရှေးကာလကယုဒလူကဲ့သို့ဘဲဖြစ်ပါတယ်။ လောဒိကိအသင်း တော်က မျက်စိကွယ်နေပါတယ်။ ချမ်းသာကြွယ်ဝခြင်းတွေ၊ သီဩလော်ဂျီတွေ အသင်းတော်ကိုအတိုက်အခံပြုလုပ်တာတွေ၊ သတင်းစကားကို အတိုက်အခံပြုလုပ်တာတွေနဲ့ ပြည့်ဝနေပါတယ်။ ယောဟန်အပေါ်မှာ ယုဒလူမျိုးတွေဘယ်လောက်ပြုလုပ် သလဲဆို တာကို ကြည့်ရင်သိနိုင်ပါတယ်။ သခင်ယေရှုကိုလည်း မည်မျှအတိုက်အခံပြုလုပ်သလဲ ဆိုတာကို တွေ့နိုင်ပါတယ်။ ကိုယ်တော်ရှင်ကသူတို့စောင့်စားနေတဲ့ ကြွလာတဲ့သူများဖြစ် ပါတယ်။

40 ၄၀။ သူတို့ကသတင်းစကားကို အလွန်ဘဲအတိုက်အခံပြုလုပ်ကြပါတယ်။ ထိုကဲ့သို့ပြု လုပ်တဲ့အခါမှာ ဘာဖြစ်လာပါသလဲ။ ခင်ဗျားတို့အားလုံးဟာ နားထောင်နေကြတဲ့သူ တွေဖြစ်ပါတယ်။ အသင်းတော်အနေနဲ့လုံးဝအမှားအယွင်းမရှိဘဲနဲ့ အပြစ်အနာ ဆာ ကင်းမဲ့ပြီးနေတဲ့အသင်းတော် မရှိပါဘူး။ ထိုခေတ်ကာလများ ဒေါက်လျှောက်ကြည့်မယ်ဆိုရင် ပုံမှန်မရှိကြောင်း တွေ့ရပါတယ်။

ခင်ဗျားတို့တစ်ဦးစီဟာ ပုံမှန်လူသားတွေဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့အဲဒီနေရာမှာ အဲဒီလိုဘဲထိုင်နေကြမှာ မဟုတ်ပါဘူး။ ခင်ဗျားတို့ အမြဲတမ်းအပူချိန်ကိုတိုးအောင်လုပ်နေကြပါတယ်။ ဒီအခန်းမှာတော့ လေအနည်းငယ် ရှိပါတယ်။ လေအေးစက်လည်း လုပ်ထားပါတယ်။ ဒါပေမဲ့လည်း အပူရှိန်တက်လာတဲ့အ တွက်ကြောင့်မို့လို့ ကျွန်တော်တို့လည်း ဘာမှမတတ်နိုင်ပါဘူး။ အဲဒါကိုတော့ သီးခံပေး ကြပါ။ ]

အတိုက်အခံလုပ်တယ်။ လက်မခံဘူး။ ငြင်းပယ်ကြတယ်။ စသည်ဖြင့်ဖြစ်ကြပါတယ်။ ဟိုးရှေးခေတ်က ဖြစ်သလို မျက်စိ ကွယ်ခြင်းဘဲဖြစ်ပါတယ်။ ယခုအခါမှာ လောဒိကိအသင်းတော်ကို ရောက်လာပြီဖြစ်တယ်။ သူတို့ဟာ အဝတ်ချီးစည်းရှိခြင်း၊ သနား ဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်းစသည်တို့နှင့် ပြည့်ဝနေပါတယ်။ ဒါပေမဲ့ သူတို့မသိကြပါဘူး။ လောကစည်း စိမ်ချမ်းသာတွေ၊ သိပြလော်ဂျီအတွေးအခေါ်သွန် သင်ချက်တွေ၊ ကြီးမားတဲ့ပညာရေးတွေနဲ့ ယခုအခါမှာ သူတို့ဟာ သတင်း စကားကို လက်မခံနိုင်လောက်အောင် ဖြစ်နေကြပြီဖြစ်ပါတယ်။ နှုတ်ကပတ်တော်နဲ့ပတ်သက်လို့ သူတို့ဘာမှမ လုပ်ချင်ကြ ပါဘူး။ လက်မခံချင်ပါဘူး၊ နားမထောင်ချင်ပါဘူး၊ သခင်ယေရှု နာဇရက်မြို့ဒီလောကမှာ ရှိနေစဉ်နေ့ရက်ကာလ များကကဲ့ သို့ဘဲ ဖြစ်ပါတယ်။

41 ၄၁။ နောဧလက်ထက်ကလူတွေ ဘာကြောင့်သင်္ဘောထဲကို မဝင်သလဲဆိုတာတွေ အကြောင်းအရင်းကတော့ သူတို့က သတင်းစကားကိုမသိလို့ သတင်းစကားပို့ဆောင်သူကို အသိအမှတ်မပြုလုပ်ဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းတခုထဲနဲ့ သူတို့ဟာ အားလုံးပျက်စီးခြင်းကို ရောက်ရပါတယ်။ သူတို့ဟာ သူတို့အသက်ရှင်နေတဲ့ခေတ်ကာလ ဘယ်လိုခေတ် ကာလ ဖြစ်နေဆိုတာကိုလည်း သူတို့အသိအမှတ်မပြုကြပါဘူး။ ကိုယ်တော်ရှင်ဂတိပေး တော်မူတဲ့အတိုင်း အပြစ်နဲ့ပတ်သက်လို့ရင် ကိုယ်တော်ရှင်ဘယ်လိုပြုလုပ်မလဲဆိုတာကို သူတို့အသိမှတ်ပြုလက်ခံခြင်းမရှိပါဘူး။ ကိုယ်တော်ရှင်ဟာ လူသားတွေကို ဒီလူ လောကမျက်နှာပြင် ကမ္ဘာပေါ်ကနေ ဖျက်စီးပစ်မယ်ဆိုတာ ကိုယ်တော်ရှင်ကိုယ်တိုင် ပရောဖက်ပြုထားချက်အတိုင်းဘဲ ပြုလုပ်ခြင်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ထိုနေ့ရက် ကာလကသူတို့အပေါ်မှာ ပြုလုပ်သကဲ့သို့ ယနေ့မှာလည်း ထိုကဲ့သို့ဘဲ ပြုလုပ်မယ်ဆိုတဲ့ အဓိပ္ပါယ်ရှိပါတယ်။

သို့သော်လည်း လူတွေကနောဧကို သဘောကျမဲ့အစား နောဧကို လူရိုင်းတစ်ယောက်၊ လူရူးတစ်ယောက်လို့ သတ် မှတ်ကြပါတယ်။ သူကိုပရောဖက်တပါးအနေနဲ့ ယုံကြည်လက်ခံခြင်းမရှိပါဘူး။ သခင်ခရစ်တော်ကိုကြည့်မယ်ဆိုလို့ရှိရင် သူကိုယ်တော် တိုင်သူကို လှောင်ပြောင်မယ်ဆိုတာကိုဖော်ပြထားပါတယ်။ နောဧခေတ်ကာလက လှောင်ပြောင်သကဲ့သို့ လှောင်ပြောင်ခြင်းကို ခံရမယ်လို့ပြောပါတယ်။ သူကိုဟာသပြု ကြပါတယ်။ သူကိုအရူးလို့ပြောကြပါတယ်။ ဒီထက်မက သူကိုဝေဖန်ကြပါတယ်။ ဒါပေမဲ့လည်း သူတို့ဟာ အချိန်ကာလကို အသိအမှတ်မပြုကြပါဘူး။ နေ့ရက်ကာလကိုလည်း မသိကြပါဘူး။ နိမိတ်လက္ခဏကိုလည်း မသိကြပါဘူး။ သတင်းစကားကိုလည်း အသိအမှတ်မပြုကြပါဘူး။ သတင်းစကားပို့ ဆောင်သူလည်း အသိအမှတ်မပြုကြပါဘူး။ ကိုယ်တော်ရှင်ကို သူတို့အလယ်မှာထားပြီးတော့ လှောင်ပြောင်ပြီး ပြက်ရယ်ပြု ကြပါတယ်။ သခင်ယေရှုမိန့်တော်မူတဲ့အတိုင်းဘဲ နောဧရဲ့ နေ့ရက်များကဲ့သို့ ဖြစ်မယ်လို့ဆိုထားပါတယ်။

42 ၄၂။ ဣသရေလသူရဲ့မွေးရပ်မြေကိုပြန်ရောက်တဲ့အခါမှာ အားလုံးအခြေကျပြီးဖြစ်ပါတယ်။ သတင်းစကားကလည်း ပုံမှန်အတိအကျ ဝင်ရောက်လာပြီဖြစ်ပါတယ်။ ကျွန်တော်တို့နေထိုင်အသက်ရှင်တဲ့ကာလဟာ ဘယ်လိုလဲဆိုတာကိုတွေ့ရ မှာဖြစ်ပါတယ်။ ကျွန်တော်တို့ဘယ်နေရာကိုရောက်နေပြီလဲ။

သူတို့ကတော့ နေ့ရက်ကာလကိုမသိပါဘူး။ သူတို့လုံးဝမသိပါဘူး။ အဲဒီအကြောင်းကြောင့် သူတို့ဒီသတင်းစကားနဲ့လွဲသွား ခြင်းဘဲဖြစ်ပါတယ်။ သူတို့အသိအမှတ်မပြုကြ လို့ဘဲဖြစ်ပါတယ်။ သူတို့ဟာ ဒီနေ့အသက်ရှင်နေတဲ့လူတော်တော်များများနဲ့ တူနေပါ တယ်။ ဝိညာဉ်ရေးရာမျက်စိကန်းနေပါတယ်။ သိပ္ပံနည်းကျသက်သေပြချက်တွေ၊ ပညာရေးစနစ်တွေ၊ သိပြ လော်ဂျီပညာကျောင်းတွေ၊ ဓမ္မသဏ္ဍာသိုလ်အားဖြင့် ဝိညာဉ်မျက် စိကွယ်နေပါတယ်။ ဒီနေ့ရက်ကာလမှာ သူတို့ကို မျက်စိ ကွယ်စေတဲ့အရာကတော့ ထိုစဉ်က နေ့ရက်ကာလကဲ့သို့ဖြစ်ပါတယ်။ တဖန်ပြန်လည်ပြီးတော့ဝိညာဉ်မျက်စိကွယ်စေ ခြင်းဘဲ ဖြစ်ပါတယ်။

43 ၄၃။ အင်မတန်မှရိုးရှင်းတဲ့ အရိုးရှင်းဆုံးအရာ အရိုးရှင်းဆုံးသတင်းစကားနဲ့ သတင်းစကားပို့ဆောင်သူဘဲဖြစ်ပါတယ်။ နောဧကတော့ သိပ္ပံနည်းမကျပါဘူး။ သူကပညာ တတ်တစ်ယောက်လည်း မဟုတ်ပါဘူး။ သူဟာအင်မတန်မှ ဆင်းရဲ တဲ့လယ်သ မားတစ်ယောက် နှိမ့်နှိမ့်ကျကျနဲ့ ဒါပေမဲ့လည်း ရိုးဖြောင့်တဲ့သတင်းစကားသူမှာ ရှိပါတယ်။ သူတို့အလွန် ပညာတတ်တဲ့အတွက်ကြောင့် နောဧရဲ့သတင်းစကားကတော့ သူတို့အတွက် အရမ်းကို ရိုးအလွန်းပါတယ်။

ဒီနေ့ရက်ကာလမှာလည်း ဒီလိုပါဘဲ ဘုရားသခင်က အမြဲတမ်းဘဲ ရိုးရိုးရှင်း ရှင်းလေးဘဲ လူတွေကိုယုံကြည်စေချင်ပါတယ်။ သူကိုယုံကြည်စိတ်ချအောင်လို့ ပြုလုပ်ပါတယ်။ သတင်းစကားကတော့ တမျိုးတမူထူးခြား ပါတယ်။ ခြားနားမှုတော့ရှိပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ကတော့ ပြောင်းလဲသွား ခြင်းမရှိပါဘူး။ ယခုအခါမှာ ခင်ဗျားတို့ကို ယုံကြည်စေချင်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်နဲ့ပြောတဲ့အရာကို နားလည်စေချင်ပါတယ်။

သခင်ယေရှုကသူရဲ့ပရောဖက်နောဧကို သူတို့လောင်ပြောင်ကြတယ်လို့ဆိုပါတယ်။

ထိုနေ့ရက်ကာလက လောင်ပြောင်သကဲ့သို့ ယခုကိုယ်တော်ရှင်ကြွလာတော်မူမဲ့အချိန် ထိုကဲ့သို့ဘဲ လောင်ပြောင်ကြအုန်းမှာ ဘဲဖြစ်ပါတယ်။ အလားတူအရာကိုဘဲပြုလုပ်ကြ မှာဖြစ်ပါတယ်။

ထိုအကြောင်းကြောင့် ဖာရောဘုရင်သည် ပင်လယ်ထဲတွင်နစ်မြုပ်သွားရခြင်း ဖြစ်ပါသည်။ သူ၏နေ့ရက်ကိုသူဘယ်တော့မှ အသိမှတ်မပြုပါ။ ဘာဖြစ်ပျက်နေသည်ကိုလည်း သူမသိပါ။ သိပ္ပံနည်းကျ တိုးတက်အောင်မြင်မှုတွေကို ကြည့်ပြီးတော့ ထိုအရာများကိုသာ စိတ်ဝင်စားနေပါတယ်။ မြို့တော်ကြီးများကို တည်ဆောက်မယ်။ လူတွေကို ကျွန်သဖွယ်ခိုင်းစေမယ် စသည်တို့သာ သူစိတ်ဝင်စားနေပါတယ်။ သူအရမ်းအလုပ် များနေပါတယ်။ သူရရှိတဲ့အခွင့်အရေးကို သူရရှိဖို့ရန်အတွက် သူအလုပ်ရှုပ်နေပါတယ်။

ဘုရားသခင်ပရောဖက်သတင်းစကားပို့ဆောင်သူကို သူကတောထဲကို မောင်းထုတ်လိုက်ပါတယ်။ သူမသိပါ။ ထိုအကြောင်းရင်းကြောင့် အရာခပ်သိမ်းတို့က သူပြုသကဲ့သို့ ဖြစ်လာခြင်းဖြစ်ပါတယ်။ သူဘယ်သောအခါမှ အသိအမှတ်မပြုခဲ့ပါ။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုသာသူအသိအမှတ်ပြုနားလည်မယ်ဆိုလို့ရှိရင် သူထိုကဲ့သို့ပင်လယ် ထဲမှာ နစ်သွားမှာမဟုတ်ပါ။

44 ၄၄။ ယနေ့ခေတ်ကာလမှာရှိတဲ့ အသင်းတော်များကလည်း သိရှိပြီးတော့ အဲဒီအသင်း တော်ကဘုရားသခင်ရဲ့နှုတ်ကပတ် တော်မြတ်ကို အသိမှတ်ပြုတယ်ဆိုလို့ရှိရင် ဒီအချိန် ကာလရဲ့ဂတိတော်များကို သိရှိရမှာဖြစ်ပါတယ်။ သူတို့အသက်တာများ၊ ဝိညာဉ်များ ပျောက်ဆုံးတော့မှာ မဟုတ်ပါ။

အမေရိကန်နိုင်ငံကလည်း သူတို့ဥပဒေရေးဆွဲထားသည့်အခါမှာ မည်သည့်အ ပေါ်မှာရေးဆွဲထားသည်ကို ကြည့်ပါက ယခုအခါကျောင်းများတွင် သမ္မာကျမ်းစာသွန် သင်ခြင်းများကို ဖယ်ထုတ်ခြင်းပြုတော့မည်မဟုတ်ပါ။ သူတို့ရဲ့ပိုက်ဆံများ ပေါ်တွင်လည်း သူတို့ရဲ့နာမည်များကို ထုတ်ပယ်ပစ်တော့မှာမဟုတ်ပါ။ ဘုရားသခင်ထံတော် ပါးတွင်သူတို့ ဂတိခံယူပြီး ဘုရားသခင်အတွက် သစ္စာရှိခြင်းသူတို့သိရှိပါက သူတို့အနေနှင့် ဘယ်တော့မှ ဘုရားသခင်ကို ပစ်ပယ်မည်မဟုတ်ပါ။ သို့သော်လည်း အမေရိကန် နိုင်ငံကထိုအရာကို မသိတော့ပါ။ ဘာကြောင့်လဲ။ သူမသည် အဝတ်ချီးစည်းရှိခြင်း၊ ဝိညာဉ်မျက်စိ ကွယ်ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ သူမဘယ်လိုမှ မမှတ်တော့ပါဘူး။ ဒီအခွင့်အရေးကြောင့် ကွင်းများထဲမှာ သေဆုံးခဲ့ရသော တန်ဖိုးရှိသော လူငယ်များ၏အသွေးကို မမှတ်တော့ပါဘူး။ အားလုံးမေ့ပျောက်ကုန်ပါပြီ။ အားလုံးမြေမှုန့်ဖြစ်သွားကြပါပြီ။

45 ၄၅။ သို့သော်လည်း အသွေးတော်ကိုသွန်းလောင်းခဲ့ကြသောပရောဖက်များကို မှတ်မိနေသော သူတစ်ဦးရှိပါတယ်။ ယနေ့ ကျွန်တော်တို့အတွက် ဧဝံဂေလိတရားကို သယ်ဆောင်နိုင်ဖို့ အဖိုးအခပေးခဲ့သောသူများရှိပါတယ်။ လူထောင်ပေါင်းများစွာတို့ လူခြသေ့ေစားခြင်းကိုခံရပါတယ်။ ခြသေ့်တွင်းထဲကိုပစ်ချခြင်းခံရပါတယ်။ လွှနှင့်နှစ်ပိုင်းဖြတ် ခြင်းခံရတယ်။ ကားတိုင်တင် သတ်ခြင်းခံရတယ်။ အရှင်လတ်လတ် မီးရှို့သတ်ခြင်း ခံရပါတယ်။ ဘုရားသခင်ကတော့ အမြဲတမ်းအသိအမှတ်ပြုနေပါတယ်။

အသင်းတော်ကသူတို့ပရောဖက်များကိုမေ့ပျောက်သွားကြပါပြီ။သူတို့လုံးဝမလို အပ်တော့ပါ။ ပရောဖက်များကိုမလို အပ်တော့ပါဘူးလို့သူတို့ကကြွေးကြော်ကြပါသည်။ ဘုရားသခင်က ပရောဖက်များလိုသည်ကိုသိပါသည်။ နှုတ်ကပတ်တော် နှင့်သူ၏လူများကို ခုတ်ဖြတ်လိုက်ပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်သည်သူတို့အတွက်အလွန် ပင်ရှေးကျနေပါ သည်။ ဒီခေတ်နှင့်ဆိုရင် သူတို့က ခေတ်မမှီဘူးလို့ ယူဆကြပါသည်။ သူတို့ နှုတ်ကပတ်တော်ကို အသိအမှတ်မပြုကြပါ။ ထိုအကြောင်းကြောင့် သူတို့သည် ဤကဲ့သို့ ရောက်ရှိနေခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် သူတို့သည် အဝတ်အချီး စည်းရှိခြင်း၊ စိတ်ပျက်ဖွယ်ဖြစ်ခြင်း၊ မျက်စိကွယ်ခြင်း၊ ရွံ့ရှာဖွယ်ဖြစ်ခြင်းနှင့် ဘာတခုကိုမှ မသိဘဲ ဖြစ်နေရခြင်းဖြစ်ပါသည်။ ဘာကြောင့်လဲဆိုတော့ သူတို့အသက်ရှင်သောနေ့ရက်ကာ လကိုမသိသောကြောင့် ဖြစ်ပါသည်။ သူတို့အသိအမှတ်မ ပြုနိုင်ကြပါ။

46 ၄၆။ မောရှေသည်သူ၏နေ့ရက်ကာလနှင့် သူကိုဘုရားသခင်ရွေးချယ်ခြင်းကိုသူအသိ အမှတ်ပြုပါသည်။ ထိုနေ့ရက်ကာ လအတွက် ဘုရားသခင်ဖော်ပြထားသော ဘုရားသခင်၏နှုတ်ကပတ်တော် ဂတိတော်ကိုတွေ့မြင်ခဲ့ပါသည်။ သူသိပါသည်။ သူမည်သူမည်ဝါ ဖြစ်ကြောင်းနှင့် သူဘာလုပ်ရမည်ကိုသူသိပါသည်။ ဘုရားသခင်ရဲ့ဂတိတော် နှုတ်ကပတ်တော်အားဖြင့် သူသိခြင်းဖြစ်ပါသည်။ ဘယ်သူဘာဘဲ ပြောပြောမကြောက်ပါ။ သူဂရုမစိုက်ပါ။ သူရဲ့သတင်းစကားအတွက်လည်း သူရှက်ကြောက်ခြင်းမရှိပါ။ သို့သော်လည်း ယဇ်ပရောဟိတ်တိုင်း ဖာရောဘုရင်တိုင်း၊ အရာခပ်သိမ်း အခွင့်အာဏာရှိသမျှ အရာတိုင်း သူနဲ့ဆန့်ကျင်ဖက်ဖြစ်နေပါသည်။ သို့သော်လည်း အလင်းတန်းကိုသူမြင် သောအခါသူကသိပါသည်။ ခြုံထဲတွင် မီးတိုင်ချတ်ဆွဲထားသည်ကိုသူတွေ့ရသောအခါ သူအသိတရားရပါသည်။ သူဟာဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် မီးခြုံအားဖြင့် စကားပြောပြီး ထိုနေ့ရက်ကာလအတွက်သတိပေးသည်ကိုလည်း သူသိပါသည်။ မီးခြုံထဲမှ ထွက်ပေါ်လာသော စကားမှာ သင့်ကိုငါရွေးချယ်၍ သွားစေခြင်းဖြစ်သည်ဟု ဆိုထားပါသည်။ သူကြောက်ရွံ့ခြင်းမရှိတော့ပါ။ ကြီးမားမြင့်မြတ် သောဘုရင်၏တိုက် ခိုက်မှုကိုလည်း မကြောက်တော့ပါ။ သူဆင်းသွားပြီးထိုသူများကို ထွက်မြောက်ဖို့ရန် အတွက်သူဦး ဆောင်သွားပါသည်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဂတိတော်အတိုင်း ပင်ဖြစ်ပါသည်။

47 ၄၇။ ဂတိတော်ဖော်ပြထားသည်ကိုတွေ့ရသောအခါ သူကလူများအားလုံးကို ထွက်မြောက်သွားဖို့ရန်အတွက် အဆင်သင့် ပြင်ရန်ပြောဆိုခဲ့ပါသည်။ မည်သည့်အချိန် ဖြစ်ပါသနည်း။ ဘုရားသခင်ရဲ့ဂတိတော်၊ နှုတ်ကပတ်တော်ဖော်ပြသည်ကို သူတွေ့သောအခါမှာ ဖြစ်ပါသည်။ သူ၏သီသြလော်ဂျီအတွေးအခေါ်နှင့်သူ သွားလာပါသည်။ သူ၏ သင်တန်းဖြင့် သူသွားလာပါသည်။ သို့သော်လည်း ဘုရားသခင်၏နှုတ်ကပတ်တော်ဖော် ပြခြင်းကို သူတွေ့ရသောအခါမှာ နှုတ်ကပတ် တော်ဖော်ပြသည့်အတိုင်း ‘ငါဖြစ်သည့်အတိုင်း ငါဖြစ်၏’ ဆိုသည့်ဘုရားသခင်ကို သူတွေ့ရပါသည်။ ထိုအချိန်မှစ၍သူသည် မည်သူကိုမျှဂရုမစိုက်တော့ပါ။ ဖာရောဘုရင်သူကိုဘာလုပ်မလဲဆိုတာကိုလည်း တွေးပြီး မကြောက်တော့ပါ။ တခြားလူတွေ ဘာလုပ်မလဲဆိုတာကိုလည်း သူစိုးရိမ်ခြင်းမရှိတော့ပါ။ ဘုရားမှတပါး သူကြောက်ရွံ့ခြင်း မရှိတော့ပါ။ ဘုရားသခင်ကိုသာ သူကကြောက်ရွံ့ပြီး နေပါသည်။ ဘုရားသခင်ကိုသူသည်အထင်မလွဲတော့ပါ။ ဘုရားသခင်ကိုလည်း တခြားနည်းလမ်းအားဖြင့် သူကအမြင်မှားယွင်းခြင်းမရှိတော့ပါ။ လူတွေကိုလည်းသူ မကြောက်တော့ပါ။ လူတွေဘာပြောမလဲ။ လူတွေဘာလုပ်မလဲ စသည်တို့ကို သူမကြောက်တော့ပါ။ သူဘုရားကိုသာ ကြောက်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည့် အကြောင်းကို သူသိသည့်အချိန်ခါမှစ၍ ဘုရားကိုသာသူကြောက်ရွံ့ပါသည်။

48 ၄၈။ သူကဲ့သို့သော လူတစ်ယောက်ကို ထိုနေရာသို့စေလွှတ်သည့် အကြောင်းကို သူနားမလည်နိုင်အောင်ဖြစ်ပါသည်။ သို့သော်လည်း သူအသိအမှတ်ပြုပြီး နှုတ်ကပတ်တော် ဖော်ပြခြင်းအားဖြင့် ဘုရင်၏အမိန့်အာဏာစက်တို့ကို မကြောက်ရွံ့ တော့ပါ။ သင်ကိုယ်တိုင် အသိအမှတ်ပြုလက်ခံပြီးတော့ ယနေ့ဤကာလမှာလည်း ထိုကဲ့သို့ဖြစ်မယ်ဆိုလို့ရှိရင် မောရှေကဲ့သို့ အသိအမှတ်ပြုသကဲ့သို့ဖြစ်မည်ဖြစ်ပါသည်။ နှုတ်ကပတ်တော်ဖော် ပြသည့်အတိုင်းတွေ့မြင်ရမည်ဖြစ်ပါသည်။ တွေ့မြင်ရ သည့်အတိုင်းကိုလည်း သက်သေ ပြုမည်ဖြစ်ပါသည်။

သူ၏လူမျိုးတော်အတွက်သူကထွက်မြောက်ဖို့ရန်အဆင်သင့်ဖြစ် နေပြီး ဖြစ်ပါသည်။

ယောဘက ဘုရားသခင်ဖြစ်ကြောင်းကို မသိခဲ့ပါ။ နတ်ဆိုးက လုပ်နိုင်သမျှ လုပ်ပါသည်။ အမှားအယွင်း လှည့်ဖြား မှုများကို ဘုရားသခင်က ဖော်ပြသယောင်ယောင်နှင့် သင့်ကိုလှည့်ဖျားပြီးတော့ ယုံကြည်အောင် လုပ်နိုင်ပါသည်။ သင့်ကို တွန်းပို့နိုင်ပါသည်။ ဘုရားသခင်က ယောဘကိုဖော်ပြပါသည်။ ယူပါရုံမြင်သည့်အခါမှသာ ယောဘက အသိအမှတ်ပြု လက်ခံပါသည်။ မောရှေကဲ့သို့ ယူပါရုံမြင်ခြင်းဖြစ်ပြီး ခြုံပုတ်ထဲတွင် မီးတိုင်ကိုတွေ့မြင်သောအခါမှာ မောရှေသည် ဘုရား သခင်ဖော်ပြခြင်းကို သိမြင်ခဲ့ပါ သည်။

ယောဘကမေးခွန်းမေးသောအခါမှာ လူတစ်ဦးသေဆုံးပြီးနောက်သူတ ဖန်ပြန် လည်ပြီးတော့အသက်ရှင်နိုင်ပါ သလားလို့သူမေးခွန်းမေးပါတယ်။ သစ်ပင်တ ပင်သေသွားတာကို ကျွန်ုပ်တွေ့ပါတယ်။ နောက်ပြီးတဖန်ပြန်ရှင်လာပါတယ်။ ပန်းပွင့်လေးတပွင့် ညှိုးနွမ်းသွားပြီးတော့ နောက်တဖန်ရှင်သန်လာပါတယ်။ အဲဒါကတော့ သူ့ရဲ့မေး ခွန်းဘဲဖြစ်ပါတယ်။ လူတစ်ဦးတစ်ယောက်သေဆုံးပြီး သူ့ရဲ့ဝိညာဉ်ကို စွန့်လွှတ်ပြီးတော့ သူဟာအလကားအချီးနှီးသက်သက်ဖြစ်ပါတယ်။ သူသားတွေလာပြီးငို ကြွေးတယ်။ သူ ကတော့ဘာမှမသိပါဘူး။ ကိုယ်တော်ရှင်အမြတ်တော်ကုန်ဆုံးသွားသည့် အထိ ကျွန်ုပ်ကို သင်္ချိုင်းတွင်းထဲမှာထည့်ထားပါတယ်။ သူအနေနဲ့ပန်းပွင့်လေးတပွင့် ညှိုးနွမ်းသွားပြီးတော့ ပြန်ရှင်တာကိုလည်း သူနားမလည်ပါဘူး။ သစ်ရွက်တစ်ရွက်သစ် ပင်ပေါ်ကကြွေကျသွားပြီးတော့ မြေပေါ်ကိုကျသွားတယ်။ နောက်ပြီးတခါ ဒီသစ် ရွက်တွေဟာ နွေဦးပေါက်မှာ ပြန်ထွက်လာတယ်ဆိုတာကိုလည်း သူနားမလည်နိုင်ပါဘူး။ သူ ပြောတာကတော့ လူတစ်ဦးတစ်ယောက်က လဲလျောင်းပြီး သူဘယ်ကိုသူသွားမှာလဲ။ ကျွန်တော် ဘုရားကို ယုံကြည်ပါတယ်။ ဒါပေမဲ့လည်း လူကဘာဖြစ်သလဲလို့ သူကမေးခွန်း ထုတ်ပါတယ်။

တနေ့သောအခါမှာ မိုးချုန်းသံတွေ၊ လျှပ်စစ်ပျက်သံတွေ ကြားရပါတယ်။ ပရောဖက်အပေါ်ကို သန့်ရှင်းသောဝိညာဉ်သက် ရောက်ပါတယ်။ သူဘာတွေ့သလဲဆိုတော့ လူတစ်ယောက်လာတာကိုတွေ့ပြီးတော့ အဲဒီလူဟာ အပြစ်သားပေါ်တင်နိုင် တဲ့အခွင့် ရှိပါတယ်။ သန့်ရှင်းတဲ့ဘုရားဖြစ်ပြီးတော့ ပေါင်းကူးတံတားသဖွယ်ဖြစ်ပါတယ်။ သူ အော်လိုက်တဲ့အော်သံကတော့ ငါ့ရဲ့ကယ်တင်ရှင်အသက်ရှင်တယ်။ ဒီကိုယ်ခန္ဓာကို ပိုးကောင်တွေကိုက်ဖြတ်ဖျက်စီးပစ်လိုက်ပေမဲ့လည်း ငါ့ရဲ့အသားထဲမှာ ငါဘုရားသခင်ကို တွေ့ပါတယ်လို့ သူက အော်လိုက်ပါတယ်။ ရှင်ပြန်ထမြောက်ခြင်းက ဘာလဲဆိုတာ သူသဘောပေါက် နားလည်ပြီးဖြစ်ပါတယ်။

49 ၄၉။ ဗာလမ်က ကောင်းကင်တမန်ကို မသိပါဘူး။ နောက်ဆုံးမှ သူ့ရဲ့မြည်းကစကား ပြောတဲ့အခါမှသာသူသိပါတော့တယ်။ ကောင်းကင်တမန်က သူသွားရမဲ့လမ်းမှာ ရပ်နေတယ်ဆိုတာ သူမသိနိုင်ပါဘူး။ ဝိညာဉ်မျက်စိကွယ်နေတဲ့ တရားဟောဆရာ တစ်ဦး ဘုရားသခင် သူသွားရမဲ့လမ်းမှာ ရပ်နေတယ်ဆိုတာ သိမှာမဟုတ်ပါဘူး။ သူ့ရဲ့ဝိညာဉ်ဆုကျေးဇူးကိုသူက ရောင်းစားမဲ့ အရေးမှ ဘုရားသခင်က တားဆီးခြင်း ဖြစ်ပါတယ်။ မြည်းက လူ့ရဲ့အသံနဲ့စကားပြောတဲ့အခါမှာ ဗာလန်က ကောင်းကင်တမန်သူလမ်းမှာ ကာ ပြီးရပ်နေတာကိုသူသိသွားပါတယ်။ သူဘာလုပ်မှာလဲဆိုတာကို တားဆီးဖို့ ကောင်းကင် တမန်ကဟန့်တားနေခြင်းဖြစ်ပါတယ်။

မျက်စိကွယ်နေသောဂိုဏ်းဂဏများ ဘုရားသခင်သည် မြည်းကိုအသုံးပြုနိုင်ခဲ့ပါသည်။ မြည်းသည် စကားမပြောတတ်ပါ။ စကားမပြောတတ်ပြီးတော့ ဘာမှလည်း မသိပါဘူး။ သို့သော်လည်းလူစကားနဲ့ပြောပါတယ်။ တရားဟောဆရာကိုလမ်းမှားနေ အတွက်ဖော်ပြရန်အတွက်ဘဲဖြစ်ပါတယ်။ ဘုရားသခင်သည်လူကိုအသုံးပြုပြီးတော့ အလားတူ မပြုလုပ်နိုင်ပေဘူးလား။ မျက်စိကွယ်သောသူများ....

50 ၅၀။ အာဟပ်မင်းသည် သူ့ရဲ့နေ့ရက်ကာလကိုသိပြီးတော့ သူပရောဖက်မိက္ခာကို ကျိန်ဆိုခြင်းပြုလုပ်ခဲ့မည်မဟုတ်ပါ။ ပရောဖက်မိက္ခာက ဘုရားသခင်ရဲ့ဂတိတော်နှင့် ယှဉ်သော နှုတ်ကပတ်တော်အား သူအားပေးခဲ့ပါသည်။

ထိုနေ့ရက်ကာလကအာဟပ်ဘုရင်သည် ရပ်တည်လျက်ရှိပါသည်။ သူနှင့်အ တူ ယောရှဖတ်လည်းရှိပါသည်။ သူတို့ထံမှာ ပရောဖက်အပါး ၄၀၀ ခန့်ရှိပါသည်။ ပရောဖက်ပြုနေကြခြင်းပင်ဖြစ်ပါသည်။ အာဟပ်မင်းတက်သွားပါ။ အရာခပ်သိမ်း အဆင် ပြေပါသည်။ သင်သည်အပြစ်ထဲတွင် အသက်ရှင်နေပါသည်။ သူကကျွန်ုပ်တို့အား ဂိုဏ်းဂဏကြီးတခုအဖြစ် အောင်လုပ်နေပါ သည်။ ကျွန်ုပ်တို့ကတော့ ကြီးမားသော ပုဂ္ဂိုလ်ကြီးများ ဖြစ်ကြပါသည်။ ကျွန်တော်တို့မှာ ကြီးမားတဲ့သာ သနာလုပ်ငန်းကြီးရှိ ပါသည်။ ကျွန်တော်တို့ ဒီမှာရှိပါသည်။ ကျွန်တော်တို့အားလုံး သင်တန်းတက်ပြီးသား ယဇ်ပရောဟိတ် အပါး ၄၀၀ ဖြစ်ပါသည်။ ပရောဖက်များလည်း ဖြစ်ကြပါသည်။ ကျွန်တော်တို့ ၄၀၀ ရှိသည်။ နှုတ်ကပတ်တော် သီဩလော်ဂျီစသည်တို့နှင့် သင်တန်းပေး ပြီးဖြစ်ပါသည်။ နှုတ်ကပတ်တော်နှင့်ပတ်သက်လို့ ကျွန်တော်တို့အားလုံး သိကြပါသည်ဟု ဆိုပါသည်။

နှုတ်ကပတ်တော်နှင့်ပတ်သက်၍ ဘာမှမသိတဲ့အကြောင်း ထိုအချိန်က သက်သေပြနိုင်ခဲ့ပါသည်။ သူတို့က ငကြောင်ဟု ခေါ်ဆိုထားသောလူတစ်ဦးရှိပါသည်။ ဧလိယဖြစ်ပါသည်။ တကယ်စစ်မှန်သော ဘုရားသခင်၏ပရောဖက်ဖြစ်ပြီး သူတို့ခေတ် ကာလတခေတ်ထက်စောပြီးတော့ ပရောဖက်ပြုနေသူတစ်ဦးဖြစ်ပါသည်။ ကိုယ်တော်ရှင် မိန့်တော်မူပါသည်။ 'သင့်ရဲ့သွေးတွေကို ခွေးကလျှက်လိမ့်မည် အာဟပ်' လို့သူကပြော ခဲ့ပါသည်။

သို့သော်လည်း ထိုပရောဟိတ်များ၊ လူလုပ်သည့် ပရောဖက်များ သူတို့အားလုံး အဆင်သင့်နေရာတကျဖြစ်ပြီဟု သူတို့ကိုယ်သူတို့ ထင်ပါသည်။ သူတို့က အဖအာဗြဟံ၊ အဖအာဟပ်၊ တက်သွားပါ၊ ကိုယ်တော်ရှင် သင်နဲ့အတူရှိသည်။ သင့်ထံမှာ နှုတ်ကပတ် တော်ရှိသည်။ ဘာကြောင့်လဲဆိုတော့ ဒီဣသရေလလက်ထဲကို ဒီမြေကို ဘုရားသခင် ပေးအပ်ပြီ၊ ဒီဣသရေလပိုင်ဆိုင်ပြီ၊ တက်သွားပါ၊ ကိုယ်တော်ရှင်သည် သင်နှင့်အတူရှိ သည်ဟု ကိုယ်တော်ရှင်က ဆိုပါသည်။

51 ၅၁။ သို့သော်လည်း ယောရှဖတ်ကတော့ အာဟပ်မင်းကဲ့သို့ အပြစ်ထဲမှာ နှံ့နစ်နေ သောသူ မဟုတ်ပါ။ သူက အရာရာတိုင်းကို

အနည်းငယ်ခြားနားစွာ မြင်တတ်သောသူ ဖြစ်ပါသည်။ သူက ဘာပြောလဲဆိုတော့ ဘယ်သူမှ မရှိဘူးလားလို့ သူကမေးပါသည်။

သူပြောသည့်အကြောင်းအရာမှာ ငါတို့အတွက်တော့ တစ်ယောက်ရှိပါသေး သည်။ ဒါပေမဲ့ သူ့ကို ငါမုန်းတယ်၊ ဘုရားသခင် ဘာလုပ်နေသလဲ¿ပရောဖက်နဲ့တစ်ခါ လူတွေကို ခုတ်ဖြတ်နေပြန်ပြီလား¿ ငါသူ့ကိုမုန်းတယ်၊ သူဘာမှမလုပ်နိုင်ဘူး။ ဒါပေမဲ့ လည်း ငါ့ကိုတစ်ချိန်လုံး ကျိန်ဆဲနေတယ်။ ငါကတော့ ကြီးမြတ်တဲ့ပုဂ္ဂိုလ်တစ်ပါးဖြစ် တယ်။ ငါဟာ အင်မတန်ကြီးမားတဲ့ ယုံကြည်သူတစ်ယောက်ဖြစ်ရင်ဒီကျမ်းစာကျောင်း ကို ငါမဆောက်ပါဘူး။ ငါ့မှာ သင်တန်းတက်ပြီးသား သူတွေရှိတယ်။ သူတို့ကို ကျမ်းစာ အုပ်တွေ၊ စာအုပ်တွေပေးပြီးတော့ အရာခပ်သိမ်းနဲ့ပြည့်စုံပြီးတော့ သွန်သင်ပေးပါတယ်။ သူတို့ဟာ ကြီးမားတဲ့သူတွေ ဖြစ်တယ်ဆိုတာလည်း ကျွန်တော်သိပါတယ်လို့ဆိုပါတယ်။ အာဟပ်မင်းသာ အဲဒါကို သိမယ်ဆိုရင် အဲဒီလူ ဘယ်သူလဲ? ဒီအင်မတန်ဆင်းရဲပြီး တော့ စုတ်ပြတ်နေတဲ့သူ အာမလာရဲ့သား ရပ်နေတယ်ဆိုတာကို သိရင်၊ အသိအမှတ်ပြုမယ်ဆိုရင် ကိုယ်တော်ရှင်မိန့်တော်မူတယ်ဆိုတဲ့စကားကို သူဘယ်တော့မှ မငြင်းပယ်ပါ ဘူး။ သူ့ဘဝအတွက် အကြီးမားဆုံးသော အမှားအယွင်းကြီးကိုလည်း သူပြုလုပ်မိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူကမိက္ခာကို ကျိန်ဆဲခဲ့ပါတယ်။ လူတွေ အများကြီး ခင်ဗျားတို့အားလုံး ခင်ဗျားတို့ အသက်ရှင်နေတထိုင်နေတဲ့ခေတ်ကာလကို သိကြပါ။ ဘာဖြစ် လာသလဲ? ဘာဂတိတွေရှိကြသလဲ? ခင်ဗျားတို့အသက်ရှင်နေတဲ့ နေ့ရက်ကာလကို အသိအမှတ်ပြုကြပါ။

52 ၅၂။ အသင်းတော် ဂိုဏ်းဂဏတွေဟာ ယနေ့အဲဒီအကြောင်းကို သိတယ်။ သူတို့ ဘာကြောင့် ကျိန်ဆဲခြင်းခံနေရသလဲ ဆိုတာကိုလည်း သိတယ်။ သူတို့ရဲ့ အသင်းသားတွေဟာလည်း သူတို့ထံကနေ တဖြည်းဖြည်းပျောက်ကွယ်သွားတယ်။ အီဂျစ်နိုင်ငံကနေ ဣသရေလတွေ စွန့်ခွာသွားသကဲ့သို့ဖြစ်တယ် ဆိုတာကို သိမယ်ဆိုရင် နောက်ပြီး ဒီ ဂိုဏ်းဂဏတွေဟာ ဒီတိတ်ခွေတွေကို ကျိန်ဆဲနေခြင်း မလုပ်တော့ဘဲနဲ့ သေသေချာချာ၊ သေသေချာချာ နားထောင်မယ်ဆိုရင် တရားဟော ဆရာတိုင်း ဒီတိတ်ခွေကို နားထောင် နိုင်ပါတယ်။ ခင်ဗျားတို့ အသက်ရှင်နေထိုင်နေတဲ့ ကာလကို ခင်ဗျားတို့ အသိအမှတ်ပြု တယ် အချိန်ကာလရဲ့ နိမိတ်လက္ခဏာတွေကို သိတယ်ဆိုရင် သူတို့တွေဟာ ဂိုဏ်းဂဏတွေထဲက ဘာကြောင့်ထွက်ခွာ သလဲဆိုတာ သင်တို့သိကြမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ဝိညာဉ်တော်က ခေါ်နေပါတယ်။ ဘုရားသခင် ခမည်းတော် ဘုရားက မခေါ်ရင် ဘယ်သူမှ ငါ့ထံကို ရောက်မလာဘူးလို့ သခင်ယေရှုကပြောပါတယ်။ ခမည်းတော် ဘုရားသခင်က ဟိုးအရင်က ငါ့ကို ပေးအပ်ခဲ့သမျှ လူတွေအားလုံး ငါ့ထံကိုလာမယ်လို့ လည်း ကိုယ်တော်ရှင်က မိန့်တော်မူပါတယ်။

53 ၅၃။ ရေတွင်းနားမှာရှိတဲ့ မိန်းမကဲ့သို့ဘဲဖြစ်ပါတယ်။ ယဇ်ပရောဟိတ်နဲ့ ထိုမိန်းမ မည်မျှကွာခြားပါသလဲ? ယနေ့တစ်ဖန် နံရံပေါ်မှာ လက်ရေးနဲ့ ရေးထားတာကို တွေ့ရ ပါတယ်။ သူတို့တွေ့ကြပါတယ်။ ဒါပေမဲ့လည်း သူတို့မသိကြပါဘူး။

ယုဒလူတွေဟာ သူတို့မေရှိယ ကြွလာမယ်ဆိုတဲ့ဂတိတော်ကို သူတို့အသိအမှတ် ပြုခဲ့ကြပြီး သူတို့ရဲ့နောက်ဆုံး ပရောဖက် အားဖြင့် သူတို့လက်ခံခဲ့ကြမယ်ဆိုရင် (မိက္ခာ ၃)မှာ ဆိုလိုထားသကဲ့သို့ဘဲ 'ငါ၏သတင်းစကား ပို့ဆောင်သူကို ငါ့ရှေ့မှောက် မှာဘဲ ငါစေလွှတ်တယ်၊ ကြိုတင်၍ လမ်းပြင်ဆင်ရန်အတွက်ဖြစ်တယ်ဟု ဆိုထားပါတယ်။ သူတို့ကလည်း ကိုယ်တော်ရှင်ကို မျှော်လျှက်ရှိတယ်လို့ဘဲ ကြွေးကြော်ကြပါတယ်။

ယနေ့ခေတ်ကာလလည်း ထိုကဲ့သို့ပင် အပြိုင်အဆိုင် အတိအကျပင် ဖြစ်ပါတယ်။ တစ်စုံဖြစ်လာတော့မယ်ဆိုတာ သူတို့က မျှော်လျှက် ကြွေးကြော်ကြပါတယ်။ အသင်းတော်တွေအားလုံးကလည်း အစာရှောင်နေကြတယ်။ ဆုတောင်းနေကြတယ်။ နောက်ပြီး ဘာပြောနေကြသလဲဆိုရင် လာကြ၊ ငါတို့အခုဆုတောင်းကြမယ်။ အတူတကွ ဆုတောင်းကြမယ်။ တစ်စုံတစ်ခု ကြီးကြီးမားမား ဖြစ်ပျက်လာမယ်ဆိုတာကို ငါတို့ နားလည်တယ်။ အင်မတန် ကြီးမားတဲ့အရာတစ်ခု ဖြစ်ပျက်လာမယ်ဆိုတာ ငါတို့နား လည်၊ ငါတို့သိတယ်လို့ ဆိုထားပါတယ်။ အသင်းတော်က အဆင်သင့်ဖြစ်နေရပါမယ်လို့ လည်း ဆိုကြပါတယ်။ အဲဒါကတော့ သူတို့ ဆုတောင်းနေတဲ့ အကြောင်းအရာဘဲ ဖြစ်ပါတယ်။

54 ၅၄။ သူတို့ဆုတောင်းနေတဲ့ အကြောင်းအရာကတော့ အဲဒီအကြောင်းအရာဘဲ ဖြစ်ပါတယ်။ အဲဒီအခါမှာ ဗတ္တိဇံယောဟန် ရောက်လာပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ ကျမ်းစာကျောင်းတွေကို သူက ငြင်းပယ်တယ်၊ သူတို့ရဲ့ ဘိုးဘေးတွေနဲ့ ဆန့်ကျင်ခဲ့ တာကို သူကပြုလုပ်တဲ့အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ သူကတောထဲကနေ ထွက်လာတဲ့ အခါမှာလည်း ဘာပညာမှ မတတ်ပါဘူး။ သူဟာ ပညာတတ်တဲ့အနေနဲ့ထွက်လာခြင်း လည်း မဟုတ်ပါဘူး။ ဒီနေ့ပြောသလို ကော်လံထောင်ထားတဲ့ပုံစံနဲ့ ထွက်လာခြင်းလည်း မဟုတ်ပါဘူး။ အင်မတန်ကြီးမားတဲ့ သီအိုလော်ဂျီ အထုပ်အထည်ကြီးနဲ့ သူက ရောက်လာတာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သူလာတဲ့အခါမှာ ဘုရားသခင်ဂတိတော်နဲ့ သူကရောက်လာခြင်းဘဲ ဖြစ်ပါတယ်။ ဂတိတော်အတိုင်း သူက မေရှိယကြွလာတော်မူ တဲ့အကြောင်းကို ကြွေးကြော်ခြင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ရဲ့အလယ်မှာ ယခုသူရရပ်နေ တယ်ဆိုတာ သူကကြွေးကြော်ပါတယ်။ အဲဒီအခါမှာ သူတို့က သူ့ကို ကြောင်သွားပြီလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့က သူတို့ရဲ့ကျောင်းတွေကနေ ထွက်လာတာ မဟုတ်ပါဘူး။ နံရံပေါ်မှာ လက်ရေးနဲ့ ရေးထားတာတွေကို တွေ့ရပါတယ်။ ဒါပေမဲ့လည်း သူတို့မသိကြပါဘူး။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးကြွလာမယ်ဆိုတာ သူတို့စောင့်စားကြွေး ကြော်ကြပါတယ်။ ကိုယ်တော်ရှင်ကတော့ သူတို့အလယ်မှာ ရောက်နှင့်နေပြီ ဖြစ်ပါ တယ်။ ကိုယ်တော်ရှင်ကို သူတို့က မသိပါဘူး။ ဒါပေမဲ့လည်း သူတို့အပြောအရကတော့ ကိုယ်တော်ရှင်ကို မျှော်နေတယ်လို့ သူတို့ဆိုကြပါတယ်။

55 ၅၅။ ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဂျူးတွေကဲ့သို့ဘဲဖြစ်ပါတယ်။ တစ်ပါးအမျိုးသားတွေလည်း ထိုနည်းငှင်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပရောဖက်ပြုချက်အတိုင်း ဘဲဖြစ်ပါတယ်။ ပရောဖက်ပြုချက်ကလည်း တူညီမှုရှိပါတယ်။ ကိုယ် တော်ရှင်ကို သူတို့ စောင့်မျှော်နေတယ်လို့ဆိုကြပါတယ်။ ဒါပေမဲ့လည်း ဂိုဏ်းဂဏတွေကတော့ တစ်ပါးအမျိုးသား ဂိုဏ်းဂဏတွေ ဖြစ်ပါတယ်။ လောဒိကိအသင်းတော် ခေတ်ကာလကတော့ သူတို့လိုဘဲ ဝိညာဉ်မျက်စိ ကွယ်နေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ အဲလိုဖြစ် မယ်လို့လည်း ပရောဖက်ပြုထားခြင်းခံရတာဖြစ်ပါတယ်။ အဲဒီလိုဘဲ ဖြစ်လာမှာ ဖြစ်ပါ တယ်။

ဣသရေလက သူတို့ရဲ့နိမိတ်လက္ခဏာကို သူတို့သိမယ်ဆိုရင် မေရှိယကြွလာ ခြင်းဆိုတာလည်း ယခုအချိန်မှာ ဖြစ်မယ်ဆိုတာကို သူတို့ သိကြမှာ ဖြစ်ပါတယ်။ သူ တို့အသိအမှတ်ပြုခဲ့မယ်ဆိုရင် ထိုကဲ့သို့ဘဲ ဖြစ်မှာဖြစ်ပါတယ်။ တပည့်တော်တွေက သခင်ယေရှုကို ပြောကြပါတယ်။ တရားဟောဆရာတွေကလည်း ဘာကြောင့် ဧလိယ အရင်လာမယ်လို့ ဆိုကြပါသလဲ?

သခင်ယေရှုက ဧလိယကြွလာပြီ။ သူတို့က သူ့ကို မသိကြဘူး။ ဧလိယရောက် နှင့်ပြီ ဖြစ်ပါတယ်။ သူတို့က ဧလိယကို သတ်ပြီးပြီဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာ ကြိုတင်ဖေါ်ပြထားပြီးတဲ့အတိုင်းဘဲ သူတို့ပြုလုပ်ကြခြင်း ဖြစ်ပါတယ်။

56 ၅၆။ သူတို့သာ သိခဲ့မယ်ဆိုရင် အဲဒီအစွန်းရောက်နေတဲ့သူ ကျိန်ဆဲခဲ့တဲ့အတိုင်း သူတို့ လုပ်ခဲ့တဲ့အရာတွေထက် နှစ်ဆသူတို့ ပြန်ပြီးကျိန်ဆဲခြင်း ခံရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က သူတို့ကို သူ့ရဲကောင်းယောင်ဆောင်သောသူများ၊ မြွေဆိုးများ၊ မြွေပွေး မျိုးဆက်များ၊ ဒီဘုရားသခင်ရဲ့အမျက်မှ လွတ်မြောက်ဘို့ သင်တို့ကို မည်သူအသိပေးသနည်း? ကိုယ့်ကိုယ်ကို စတင်ပြီးတော့ တွေးပါ။ ကျွန်ုပ်တို့သည် အာဗြဟံကို ဖခင်အဖြစ် ရရှိထားတယ်။ ကျွန်တော်တို့ဟာ ဟိုဟာရှိတယ်၊ ဒီဟာရှိတယ် စသည်ဖြင့် သင်တို့အမျိုး မျိုး ပြောကြတယ်။ ဒါပေမဲ့လည်း ငါဆိုလိုတာက အဲဒီကျောက်ခဲ တွေပင် အာဗြဟံအတွက် သားသမီးများဖြစ်စေရန် ဘုရားသခင် ပြုလုပ်ပေးနိုင်သည်ဟု ကိုယ်တော်ရှင်က ဆိုပါသည်။

သင့်လက်ထဲမှာ ကမ္ဘာ့ကောင်စီရှိသည်ဟု စဉ်းစားပြီးတော့ မပြောပါနှင့်။ သင့်မှာ အကောင်းဆုံး ဝတ်ဆင်ထားတဲ့ အသင်းသားတွေရှိတယ်လို့လည်း မပြောပါနှင့်။ ဘုရားသခင်သည် ကြွက်ကလေးများကိုပင် သူ့ရဲ့သားသမီးများအဖြစ် မွေးထုတ်ပြီး တော့ သူ့ရဲ့နှုတ်ကပတ်တော်မြတ်ကို သူပြည့်စုံစေမှာ ဖြစ်ပါတယ်။ ပြည်တန်ဆာများ၊ လမ်းဘေး ကလေကချေများ၊ အရက် သမားများ၊ လောင်းကစားသမားများ အားလုံးကို ကိုယ်တော်ရှင် ပြုပြင်ပေးနိုင်ပါတယ်။ ကိုယ်တော်ရှင် တတ်နိုင်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရား ဖြစ်နေဆဲဖြစ်ပါတယ်။

57 ၅၇။ ဝိညာဉ်မျက်စိကွယ်နေသော ဂိုဏ်းဂဏများသည် ဣသရေလကဲ့သို့ မျက်စိ ကွယ်နေပါတယ်။ သူတို့နှစ်မျိုးစလုံး ထိုကဲ့သို့ မျက်စိကွယ်နေမယ်ဆိုတာကို ကြိုတင်ပရောဖက်ပြု ခံထားရပြီးဖြစ်ပါတယ်။ သင်တို့ဦတူတဲ့အရာကို ကျွန်တော်ပြ လိုပါတယ်။ ကျွန်တော် လိုလားတဲ့အချိန်၊ ကျွန်တော် လိုလားတဲ့အကွက်ထဲကို ဝင်လာတဲ့အထိ ကျွန်တော် ပြလိုပါတယ်။ ဝိညာဉ်မျက်စိကွယ်ခြင်း ဖြစ်တယ်။ တစ်ပါးအမျိုးသား၊ အသင်းတော်၊ ဂိုဏ်းဂဏများ ဖြစ်ပြီး လောဒိကိအသင်းတော် ခေတ်ကာလမှာ အားလုံး သူတို့အတူတူဘဲ မျက်စိကွယ်လျှက်ရှိကြပါတယ်။

လောဒိကိခေတ်ကာလ၊ အသင်းတော်က သတင်းစကားကို လက်ခံဘို့ရန်ဖြစ်ပါ တယ်။ (မာလခိ ၄)မှာ ဆိုထားသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူတို့ဘာကို ရှာဖွေနေပါသလဲ? ကျွန်တော်တို့ရဲ့ ဂိုဏ်းဂဏက နှုတ်ကပတ်တော်ကို ထုတ်လုပ် မယ်။ ကျွန်တော်တို့အားဖြင့် လာတာမဟုတ်ရင် နှစ်ခြင်းတွေ၊ ပရက်စ်ဘီတေးရီးယန်းတွေ၊ Assembly တွေ Oneness တွေ စသည့်ဖြင့်လာမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ထုတ်လုပ်တာ မဟုတ်ဘူးဆိုရင် အဲဒီလူတွေက ထုတ်လုပ်မှာဖြစ်ပါတယ်လို့ ဆိုကြပါတယ်။ အဲဒါတွေက မမှန်ကန်ပါဘူး။ ထိုနေ့ရက်၊ ထိုကာလကလည်း သူတို့ ထိုကဲ့သို့ဘဲ လုပ်ခဲ့ ကြပါတယ်။ အဲဒီလို ဘဲ သူတို့မသိဘဲ မေရှိယကြွလာတယ်။ ပြန်ထွက်သွားခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ လုံးဝမသိပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် ပြည့်စုံပေမဲ့လည်း သူတို့ ဘာမှမသိပါဘူး။ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ သူတို့ကို ဖေါ်ပြထားတဲ့အ တိုင်း သူတို့လုပ်မှာဖြစ်ပါတယ်။ လူသားကိုလည်း သူတို့ထိုကဲ့သို့ဘဲ ပြုမှာဖြစ်ပါတယ်လို့ ကိုယ်တော်ရှင်က ဖေါ်ပြထားပါ တယ်။ ကိုယ်တော်ရှင်ကိုလည်း သူတို့က ငြင်းပယ်ခဲ့ကြပါတယ်။

58 ၅၈။ တပါးအမျိုးသား နေ့ရက်ကာလများမှာလည်း ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ (မာလခိ၄) မှာဖေါ်ပြထားသကဲ့သို့ဘဲဖြစ်ပါတယ်။ သခင်ယေရှု မိန့်တော်မူသည့်အတိုင်း နှုတ်ကပတ်တော်တွေအားလုံးဟာ ဝိညာဉ်တော်တန်ခိုးပါပြီး ဝိညာဉ်တော် မှုတ်သွင်းခြင်း ခံရပါတယ်။ တစ်စိတ်တစ်ဒေသကိုသာ မှုတ်သွင်းခြင်းမဟုတ်ဘဲနဲ့ အကုန်လုံး ကို မှုတ်သွင်းထားတဲ့အတွက် မပြည့်စုံတဲ့အရာ ဘာတစ်ခုမှ မရှိပါဘူး။ နှုတ်ကပတ်တော် မပြည့်စုံစေဘို့အတွက် ဟန့်တားထားတဲ့ နည်းလမ်းလည်း ဘာမှမရှိပါဘူး။ အားလုံးပြည့် စုံရမှာဖြစ်ပါတယ်။ သခင်ယေရှု ထိုကဲ့သို့ ဖြစ်မယ်လို့ ကြိုတင်ဖေါ်ပြထားပါတယ်။ အဲဒီအတိုင်း ဘဲ ဖြစ်ပျက်လာတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

နောက်ဆုံးသော နေ့ရက်ကာလမှာ ပြန်လည်ရရှိခြင်းဆိုတာ ဘာဖြစ်ပါသလဲ¿ ဂိုဏ်းဂဏဆိုင်ရာ ညီကိုမောင်နှမများ သေချာနားထောင်ပါ။ ပင်တေကုတ္တေမှုရင်းပွဲ တော်အတိုင်းဘဲ ပြန်လည်ဖြစ်ခြင်း ဖြစ်ပါတယ်။ အစက ဖြစ်သကဲ့သို့ ဖြစ်ပါတယ်။ ဣသရေလရဲ့ တံပိုးပွဲတော်မတိုင်ခင် တံပိုးမှုတ်သံ ပြန်လည်မကြားရခင်မှာ ထိုကဲ့သို့ပြန် လည်ဖြစ်မှာဖြစ်ပါ တယ်။ ပြန်ဖြစ်ကို ဖြစ်ရမှာဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ တစ်စုံ တစ်ခု လုပ်ရဘို့ရှိပါတယ်။ (မာလခိ၄) ဆိုထားသကဲ့သို့ဘဲ ဖခင်တွေရဲ့ယုံကြည်ခြင်းကို သားသမီးတွေအပေါ်မှာ သက်ရောက်စေပြီး ပြန်လည်ဖြစ်ပေါ်လာမဲ့အရာတွေဘဲ ဖြစ် ပါတယ်။

ဣသရေလက သူတို့ရဲ့ မေရှိယကို သူတို့အသိအမှတ်ပြုပြီးတော့ နိမိတ်လက္ခဏာတွေကို လက်ခံခဲ့မယ်ဆိုရင် သူတို့ အဲဒီနေရာမှာ ယနေ့ရောက်နေမှာ မဟုတ်ပါဘူး။ သူတို့ဘာကြောင့် အဲဒီလို မယုံကြည်ပါသလဲ? သနားဘွယ်ကောင်းပါတယ်။ ဘာကြောင့် သူတို့ မယုံကြည်ပါသလဲ? ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ သူတို့နိမ့်ကျမှာ မဟုတ်ဘူးဆိုပြီး မိန့်တော်မူထားခံလို့ဘဲ ဖြစ်ပါတယ်။ ဘယ်နှစ်ယောက် ယုံကြည်ပါသလဲ? အာမင်လို့ခေါ်ပါ။ ပရိသတ်က လည်း အာမင်လို့ ခေါ်ပါတယ်။ ဘုရားသခင်က သူတို့ ယုံကြည်မှာမဟုတ်ဘူးလို့ ဆိုခဲ့ပါတယ်။ အဲဒီအတိုင်းဘဲ ဘုရားသခင် ကလည်း လောဒိကိခေတ်ကာလမှာ အဲလိုဘဲဖြစ်မယ်လို့ ဆိုထားပါတယ်။ ကြိုတင်ပြီး ရေးသားဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။

59 ၅၉။ သူတို့ မေရှိယနဲ့ပတ်သက်တဲ့ ဂတိတော် နိမိတ်လက္ခဏာ၊ ဂတိတော်တွေကို အသိအမှတ်ပြုခဲ့တယ်ဆိုရင် သူတပါး ရဲ့ နိမိတ်လက္ခဏာကိုလည်း သိကြမှာ ဖြစ်ပါတယ်။ လူသားရဲ့နံမည်နဲ့ ကိုယ်တော်ရှင် ကြွလာတော်မူပါတယ်။ ယခုအခါမှာ ကိုယ်တော်ရှင်က

နာမတော်၌ဖြစ်ပြီး ပင်တေကုတ္တေ တလျှောက်လုံး သန့်ရှင်းသောဝိညာဉ်တော်၊ ဘုရား သားတော်နာမ၌ ရှိနေပါတယ်။ နောက်တစ်ခုကတော့ မိလေနီကာလမှာ ဒါဝိဒ်ရဲ့သား တော်ဖြစ်မှာ ဖြစ်ပါတယ်။ သားတော် (၃)ပါးဖြစ်ပါတယ်။ ဘုရားတဆူတည်းဖြစ်ပါ တယ်။ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် အလားတူတဆူတည်း သောဘုရား ဖြစ်ပါတယ်။ ဒါဝိဒ်သားတော်၊ ဘုရားသားတော်၊ လူသား၊ ဘုရားသားအားလုံးဟာ တချိန်တည်းမှာပင် ဘုရားသခင်ဖြစ်ပါ တယ်။ ကွဲပြားခြားနားနေတဲ့ အမှုတော်ဆောင်ခြင်း၌ ဖြစ်နေပါတယ်။

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ဟာ ဘုရား(၃)ပါး မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဘုရားတပါးတည်း ဖြစ်ပြီးတော့ ခေတ်ကာလကြီး ၃ ခု အမှု တော်ဆောင်ခြင်း ၃ ခုမှာ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်မှာ ဆောင်ရွက်နေခြင်းဘဲဖြစ်ပါတယ်။ ယနေ့ခေတ်ကာလမှာ အဆင်အလာအရ မျက်စိကွယ်နေတယ်။ ထိုစဉ်ကာလကကဲ့သို့ ပင်ဖြစ်နေပါတယ်။ အစဉ်အလာအတိုင်းမျက်စိ ကွယ်နေပါတယ်။ သူတို့မမြင်ကြပါဘူး။ ဘာကြောင့်သူတို့မမြင်ရကြသလဲ။ သူတို့ဘယ်တော့မှ မြင်မှာ မဟုတ်ပါဘူး။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အရာကိုတော့ သတိရပါ။ ဘာကြောင့် ထိုကဲ့သို့ဆိုခဲ့သ လဲ။ ယောဟန်ကဲ့သို့ဘဲဖြစ်ပါတယ်။ သူတို့အားလုံးပြုလုပ်ကြ သကဲ့သို့ဘဲဖြစ်ပါတယ်။ တခုခုကတော့ ဒီနေရာမှာ တွယ်ကပ်နေပါတယ်။ အဲဒါကို ကျွန်တော်တို့ဖော်ထုတ်ဖို့လိုပါတယ်။ ဘုရားသခင်၏သိုးများ၊ ဘုရားသခင်ရဲ့အသံကို ကြားနာ ကြပါ။ ငါသိုးတို့သည် ငါ့စကားသံကိုကြားသည်ဆိုတဲ့ကျမ်းပုဒ်ရှိပါတယ်။

60 ဖ၁။ ရေတွင်းထဲမှာရှိတဲ့အမျိုးသမီးဟာ သူမရဲ့နေ့ရက်ကာလကို သူမသိပါတယ်။ မေရှိယရဲ့ နိမိတ်လက္ခဏာကို ကြည့်ခြင်း အားဖြင့် သူမသိခြင်းဖြစ်ပါတယ်။ သူမရဲ့အခြေအနေက ဆိုးဝါးတဲ့အခြေအနေဖြစ်ပါတယ်။ သူမဟာ အသင်းတော်အိုကြီးများ နဲ့ပေါင်းပြီးတော့ မိုက်ရူးရဲမဆန်ချင်တော့ပါဘူး။ သူတို့လုပ်သလို မလုပ်ချင်တော့ပါဘူး။ သူတို့ နေ့စဉ်အသက်ရှင်တဲ့အခါမှာ သူတို့လုပ်တဲ့အရာတွေကို ကြည့်ပြီးတော့သူမက အဲဒါတွေကို လုံးဝမယုံကြည်တော့ပါဘူး။ ဒါပေမဲ့လည်း သူမသိတာကတော့ တနေ့သောအခါမှာ ကိုယ်တော်ရှင် ကြွလာတော့မယ်ဆိုတာကိုဘဲ သိထားပါတယ်။ ရေတွင်းနားကို ကိုယ်တော်ရှင် ရောက်တဲ့ အခါမှာ သူမက သူမရှာဖွေမျှော်လင့်နေတဲ့အရာကို ရရှိပြီဆို တာသိရပါတယ်။ သူမရဲ့ လို့ဝှက်ချက်တွေ သူမအထဲမှာရှိတဲ့ ကိုယ်တော်ရှင်က ဖော်ပြ ပါတယ်။ သူမယခုအပြစ်ကျူးလွန်နေတဲ့အကြောင်းတွေကို ဖော်ပြပါတယ်။

သူမက ကိုယ်တော်ကိုဘာပြောသလဲဆိုတော့ ဆရာဟာ ပရောဖက်တပါးဖြစ်မယ်ဆိုတာ ကျွန်မယုံကြည်ပါတယ်လို့ ဆိုပါတယ်။ နှစ်ပေါင်း ၄၀၀ တိုင်တိုင်သူတို့မှာ ပရောဖက်မရှိပါဘူး။ ကိုယ်တော်ရှင်ဟာ ပရောဖက်ဖြစ်မယ်ဆိုတာ ကျွန်မသိပါ တယ်။ မေရှိယကြွလာတဲ့အခါမှာ သူဟာ ဒီနိမိတ်လက္ခဏာလုပ်မယ်ဆိုတာကိုလည်း သူမက သိပါတယ်။

ကိုယ်တော်ရှင်ကလည်း 'ငါပင်ဖြစ်တယ်' လို့ ပြန်ပြီးတော့ပြောခဲ့ပါတယ်။

သူမ သိရှိလက်ခံခဲ့ပါတယ်။ ဘာမေးခွန်းမှမထုတ်တော့ပါဘူး။ ဘယ်လိုသက်သေ ပြမလဲလို့မပြောပါဘူး။ သက်သေပြနိုင်ပြီး ဖြစ်ပါတယ်။ 'မေရှိယကြွလာတဲ့အခါမှာ သူ လုပ်မဲ့အရာတွေရှိပါတယ်။ သူလုပ်မဲ့အရာတွေကိုလည်း သူလုပ်မှာဖြစ်ပါတယ်။'

သမ္မာကျမ်းစာအားဖြင့်သူမကအသိမှတ်ပြုနိုင်မယ်ဆိုလို့ရှိရင် ညနေခင်းအနေနဲ့ ယနေ့ခေတ်ကာလ နိမိတ်လက္ခဏာတွေကို ကျွန်တော်တို့အသိမှတ်မပြုနိုင်ပေဘူးလား။ မေရှိယကြွလာတဲ့အခါမှာ ဒီအရာတွေအားလုံးကို ကျွန်တော်တို့ကို ဖော်ပြမယ်။ ကျွန် တော်ပြောပြမယ်ဆိုတာကျွန်တော်တို့သိပါတယ်။

ကိုယ်တော်ရှင်ကလည်း သင့်ကိုစကား ပြောသောငါသည် မေရှိယပင်ဖြစ်တယ် လို့ဆိုပါတယ်။

ဘာမေးခွန်းမှမမေးတော့ပါဘူး။ သူမကအဝေးကိုပြေးထွက်သွားပြီးတော့ လူတွေကို လာကြည့်ပါ။ မေရှိယဒီမှာ ရှိတယ်လို့ဆို ပါတယ်။ သူမကိုလည်း ဘယ်သူကမှ မေးခွန်းမမေးတော့ပါဘူး။ အားလုံးအဖြေရနှင့်ထားပြီးသားဖြစ်နှင့်ပါပြီ။ ဘာကြောင့် လည်း ဆိုတော့သူမက သူမအသက်ရှင်တဲ့ နေ့ရက်ကာလကို အသိမှတ်ပြုလို့ဘဲဖြစ်ပါတယ်။ သူမအသိမှတ်ပြုခြင်းပင်ဖြစ်ပါ တယ်။

61 ဖ၁။ နာသနေလကဲ့သို့ဘဲ နာသနေလဟာ အလွန်ကြီးမြတ်လွန်း ဟေဗြဲလူကြီးဖြစ် ပါတယ်။ မေရှိယရဲ့နိမိတ်လက္ခဏာကို တွေ့တဲ့အခါမှာ ဟိုးအရင်တုန်းကပေးခဲ့တဲ့ ဂတိတွေကို ပြန်လည်ပြီးသတိရပြီး ဘယ်လောက်ဘဲ ဟဗ်ပရောဟိတ်တွေများ ပါစေ၊ ဘယ်လောက်ဘဲဘယ်လိုဘဲပြုလုပ်ပါစေ သူအနေနဲ့မေရှိယရဲ့ နိမိတ်လက္ခဏာကို သိနေပါတယ်။ ဘာဖြစ်ပါသလဲ။ ဘာဖြစ်သလဲဆိုရင် ဟဗ်ပရောဟိတ်တွေတွက် အနှောင့်အရှက်ဖြစ်ပါတယ်။ လူတွေအားလုံးအသင်းတော်က နေထွက်ခွာ သွားပြီးတဲ့အခါမှာ ပရောဖက်နောက်ကို လိုက်သွားကြပါတယ်။ အဲဒီတော့သူတို့က ဘာပြောကြသလဲဆိုတော့ သူရဲ့ဝတ်ပြု စည်းဝေးကို တက်ရောက်တဲ့လူတွေကို သူတို့အသင်းတော်ကနေ နှင်ထုတ်မယ်လို့ဆိုပါတယ်။ ဂိုဏ်းဂဏတွေကနေ နုတ်ပယ်ပစ်လိုက်မယ်လို့ဆိုပါတယ်။

ယနေ့ခေတ်ကာလမှာလည်း ထိုကဲ့သို့ပင်ဖြစ်ပါတယ်။ ငါတို့အဖွဲ့ထဲကနေ နှင်ထုတ်မှာ ဖြစ်ပါတယ်။ မင်းအဲဒီအစည်းဝေး ကိုမတက်ရဘူးစသည်ဖြင့် တားဆီးမှုတွေ ရှိပါတယ်။

မျက်စိကွယ်နေတဲ့လူကို သတိရပါ။ ဖခင်မိခင်တို့ ဘာမှမဖြေနိုင်ပါဘူး။ သူတို့အား လုံးကြောက်ရွံ့နေပါတယ်။ ဘာကြောင့် လည်း ဆိုတော့ သခင်ယေရှုထံကိုသွားတဲ့သူတွေ၊ မည်သူကိုမဆို ဒါမှမဟုတ်သူရဲ့ ဝတ်ပြုစည်းဝေးကိုတက်တဲ့လူ ဘယ်သူ ကိုမဆို မောင်းထုတ်မယ်လို့ ဆိုထားလို့ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ မျက်မမြင်ဇာတိမဲ့ဟာ သူ့အတွက် သူပြန်ဖြေရပါတယ်။ တနေ့သောအခါမှာ သူဟာမျက်စိကွယ်ခဲ့သောလည်း ယခုအခါ မှာ ပြန်မြင်ရပြီလို့ဆိုပါတယ်။

တနေ့သောအခါမှာ ကျွန်တော်ဟာ မျက်စိကွယ်ခဲ့ပါတယ်။ ယခုအခါမှာ ကျွန်တော်တွေ့ပါပြီ။ ဒီအရာများကို မသိခဲ့တဲ့ ကျွန်တော်ဟာ

ယခုအခါမှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အရာခပ်သိမ်းကို သိမြင်ခွင့်ရပါပြီ။ ဂိုဏ်းဂဏတွေ အားလုံးသူတို့ လာနေတယ်ဆိုတာကို သတိပြုကြပါ။ ငါ့ကိုမြှောက်ထားတဲ့အခါမှာ ငါဟာလူများကို ငါ့ထံကို ဆွဲဆောင်မယ်လို့ ကိုယ်တော်ရှင် မိန့်တော်မူခဲ့ပါတယ်။

62 ၆၂။ နာသနေလက ထိုအကြောင်းအရာကို သိမှတ်ပါတယ်။ သူသိနှင့်ပြီး ဖြစ်ပါတယ်။

မောရှေရဲ့ကျမ်းစာအထောက်အထားများအရ ဖော်ပြထားတဲ့ နှုတ်ကပတ်တော်အတိုင်း မောရှေက နေ့ရက်ကာလတခုစီအ တွက် ဂတိကိုပြည့်စုံမယ်ဆိုတာသိရပါတယ်။ ဘာကြောင့်လည်းဆိုတော့ နှုတ်ကပတ်တော်က ဖော်ပြထားလို့ဘဲ ဖြစ်ပါတယ်။ ဘယ်လောက်ဘဲထူးခြားပါစေ၊ တောထဲမှာ အလင်းကိုတွေ့ရတယ်လို့ ငါသူတို့ကို ပြန်ပြောမယ်။ အဲဒီအလင်းရှိတယ်ဆိုတာ ငါဘယ်လိုပြောမလဲ။ အဲဒီအလင်းက ငါကိုသွားလို့ ပြောလို့ဘဲဖြစ်ပါတယ် သူကပြောပါတယ်။

တကယ်ဘဲ မောရှေနှင့်အတူ ငါရှိမယ် လို့ ကိုယ်တော်ရှင်မိန့်တော်မူပါတယ်။

သူကိုယ်သူအီဂျစ်နိုင်ငံမှာ ဖော်မပြပါဘူး။ အံ့ဖွယ်နမိတ်လက္ခဏာများအားဖြင့်သာ ဖြစ်ပါတယ်။ သို့သော်လည်းသူတို့အားလုံးကို တစုတဝေးထဲစုဝေးပြီးတော့ နောက်ပိုင်း မှာ သူတို့ထံကိုသူတို့တဖန်ပြန်လည်ပြီးတော့ ပေါ်လာပါတယ်။ မောရှေရဲ့သာသနာ ပြုခြင်းကို ဖော်ပြပါတယ်။ ရွေးချယ်ခံရသောသူများ ခေါ်တော်မူသောသူများရှေ့မှာ ဖော်ပြပါတယ်။ ထိုပရောဖက်က သူတို့အားလုံးကို နိုင်ငံတနိုင်ငံမှ ရွေးထုတ်ပြီးတော့ ခေါ်ထုတ်လာပြီးတော့ နေရာတနေရာကို ခေါ်သွားပါတယ်။ ထိုအခါမှာ မီးတိုင်က တဖန်ပြန်ပေါ်လာပြီးတော့ သိနတောင်ရဲ့ထိပ်မှာ ရှိနေပါတယ်။

63 ၆၃။ ဒီနေ့ခေတ်နဲ့လည်း အတူတူဘဲဖြစ်ပါတယ်။ အာမင်။ ဘုရားဘုန်းတော်ထင် ရှားပါစေ။ ကျွန်တော်အတွက် အသက်တမျှ အရေးကြီးပါတယ်။ ကျွန်တော်ရဲ့ခေတ်ကာလလည်း တဖြည်းဖြည်းနဲ့ နီးကပ်လာပြီ ဖြစ်တယ်။ ဒီခေတ်ဒီကာလမှာ အကျင့် တရား ပျက်ပြားခြင်း၊ မကောင်းမှုဒုစရိုက်တွေအားလုံး အရာခပ်သိမ်းကို လွှမ်းမိုးနေပါတယ်။ ကျွန်တော်လှည့်ပြီး ကြည့်လိုက် တဲ့အခါမှာ ဘာဖြစ်ပါသလဲ။ ကျွန်တော်ရဲ့စိတ်နှလုံးပျော် ရွှင်ခြင်းကြောင့် ခုန်ပေါက်မိပါတယ်။ ဒီလောကမှာ ရှိနေတဲ့ တဲတော်ဟာ မကြာခင် အချိန်မှာဘဲ အရည်ပျော်ကြသွားတော့မယ်ဆိုတာကို သိရတဲ့အတွက်ဝမ်းမြောက်မိခြင်း ဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဆက်ပြီးတော့ စောင့်နေရအုန်းမှာ ဖြစ်ပါတယ်။ ကျွန် တော်ကလူတွေကို ဆွဲဆောင်ပါတယ်။ အရာသည် လောကဆိုင်ရာ အရာတွေ သူတို့ကို ဆွဲငင်ချည်နှောင်ထားတဲ့အရာတွေကနေ တဖြည်းဖြည်းလျော့ရဲ လွတ်မြောက်အောင် ကျွန်တော် ဆွဲဆောင်ပါတယ်။ သူတို့ကိုဖော်ပြပါတယ်။ သမ္မာကျမ်းစာအားဖြင့် ဘုရားသခင် ထိုနေရာမှာ ရပ်နေတယ်။ မီးတောင်အားဖြင့် ဖော်ပြနေတယ်ဆိုတာကို ဖော်ပြနေပါတယ်။ ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာတို့က သူတို့ကို တွေ့မြင်ကြပါတယ်။ အချို့က ကင်မရာတွေနဲ့ဓာတ်ပုံတွေ ရိုက်ယူကြပါတယ်။ တချိန်ပြီးတချိန်သက်သေပြ နေခြင်းဘဲဖြစ်ပါတယ်။

64 ၆၄။ နောက်ပြီးသူရဲ့လူတွေပေါ်လာပါတယ်။ အဲဒီလိုဘဲဖြစ်ရမှာ ဖြစ်ပါတယ်။ မောရှေရဲ့ခေတ်ကာလကလည်း အဲဒီလောက် သိတဲ့လူတွေ ပေါ်လာပါတယ်။ အဲဒီလိုဘဲ ပြုလုပ် ခဲ့ပါတယ်။ ဘုရားသခင်ကဘာပြောသလဲဆိုတော့ မိမိကိုယ်ကိုမိမိဟော ထားပြီး တိကျ မှန်ကန်အောင်နေပါလို့မောရှေကိုပြောပါတယ်။ သူတို့နဲ့ရောနှောပြီးပေါင်းသင်းပြီးမ နေပါနှင့်။ သူတို့အားလုံးကို နှင်ချပစ်လိုက်မယ်လို့ ပြောပါတယ်။ ဒီကမ္ဘာလောကကြီးထဲမှာ သူတို့ရောက်လာပါတယ်။ သူတို့နေတဲ့ကာလမှာလည်း ဒီလိုဘဲဖြစ်မယ်။ လောကဖက်ကိုပြန်ရောက်သွားကြပါတယ်။ ငွေနဲ့ပတ်သက်တဲ့အရာတွေ အခြားအရာအားလုံး တွေကို ပြန်လည်ရရှိဖို့ကြိုးစားကြပါတယ်။

မောရှေရဲ့ကျမ်းစာဆိုင်ရာ လက္ခဏာက ဘာလဲဆိုတော့ သူဟာအင်မတန်မှ ကြီး မြတ်တဲ့ပရောဖက်ကြီးတ း စ်ပါးဖြစ်ပါတယ်။ သူတို့ကိုသွားပြီးတော့ ရွေးနုတ်ကယ်တင်မဲ့သူလည်း ဖြစ်ပါတယ်။ သူတို့အဲဒါတွေကို သိမှတ်ကြပါတယ်။ နမိတ်လက္ခဏာတွေကို သူတို့သိကြပါတယ်။ ကျမ်းစာက သတိပေးဖော်ပြခဲ့တဲ့အတိုင်း မောရှေအတိအကျ ဖြစ်တယ် ဆိုတာသိကြပါတယ်။

သခင်ယေရှုကတော့ သမ္မာကျမ်းစာထဲမှာ ဖော်ပြထားတဲ့အတိုင်း ရေတွင်းနား မှာရှိတဲ့အမျိုးသမီးကို ဖော်ပြခဲ့ပါတယ်။ ကိုယ်တော်ရှင်ဟာ အနက်အဓိပ္ပါယ်ကို ဖော်ပြ ဖွင့်ဆိုသူဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သမ္မာကျမ်းစာထဲက အနက်အဓိပ္ပါယ်တွေကို ဖွင့်ဆိုခဲ့သူဖြစ်ပါတယ်။ သူရဲ့အသက်တာကိုယ်တိုင်က သူရဲ့နှုတ်ကပတ်တော်ကို ဖွင့် ဆိုခဲ့ပါတယ်။

နေ့ရက်ကာလရဲ့သတင်းစကားကို သင်သဘောပေါက်ပါသလား။ ကျွန်တော် ဘယ်နေရာမှာ ရောက်နေပြီလဲဆိုတာကို ရောသင်သိပါသလား။ သတင်းစကား ကိုယ်တိုင်ကိုက သမ္မာကျမ်းစာထဲမှာ ဖြစ်ပြီးတော့ ကျွန်တော်တို့ အသက်ရှင်နေထိုင် နေတဲ့ ဤနေ့ရက်ကာလတွေကို အနက်ဖွင့်ဆိုထားပါတယ်။ အဲဒါကတော့အနက်အဓိပ္ပါယ် ဖွင့်ဆိုခြင်းဘဲ ဖြစ်ပါတယ်။

65 ၆၅။ သခင်ယေရှုက ဣသရေလကို ပြောခဲ့တဲ့အရာကတော့ 'သင်နေ့ရက်ကာလကို သင်သိလို့ရှိရင် အို ယေရှုဆလင်မြို့၊ အိုးယေရှုဆလင်မြို့' ဆိုပြီးတော့သူကပြောပါတယ်။

တချိန်တုန်းကသူဟာ သံလွင်တောင်ပေါ်မှာ ထိုင်ပြီးတော့ ယေရှုဆလင်မြို့ကြီးကြည့် ပြီးတော့ ထိုကဲ့သို့ ဝမ်းနည်းစရာပြော ဆိုပြီးတော့ ငိုကြွေးခဲ့ပါတယ်။ သူငုံကြည့်လိုက်တဲ့အခါမှာ သူကိုလည်း သူတို့ကသိကြရပါတယ်။ နှိုင်းယှဉ်ပြီးပြော ဆိုရမည်ဆိုရင် တနေ့ မနက်က နံနက် (၁၀) နာရီလောက်ကဖြစ်ပါတယ်။ ကျွန်တော်ဟာပြည်တန်ဆာအ သင်းတော်ကို တွေ့မြင်နေရပါတယ်။ ကျွန်တော်ရဲ့နှလုံးသားထဲမှာ သန့်ရှင်းသောဝိညာဉ် တော်ငိုကြွေးနေတာကို ကျွန်တော်ခံစားရပါတယ်။

'အိုးယေရှုဆလင်၊ ယေရှုဆလင် သင်ကိုငါစုသိမ်းဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့လည်း သင်ဘာလုပ်သ လဲ။ သင်ဟာ ပရောဖက်တွေကို သတ်ဖြတ်တယ်။ ငါစေလွှတ်သမျှသော ပရောဖက်တွေအားလုံးကို သတ်ဖြတ်ပစ်လိုက်ပါ တယ်လို့ ဆိုပါတယ်။' ထိုကဲ့သို့ဘဲ

နိုင်းယှဉ်ပြောဆိုရမှာ ဖြစ်ပါတယ်။

ယနေ့အသင်းတော်ထံသို့သတင်းစကားများ ပို့ဆောင်ပါတယ်။ သူတို့ရဲ့ဂိုဏ်းဂ ဏခံယူချက်တွေ၊ ဩဝါဒတွေက ထိုသတင်းစကားကို သတ်ပစ်လိုက်ပါတယ်။ သမ္မာကျမ်းစာကို သူတို့ရဲ့ယုံကြည်ချက်တွေက သတ်ဖြတ်ပစ်လိုက်ပါတယ်။ သခင်ယေရှုမိန့် တော်မူတဲ့အတိုင်းဘဲ သင်ရဲ့နေ့ရက်ကာလကို သင်သိလို့ရှိရင် ယခုအခါမှာ သိပ်ပြီး ဝေးကွာသွားပြီး သိပ်ပြီးတော့ နောက်ကျသွားပြီဖြစ်ပါတယ်လို့ ဆိုထားပါတယ်။ ဒီနေ့အသင်းတော်တွေအတွက်လည်း ထိုနည်းလည်းကောင်း ပင်ဖြစ်ပါတယ်။

ကျွန်တော်ယုံကြည်ပါတယ်။ ကျွန်တော်စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ပါတယ်။ သူမဟာ ကယ်တင်ခြင်းကို ကျော်လွန်သွား ပါပြီ။ ဘယ်လိုဘဲဖြစ်ဖြစ်၊ ဘယ်လိုဘဲစဉ်း စား စဉ်းစား သင့်ရဲ့အတွေးအခေါ်သင့်ရဲ့အယူအဆဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီအရာကတော့ ကျွန်တော်အတွေးဖြစ်ပါတယ်။ ကျွန်တော်ရဲ့အတွေးကိုသင်လက်ခံဖို့မ လိုပါဘူး။ သို့သော်လည်း ကျွန်တော်ယုံကြည်တာကတော့သူကတော့ ကယ်တင်ခြင်းကို ကျော်သွားပါပြီ။ လွန်ခဲ့တဲ့လေး၊ ငါး၊ ခြောက်နှစ်ထဲက ကျော်လွန်သွားပါပြီ။ ချီကာကို မြို့ကို ကျွန်တော်သတိရပါတယ်။ ထိုနေ့ရက်ကာလထဲက ဘာဖြစ်လာပါသလဲ။ ဆက် လက်ပြီးတော့ လေ့လာကြည့်ပါ။ သင့်ရဲ့နာမည် အဲဒီနေ့ရက်မတိုင်မီကတည်းက ရှိပါတယ်။ အဲဒီမှာ ကပ်ထားပါတယ်။ ကိုယ်တော်ရှင်မိန့်တော်မူတယ်လို့ ဆိုထားခြင်းဘဲ ဖြစ်ပါတယ်။ သူမကမကျဆုံးသေးဘူးဆိုလို့ရှိရင် ဆက်လက်ပြီးတော့ တည်ရှိနိုင်ပါတယ်။

66 ၆၆။ ၁၉၃၃ ခုနှစ်ကိုကြည့်ပါ။ နောက်ဆုံးသောကာလနေ့ရက်မှာအမျိုးသမီးတွေ ဘယ်လိုပြုမူဆောင်ရွက်မလဲဆိုတာကို ဖော်ပြထားပါတယ်။ မူဆိုလိုနီက သူဘယ်လို အဆုံးသတ်မလဲ၊ သူကဘယ်လိုနိဂုံးချုပ်မလဲဆိုတာကို ဖော်ပြထားပါတယ်။ ဟစ်တလာ လည်း ဘယ်လိုလျှိုက်ဝှက်နက်နဲစွာ ဘယ်လိုအဆုံးသတ်သွားမလဲဆိုတာကို ဖော်ပြထား ပါတယ်။ နောက်ပြီးတော့ ဝါဒသုံးခုပေါ်ပေါက်လာမယ်။ အဲဒီဝါဒ သုံးခုဟာ ပူးပေါင်းပြီး တော့် ကွန်မြူနစ်ဝါဒ ဖြစ်လာမယ်ဆိုတာကို ဖော်ပြထားပါတယ်။ အဲဒီလိုဖြစ်ပြီးတဲ့အ ခါမှာ စက်မှုလက်မှုတွေ ဘယ်လိုထွန်းကားခြင်းတွေ ဖြစ်ပေါ်လာမလဲ။ သူကဲ့သို့ ဆင်တူ တာတွေဖြစ်ပေါ်လာမယ်။ နောက်ပြီးတော့အမျိုးသမီးတွေကလည်း အမျိုးသားတွေကဲ့သို့ ဝတ်ဆင်မယ်။ သူတို့ရဲ့အောက်ခံအဝတ်အစားကအစ နောက်ဆုံးမှာ သူတို့ဝတ်ဆင်တာက တဖန်းရွက်ကလေးသာသာ ဝတ်ဆင်ကြမယ် ဆိုတာကို ဖော်ပြထားပါတယ်။ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့ဘယ်လိုပြုမူမလဲ နောက်ဆုံးသောနေ့ရက်ကာလမှာ ဘယ်လို ကျင့်ကြံနေထိုင်မလဲဆိုတာ ကြည့်မယ်ဆိုလို့ရင် တွေ့ရပါတယ်။ ကိုယ်ရဲ့မျက်စိရှေ့မှာဘဲ ဖြစ်နေပါတယ်။

ခရစ်ယာန်လို့နာမည်ခံထားတဲ့အမျိုးသမီးကို ကြည့်ပြီးသိနိုင်တယ်ဆိုလို့ရှိရင် သူရဲ့ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့ သိရမှာဖြစ် ပါတယ်။ သူတို့အပေါ်မှာ နတ်ဆိုး သက်ရောက်နေပါတယ်။ သူတို့ဆံပင်တွေကို တိုတိုလေးတွေဖြတ်ကြပါတယ်။ နတ်ဆိုး တွေသာ ထိုကဲ့သို့ပြုလုပ်နိုင်တာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်နဲ့ဆန့်ကျင် ဖက်ဖြစ်ပါတယ်။ ဧဒင်ဥယျာဉ် ကြီးထဲမှာကဲ့သို့ဖြစ်ပါတယ်။ သူတို့ဘာလုပ်ကြပါသလဲ။ သူတို့သိမယ်ဆိုလို့ရှိရင်သူတို့ ကြိုးစားပြီးပြောကြမှာဘဲဖြစ်ပါတယ်။ အဲဒီတရားဟော ဆရာလေးကတော့ အဲလိုဘဲပြောတယ်လို့ဆိုကြမှာ ဖြစ်ပါတယ်။ ကျွန်တော်မဟုတ်ပါ ဘူး။ ကျွန်တော် ဘာလုပ်ရမလဲဆိုပြီးတော့ ခင်ဗျားတို့ကို ပြောနေခြင်း မဟုတ်ပါဘူး။ ကျွန်တော်နှုတ်ကပတ်တော် ကိုပြောဆိုနေခြင်းဘဲဖြစ်ပါ တယ်။ အဲဒါကနတ်ဆိုးဖြစ်မယ်ဆို တာသူတို့သိမယ်ဆိုလို့ရှင်ရင်ကောင်းမှာဘဲဖြစ်တယ်။

67 ၆၇။ သူတို့ကိုသူတို့ခရစ်ယာန်များလို့ခေါ်ပါတယ်။ သခင်ယေရှုမိန့်တော်မူတဲ့အတိုင်း ဘဲ ငါကိုသခင်လို့ဘယ်လိုခေါ်နိုင်မှာလဲ။ ငါပြုသည့်အရာများ၊ ငါပြောသည့်အရာများ ကိုသင်တို့မလုပ်ဘဲနဲ့ငါကိုအဘယ်ကဲ့သို့သခင်လို့ အဘယ်သို့ ခေါ်နိုင်ပါသလဲ။ သူတို့ခရစ် ယာန်မဖြစ်နိုင်ပါဘူး။ သူတို့ရဲ့တရားသူကြီးလည်းမဟုတ်ပါဘူး။ ကျွန်တော်သူတို့ကို တရားစီရင်နေခြင်းလည်း မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ပြောဆို နေခြင်းသက်သက်ဘဲဖြစ်ပါတယ်။ ကိုယ်တော်မိန့်တော်မူတဲ့အ တိုင်းဘဲ ငါကိုဘယ်လို ကိုယ်တော်လို့ခေါ်မှာလဲ။ ဒီအရာတွေအားလုံးကို လုပ်ပြီး ငါပြောတဲ့အရာတွေကို မလုပ် လုပ်ရှိရင် ဘယ်လိုလို့ငါကိုသခင်လို့ခေါ်နိုင်မှာလဲလို့ဆိုထားပါတယ်။ နှုတ်ကပတ်တော် အားလုံးက ဘုရားသခင်၊ သခင်ယေရှုကို ဖော်ပြထားပါတယ်။ ငါကိုဘယ်လိုလုပ်ပြီး သခင်လို့ခေါ်နိုင်မှာလဲလို့ဆိုထားပါတယ်။

အဲဒါဟာနတ်ဆိုးဘဲဖြစ်တယ်ဆိုတာသူတို့သိတယ်။ နတ်ဆိုးဖြစ်တယ်။ မကောင်းတဲ့ ကိုယ်ကျင့်တရားဖြစ်ပေါ်စေတယ်။ ဝိညာဉ်ဆိုးဖြစ်တယ်ဆိုရင် သူတို့သာသိမယ်ဆို လို့ရှိရင် အမျိုးငယ်လေးတွေ သူတို့ဒီလိုလုပ်ကြမှာမဟုတ်ပါဘူး....

ဒီနေရာကတော့ အဆိုးဝါးဆုံး ရွံရှာဖွယ်အကောင်းဆုံးနေရာလို့ ကျွန်တော်ထင်ပါတယ်။ ကျွန်တော်အသက်တာမှာ ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒရားနားပြည်နယ်မှာ ကျွန်တော်တွေ့ခဲ့ရသမျှထဲမှာ အဆိုးဆုံးပါဘဲ။ အဝတ်အချီးချည်းရှိတဲ့အမျိုး သမီးသူ များဖြစ်ပါတယ်။ ကျွန်တော် Hollywoodကို ရောက်ခဲ့ဘူးပါတယ်။ နေရာတိုင်းကို ရောက်ခဲ့ဘူးပါတယ်။ တကမ္ဘာလုံးကိုရောက်ခဲ့ဘူးပါတယ်။ ညစ်ငြူးမှုအမျိုးမျိုးကို တွေ့ကြုံခဲ့ဘူးပါတယ်။ ပြင်သစ်မြို့မှာလည်း တွေ့ရပါတယ်။ အင်္ဂလန်နိုင်ငံမှာလည်း တွေ့ရပါတယ်။ အင်္ဂလန်ကတော့ သူတို့နဲ့ပတ်သက်ရင်ထိပ်ဆုံးကရှိနေပါတယ်။

68 ၆၈။ တနေ့သောအခါမှာ အင်္ဂလန်နိုင်ငံသည် သမုဒ္ဒရာအောက်တွင် နစ်မြုပ်သွား မည်လို့ကျွန်တော်ယုံကြည်ပါတယ်။ ထိုကဲ့ သို့ဖြစ်ရန် တိုက်ကန်ပါတယ်။ ညစ်ညူးမှုများ မကောင်းမှုဒုစရိုက်များ အားလုံးရှိနေပါတယ်။ ကမ္ဘာလောကကြီးရဲ့ မကောင်းမှုဒုစရိုက်များရဲ့ ရေအိုင်ကဲ့သို့ဖြစ်နေပါတယ်။ သမ္မာကျမ်းစာကိုလည်း လုံးဝအသိအမှတ်မပြု ဘဲနဲ့ လူတွေကငြင်း ပယ်ပါတယ်။ ကျွန်တော်အသက်တာမှာ တွေ့သမျှအားလုံးထဲမှာ ကျမ်းစာနဲ့မကိုက်ညီဆုံး ကျမ်းစာကို အငြင်းပယ်ဆုံးဘဲ ဖြစ်ပါတယ်။ သူမဟာ သမ္မတရားကိုငြင်းပယ်တဲ့အတွက်ကြောင့် သူမထိုကဲ့သို့ဖြစ်လာရခြင်းဘဲဖြစ်ပါတယ်။

BillyGraham ပြောဆိုချက်အရ သူဟာ သူဇနီးသည်ကို ပန်းခြံထဲကိုခေါ် မသွားရဲပါဘူး။ မကောင်းမှုဒုစရိုက်အမျိုးမျိုးတွေ၊

မိန်းခလေးငယ်၊ ယောကျ်ားလေးငယ်တွေ ပွင့်ပွင့်လင်းလင်းနဲ့ ပန်းခြံထဲမှာ ဖြစ်ချင်သလိုဖြစ် လုပ်ချင်သလိုလုပ်နေကြတာကို တွေ့ရပါတယ်။ တကယ်ဘဲ မကောင်းမှုဒုစရိုက်ရဲ့ ရေကန်ကြီးကဲ့သို့ဖြစ်နေပါတယ်။ ပြင်သစ်နိုင်ငံလည်း ထိုကဲ့သို့ဘဲဖြစ်ပါ တယ်။ ကမ္ဘာပေါ်မှာ ကျန်တဲ့နေရာတွေအားလုံးလည်း ထိုသို့ဘဲဖြစ်နေပါတယ်။ အမေရိကန်နိုင်ငံသည်လည်း ထိုကဲ့သို့ ဖြစ်သည်သာမက သူ တို့အားလုံးရဲ့ခေါင်းဆောင်ကဲ့သို့ဖြစ်နေပါတယ်။

ယနေ့ကြည့်ပါ။ သူတို့ဆံပင်လေးတွေ တိုတိုလေးညှပ်ကြပါတယ်။ ဘောင်းဘီတိုလေးတွေ ဝတ်ကြပါတယ်။ ဘယ်လောက်မပါ ဘဲနဲ့ အင်္ကျီလည်ဟိုက်ကြီးတွေဝတ်ကြ တယ်။ စီးကရက်သောက်တယ်။ သူတို့ကိုသူတို့ယုံကြည်သူတွေလို့ပြောကြပါတယ်။ ထိုအရာကို သင်တို့မသိကြဘူးလား။ ညီမတို့ ... ကျွန်တော်ရဲ့ညီမတွေကတော့ဒီလိုလုပ် မှာမဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ အဲဒါဟာ နတ်ဆိုးဖြစ်တယ်ဆိုတာသိကြ တယ်မဟုတ်ပါလား။

ဟိုးရှေးခေတ် ရှေးကာလကယုဒလူများကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ဖော်ပြထားတဲ့အရာကို သင်ယုံကြည်မှာ မဟုတ်ပါဘူး။ သင့်ကိုသက်သေနဲ့ ခိုင်ခိုင်လုံလုံ ပြပြီးတိုင်သင်မယုံပါဘူး။ ဂိုဏ်းဂဏသွန်သင်ချက်များကိုသာ သင်ခံယူထားပါ တယ်။ ဘာမှမဖြစ်ပါဘူးလို့ သူတို့ကပြောပါတယ်။ သင်တို့ကအခြားသောဘာသာစကားတွေ ပြောတယ်။ အပေါ်အောက် ခုန်လိုက်တယ်။ ဝိညာဉ်တော်၌သီချင်းတွေဆိုတယ်။ နောက်ပြီးဆံပင်တွေ တိုတိုညှပ်ကြပါတယ်။ အဲဒီလိုမျိုးလုပ်နေတဲ့ ခရစ်ယာန်ကို သင်တို့ စဉ်းစားမိပါသလား။ ကျွန်တော်နတ်ဆိုးတွေကို တွေ့ဖူးပါတယ်။

မှော်ဆရာတွေကို တွေ့ဖူးပါတယ်။ အခြားသောဘာသာ စကားတွေပြောဆိုတယ်။ အနက်ဖွင့်ဆိုတယ်။ အပေါ်နဲ့ အောက်နဲ့ခုန်နေတယ်။ ဝိညာဉ်၌ကခုန်နေကြပါတယ်။ လူရဲ့ဦးခေါင်းခွံထဲက နေပြီးတော့ သွေးတွေကိုတောင်သောက်ပါ တယ်။ သခင်ယေရှုနာမကိုလည်း ကျိန်ဆဲကြပါတယ်။

69 ၆၉။ ကျွန်တော်ကဘယ်အသင်းတော်ရဲ့အသင်းသားဖြစ်တယ်။ ကျွန်တော်ကတော့ အဲဒီအုပ်စုထဲမှာပါတယ်။ ဟာလေလုယာ ဘုရားဘုန်းကြီးပါစေ။... သင်ကတော့ ဘယ် အသင်းတော်နဲ့သက်ဆိုင်သလဲစသည်ဖြစ်မေးမြန်းပြောဆိုကြပါတယ်။ အသင်း တော်ဆို တာနှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော် ပြောတဲ့အတိုင်းဘဲ သင်လုပ်တဲ့ အတိုင်းရှက်ဖွယ်ဖြစ် တယ်လို့ ဆိုထားပါတယ်။ သူတော်ကောင်းယောင် ဆောင်တဲ့ဖာရိ ရှဲအုပ်စုတွေက ခလေးငယ်ကလေးများအားလုံးကို ငရဲထဲကိုလမ်းပြသွန် သင်ခေါ်ဆောင် သွားပါတယ်။ ဘာကြောင့်လည်းဆိုတော့သင် တို့ဟာ ထမင်းစားလက် မှတ်တွေမရှိဘဲနဲ့ ဂိုဏ်းဂဏထဲကနေနှင်ထုတ်ခံရမှာကိုကြောက်လို့ဘဲဖြစ်တယ်။ နှုတ်က ပတ်တော်နဲ့သင်တို့ပြောဆိုလို့ရှိရင် သင်တို့ဟာ သင်တို့ ဂိုဏ်းဂဏထဲကနေ နှင်ထုတ်ခံ ရမှာဖြစ်ပါတယ်။ ရှက်ဖွယ်ဖြစ်ပါတယ်။ သင်ဟာသူတော်ကောင်းယောင် ဆောင်သူဖြစ် ပါတယ်။ အဲဒီအတွက်ရှက်ကြပါ။ ဒီကဲ့သို့နေ့ရက်ကာလရောက်ရှိတယ်ဆိုတာ တွေ့မြင် တဲ့အခါမှာ မိမိတို့ရဲ့အဆင်လာအတိုင်း လုပ်နေကြနည်းလမ်းဟောင်းတွေကို ဖယ်ပြီး နှုတ်ကပတ်တော်ကိုယုံကြည်ပါ။ သင်ဟာမျက်စိ ကွယ်လျက်ရှိပါတယ်။

သမ္မာကျမ်းစာက သင်ဝိညာဉ်မျက်စိကွယ်လျက်ရှိတယ်လို့ မဆိုထားပေဘူးလား။ သင်မျက်စိကွယ်နေတယ်ဆိုတာ သင်နားမ လည်ဘူးလား။ သမ္မာကျမ်းစာကသင်ထိုကဲ့သို့ ဖြစ်နေတယ်လို့ဆိုထားပါတယ်။ သင်ဟာအဝတ်အချိချည်းရှိခြင်း၊ စုတ်ပျက် ဖွယ်ဖြစ်ခြင်း ရွံရှာဖွယ်ဖြစ်ခြင်း၊ မျက်စိကွယ်ခြင်းနှင့် ဘာမှမသိနားမလည်ခြင်းရှိတယ်လို့ဆိုထားပါ တယ်။ မြို့ထဲမှာ အကြီးဆုံးအသင်းတော်ထဲမှာ အသင်းသားဖြစ်တယ်။ သင်ထိုအရာ လုပ်တယ်၊ ဒီအရာလုပ်တယ်စသည်ဖြင့် သင်၏လုပ် ဆောင်မှုတွေရှိတယ်လို့သင်ကဆို ပါတယ်။ သမ္မာကျမ်းစာကတော့ သင်ဟာအင်မတန်ဆင်းရဲတယ်။ မျက်စိကွယ် လျက်ရှိ တယ်လို့ဆိုပါတယ်။ ကိုယ်တော်ရှင်ဟာ တံခါးဝမှာရပ်နေပါတယ်။ မျက်စဉ်းဆေးခတ် ဖို့ရန်အတွက်သင့်ကိုမျက်စဉ်း ဆေးရောင်းဖို့ရန်ရှိပါတယ်။ ရောင်းဖို့မဟုတ်ပါဘူး။ ပေးဖို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သင်ကလက်မခံပါဘူး။ အဲဒီလိုဖြစ် ရခြင်းဟာလည်း သမ္မာကျမ်းစာပြည့်စုံစေဖို့ဘဲဖြစ်ပါတယ်။

70 ၇၀။ ခင်ဗျားတို့ အသက်ရှင်နေထိုင်တဲ့ကာလက ဘယ်လိုခေတ်ကာလမျိုးလဲ။ အချိန်နာရီကို သိပါရဲ့လား။ နမိတ်လက္ခဏာ များကိုရော သိပါရဲ့လား။

သူတို့ကတော့ဘယ်လိုမှမသိနိုင်ပါဘူး။ အမျိုးသမီးတွေဘဲဖြစ်ပါတယ်။ အဲဒါက တော့နတ်ဆိုးကြောင့်ဘဲဖြစ်ပါတယ်။ အဲဒီဥစ္စာကတော့ ဘာသာရေးနာမည်ခံထားတဲ့ နတ်ဆိုးဘဲဖြစ်ပါတယ်။ သူကတော့အမြဲတမ်းထိုပုံစံအတိုင်းရှိနေပါတယ်။ သူပရောဖက် တိုင်းစီကို ရောက်လာပါတယ်။ ပုံပြင်အမျိုးမျိုးပြောဆိုပါတယ်။ သခင်ယေရှုထံကိုတောင် ရောက်လာပါတယ်။ သူရောက်လာတဲ့ပုံစံကတော့ ဘာသာရေးသမားပုံစံမျိုးနဲ့ ရောက် လာခြင်းဖြစ်ပါတယ်။ သမ္မာကျမ်းစာဖော်ပြထားတဲ့ အတိုင်းဆိုလို့ရှိရင် သူဟာနောက်ဆုံး သောနေ့ရက်ကာလမှာ တွေ့ရမှာဖြစ်ပါတယ်။ ပင်တေကုတ္တေအထဲမှာတောင်တွေ့ရပါ တယ်။ ရွေးချယ်ထားတဲ့သူတွေကိုတောင် လှည့်ဖျားသွားပါတယ်။ အဲဒီပင်တေကုတ္တေအသင်းတော်ထဲကနေပြီးတော့ဘဲ ဖြစ်နိုင်ရင်လှည့်ဖျားသွားမှာဖြစ်ပါတယ်။

ကိုယ်တော်ရှင်မိန့်တော်မူတဲ့အတိုင်းဘဲ လမ်းကျဉ်းနဲ့လမ်းကျယ်မှာ လမ်းကျဉ်း ကိုမဝင်ကြဘဲနဲ့ လမ်းကျယ်ကိုဘဲလိုက်ကြပါ တယ်။ လမ်းကျဉ်းကိုရွေးချယ်တဲ့သူကတော့ လူနည်းစုဘဲဖြစ်ပါတယ်။ နောဧရဲ့ခေတ်ကာလကကဲ့သို့ဘဲ ဝိညာဉ် (၈)ခုသာကယ် တင်ခြင်း ရပါတယ်။ လူသားကြွလာတဲ့အခါမှာလည်း ထိုနည်းအတိုင်းဖြစ်မှာဖြစ်ပါတယ်။ ထိုအရာကို စဉ်းစားပါ။ ကျွန်တော် တို့အသက်ရှင်နေထိုင်တဲ့ နေ့ရက်ကာလက ဘယ်လိုနေ့ရက် ကာလမျိုးဖြစ်ပါသလဲ။ အချိန်ကာလကို သင်သိပါသလား။ နေ့ရက်ကာလကိုလည်း သိပါသလား။

ကျွန်တော် အချိန်ယူတာများနေပြီ။ ဒါပေမဲ့လည်း မိနစ်အနည်းငယ်လေးတော့ ကျန်ပါသေးတယ်။

71 ၇၁။ သူတို့ဆံပင်တွေကို သူတို့ဖြတ်ကြတယ်။ သူတို့ဘာပြောသလဲဆိုတော့ ငါတို့ဘုရားကျောင်းကတော့ အဲလိုဆံပင်တိုတို လေးကို

ဂရုမစိုက်ဘူး။ ဘာကြောင့်လဲ။ သူတို့ဝိညာဉ် မျက်စိကန်းနေလို့ဘဲ။

ဆံပင်ညှပ်ဖို့အတွက် အန္တာရယ်မဖြစ်ပါဘူး။ ကျမ်းစာကအဲလို ပြောထားသလား။ ဆံပင်တိုတိုညှပ်ပြီးတော့ ဆုတောင်း ခြင်းဟာ မင်္ဂလာမရှိဘူးလို့ သမ္မာကျမ်းစာ ကဆိုထားပါတယ်။

အမျိုးသမီးတွေရဲ့ခေါင်းကို ဖုံးအုပ်ထားရမှာဖြစ်ပါတယ်။ သမ္မာကျမ်းစာကဆို ထားတဲ့အတိုင်းဘဲ သူမရဲ့ဆံပင်က သူမကို ဖုံးအုပ်ထားခြင်းဘဲဖြစ်ပါတယ်။ သူမရဲ့ဦး ထုပ်မဟုတ်ပါဘူး။ သူမရဲ့ဆံပင်ဘဲဖြစ်ပါတယ်။

မောရှေဘာယ်လိုပြောခဲ့သလဲဆိုရင် ငါရဲ့ဖိနပ်တွေကို ချွတ်မဲ့အစား ငါ့ရဲ့ဦးထုပ် ကိုချွတ်မယ်လို့မောရှေပြောခဲ့တာမဟုတ်ပါဘူး။ အဲလိုမဖြစ်ခဲ့ပါဘူး။ ဘုရားသခင်က ဖိနပ်များလို့ဘဲ ပြောပါတယ်။ ဘုရားသခင်ဆိုလိုတာကလည်း ဖိနပ်ဘဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ဆံပင်လို့ဘဲပြောပါတယ်။ ဦးထုပ်လို့မပြောပါဘူး။ ဘုရားဘုန်း တော်ထင်ရှားပါစေ။ ကိုယ်တော်ရှင်က ထိုကဲ့သို့သော ဘုရားမျိုးဖြစ်ပါတယ်။ ကျွန်တော် ဖက်လည်း သေချာပါတယ်။ ဘုရားဘုန်းတော်ထင်ရှားပါစေ။ သူပြောတဲ့အ တိုင်းဘဲ သူအဓိပ္ပါယ်ယူထားပါတယ်။ သမ္မာကျမ်းစာကသူဟာနဲ့သူ တသီးပုဂ္ဂလ မိမိစိတ်Bdကိုက် နဲ့ဖွင့်ဆိုခြင်းမရှိပါဘူး။ မိမိရဲ့ဂိုဏ်းဂဏအတွက် သက်သက်လည်း မဟုတ်ပါဘူး။ ကျမ်း စာဆိုထားတဲ့အတိုင်းဘဲဖြစ်ပါတယ်။ သူကကျမ်းစာကိုအ နက်ဖွင့်ဆိုတဲ့သူဘဲဖြစ်ပါတယ်။

72 ၇၂။ ထိုသို့ပြုလုပ်သည့်အမျိုးသမီးကိုကျွန်တော်သိပါတယ်။ ခင်ဗျားဘာပြောပြောကျွန် တော်ဂရုမစိုက်ပါဘူး။ ဘုရားသခင် ပြောတဲ့အကြောင်းကိုဘဲ ကျွန်တော်သိပါတယ်။ ကိုယ်ကိုကိုယ် အဆင်ပြေအောင်ဘဲ လုပ်ရမှာဖြစ်ပါတယ်။

အဲဒီအမျိုးသမီးဘာလဲဆိုတာခင်ဗျားသိမယ်ဆိုလို့ရှိရင် ခင်ဗျားတကယ်ဘဲ သိမယ်ဆိုလို့ရှိရင် အမျိုးသမီးဖြစ်ပါတယ်။ ဂိုဏ်အသရေရှိအမျိုးသမီးတော့မဟုတ်ပါဘူး။

ကျွန်တော်နမိတ်လက္ခဏကိုတွေ့ပါတယ်။ ဘယ်ကနေရသလဲဆိုတော့ ညစ်ညူးသောနေရာ ကနေဘဲဆင်းသက်လာခြင်း ဘဲဖြစ်ပါတယ်။ ဟိုး ၅ လမ်းကနေဖြစ်ပါ တယ်။ အိမ်ကဲ့သို့ အသုံးပြုလို့ရသောနေရာကတော့ ဘီယာဆိုင်ဘဲဖြစ်ပါတယ်။ အဲဒီဆိုင်မှာ အမျိုးသမီးများအတွက်သီးသန့်ခုံများလို့ရေးထားတာကိုတွေ့ရပါတယ်။ ကျွန်တော်အဲဒီမှာ ရပ်ပြီးတော့ ကြည့်နေပါတယ်။ ကျွန်တော်ကအဲလိုမျိုးရှိမယ် လို့မထင်ပါဘူး။ အမျိုးသမီးတွေလည်း အဲလိုနေရာမျိုးကိုမသွားဘူးလို့ ထင်ပါတယ်။ မိန်းမတစ်ယောက်အနေနဲ့သွားရင်သွား မယ်။ ဒါပေမဲ့လည်း တကယ်ဂိုဏ်သရေရှိတဲ့အ မျိုးသမီးအနေနဲ့တော့ သွားမှာမဟုတ်ပါဘူး။

ခင်ဗျားသတိထားမိပါသလား။ ကမ္ဘာလောကကြီးရဲ့ကျဆုံးခြင်းဟာ အမျိုးသမီး တစ်ယောက်ရဲ့အကျင့်စာရိတ္တပျက်စီးမှု ကြောင့် စတင်ခြင်းဘဲဖြစ်ပါတယ်။ နောက်ဆုံး အချိန်ထိထိုနည်းတူဘဲဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက်ရဲ့အကျင့်စာရိတ္တ ပျက်စီးခြင်းဘဲဖြစ်ပါတယ်။ အသင်းတော်ကလည်း ဒီအမျိုးသမီးကို ကိုယ်စားပြုခြင်းဘဲဖြစ်ပါတယ်။ အသင်းတော်ဟာ အမျိုးသမီးဖြစ်တယ်လို့ ဝိညာဉ်ရေးရာအရပြောဆိုရမှာ ဖြစ်ပါတယ်။

ထိုနည်းတူစွာပင် သတိုးသမီးဖြစ်တဲ့ အမျိုးသမီးကိုလည်း ဝိညာဉ်ရေးရာအရ ပြောဆိုခြင်းဘဲဖြစ်ပါတယ်။

အသင်းတော်ရဲ့အကျင့်သိက္ခာနဲ့ ပျက်စီးခြင်းရဲ့ ပတ်သက်လို့ဘယ်လိုဖြစ်သွား ပါသလဲ။ ယူပါရုံများကိုကြည့်ပါ။ အရာရာ ကိုကြည့်ပါ။ ဘုရားသခင်ပေးထားတဲ့ယူပါရုံ များကိုကြည့်ပါ။ အဲဒီယူပါရုံကမှန်ကန်ပါတယ်။ ကျွန်တော်ရဲ့သမ္မာကျမ်းစာအုပ်ကို ကျွန်တော်ရဲ့နှလုံးသားထဲမှာ ကျွန်တော်မှတ်ထားပါတယ်။ ခင်ဗျားတို့အတွက်က တိတ်ခွေထဲမှာ မှတ်ထားပါတယ်။ ပရိသတ်ကလည်း တွေ့မြင်နိုင်ပါတယ်။ ကျွန်တော်ကလည်း ထိုအရာကိုတွေ့မြင်ပါတယ်။ ဘုရားသခင်ကတော့ အဲဒါသမ္မာ တရားဆိုတာ သိပါတယ်။ ဒါပေမဲ့လည်း သူမဟာ အဝတ်ချီးချည်းရှိပြီး ဘာမှမသိဘူးလို့ ဆိုထားပါတယ်။ သူမတော်တော်ကို အပျော်လွန်နေပါတယ်။ ဒါပေမဲ့လည်း သတိုးသမီးလေးမြင်ကွင်းမှ ပေါ်လာတဲ့အခါမှာ တမူထူးခြားပါတယ်။ အာလဖနှင့်ဩမေဃဖြစ်ပါတယ်။

73 ၇၃။ နတ်ဆိုးကပြုလုပ်နေခြင်းဖြစ်ပါတယ်။ သို့သော်လည်း ရှေးကာလကယုဒလူများ ကဲ့သို့ဘဲဖြစ်ပါတယ်။ သခင်ယေရှု သူရဲ့တပည့်တော်များကို ပြောခဲ့ပါတယ်။ သမ္မာကျမ်း စာကို ရှာဖွေလေ့လာပါ။

ငါနှင့်ပတ်သက်လို့ သင်တို့ဟာ စိတ်နှလုံး ဒွိဟ ဖြစ်နေတယ်။ ငါရဲ့သာသနာ နဲ့ပတ်သက်လို့လည်း သံသယရှိကောင်း ရှိမှာ ဖြစ်ပါတယ်။ သမ္မာကျမ်းစာကို လေ့လာ ပါ။ အဲဒီအထဲမှာ ထာဝရအသက်ကို တွေ့ရမယ်။ အဲဒီထာဝရအသက် ဟာ ငါ့အ ကြောင်းကို သက်သေခံခြင်းဘဲ ဖြစ်ပါတယ်။ ငါ၏သတင်းစကားမည်သို့ဖြစ်ကြောင်း သူတို့ကသင့်ကိုပြောပြမှာဖြစ်ပါသည်။ ငါကိုမယုံကြည်နိုင်ဘူးဆိုရင် နှုတ်ကပတ်တော် မှာ ဖော်ပြထားတဲ့စကားများကိုတော့ ယုံကြည်ပါ။ ဘုရားသခင်က သင်တို့ အတွက်အ နက်ဖွင့်ပြမည်ဖြစ်ပါသည်။

ဒီလူငါတို့အပေါ်မှာ အုပ်စိုးခွင့်ငါတို့မပေးပါဘူး။ ငါတို့မှာ ယဇ်ပရောဟိတ်တွေ ရှိတယ်။ စသည်ဖြစ်ပြောကြမှာ ဖြစ်ပါတယ်။ ထိုကြောင့်ကိုယ်ရွေးချယ်တဲ့အတိုင်း သွား နိုင်ပါတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ဘာဘဲပြောပြောအရမ်းတော့နောက်ကျ နေပါပြီ။ ဂိုဏ်းဂဏအစည်အလာများကတော့ အဲဒါဘာမှမဖြစ်ဘူးလို့ပြောပါတယ်။ သူတို့ကလည်း အဲဒါကို နားထောင်ပါတယ်။ သူတို့ကြားပါတယ်။ သင်ကလည်း ယုံကြည်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ထက်လူတွေရဲ့စကားကို သင်ကယုံကြည်ပါ တယ်။ သူတို့မသိမမြင်ပါဘူး။ ယနေ့အသင်းတော်တို့က ၂တီမောသေ ၃ ကို အသိအ မှတ်မပြုကြပါဘူး။

74 ၇၄။ ခင်ဗျားတို့ ကျမ်းချက်တွေ လိုက်ကူးတယ်ဆိုတာ ကျွန်တော်တွေ့ပါတယ်။ ကျွန်တော် ဒီကျမ်းချက်တွေကို ကျမ်းစာထဲကနေ ပြီးတော့ဘဲ ယူထားခြင်းဘဲဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒါကို သိချင်တယ်။ ကျွန်တော်ကို လက်ညှိုးထိုးပြပါဆိုလို့ရှိရင် ကျမ်းစာ နဲ့ကျွန်တော်သေသေချာချာပြနိုင်ပါတယ်။

တိမောသေ ၃ ကိုသူတို့အသိအမှတ်မပြုပါဘူး။ အဲဒီထဲမှာ ဘာပြောထားသလဲ ဆိုတော့ နောက်ဆုံးသောနေ့ရက်ကာလမှာ လူတွေဟာ ခေါင်းမာမယ်။ ဘဝင်မြင့်မယ်။ဘုရားသခင်ကိုချစ်တာထက်လောကအရာတွေကို ချစ်မယ်။ ဂတိမတည်ဘူး၊ မတရား စွပ်စွဲမယ်။ ရောင်ရဲတင်းတိမ်မှုမရှိဘူး။ ကောင်းတဲ့အရာတွေကို သူတို့ကလစ်လူရှုမှာ ဖြစ်ပါတယ်။ ကောင်းတဲ့အ ရာဆိုတာကတော့ အသင်းတော်တည်းဟူသော သတိုးသမီး စစ်စစ်ကိုဆိုလိုခြင်းဖြစ်ပါတယ်။ ဘုရားတရားကြည်ညို ချင်ယောင်ပြီးတော့ ဘုရားသခင်ရဲ့တန်ခိုးတော်ကို ငြင်းပယ်တယ်။ အဲဒီတန်ခိုးတော်ကို လမ်းလွဲသွားတယ်။ ဒါကြောင့် မို့လို့ သူတို့က တအိမ်ပြီးတအိမ်သွားမယ်။ မိုက်မဲတဲ့အမျိုးသမီးတွေကိုလည်း သူတို့ရဲ့ တပ်မက်တဲ့စိတ်တွေလိုက်ပါ သွားအောင် လုပ်မယ်။ ဘုရားသခင်ရဲ့ သမ္မာတရားကို သူတို့ဘယ်တော့ဆင်ချင်တော့မှာ မဟုတ်ပါဘူး။ ဘယ်တော့မှမဟုတ်ပါဘူး။ သူတို့ဘယ်တော့မှ လုပ်မှာမဟုတ်ပါဘူးလို့ ဘုရားသခင်ကပြောထားပါတယ်။ နောင်ကာလသည် ခဲယဉ်းသောခေတ် ကာလဖြစ်မည်ဟုသိမှတ်လော့။

အဘယ်သို့နည်းဟူမူကားလူတို့သည် ကိုယ်ကိုကိုယ်ချစ်သောသူ၊ ငွေကို တတ်မက်သောသူ၊ ဝါကြွားသောသူ၊ ထောင်လွှားစော်ကားသောသူ၊ သူအသားရေကို ရှုပ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ ကျေးဇူးမရှိသောသူ၊ သန့်ရှင်းခြင်း မရှိသောသူ၊ ပကတိကြင်နာဆုံမက်ခြင်းနှင့်ကင်းသော သူ၊ ရန်ညှိုးဖွဲ့သောသူ၊ ချောစား တတ်သောသူ၊ ကိုယ်အန္တရေကို မချုပ်တည်းနိုင်သော သူ၊ ပြင်းထန်သောသူ၊ သူတော် ကောင်းကိုမုန်းသောသူ၊ သစ္စာဖျက်တတ်သော၊ သတိ ပေးခြင်းကိုမခံသောသူ၊ မာန်မာ နနှင့် ယဇ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည် ထက် ကာမကုန်ကိုပို၍ နှစ်သက် သောသူ၊ ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကိုငြင်းပယ် သောသူ ဖြစ်ကြလိမ့်မည်။ ထိုသူတို့ကို ရှောင်လော့။ သူ တော်ကောင်းယောင်၍ မျက်စိ ကွယ်သောဖာရိရှဲဒီကျမ်းချက်ကိုသဘောမပေါက်ဘူး လား။ ကျွန်တော်စိတ်ဆိုးနေလို့ မဟုတ်ပါဘူး။ ကျွန်တော်ဟာသံမှုံကို ရိုက်သွင်းသင့်တဲ့နေရာကိုရိုက်သွင်းနေခြင်းဘဲ ဖြစ်တယ်။ အသင်းတော်တွေက ဒီအချက်ကို အသိအ မှတ်မပြုကြပါဘူး။ အမျိုးသမီး တွေကလည်း နားမလည်ကြပါဘူး။ မိုက်မဲတဲ့အမျိုးသမီးတွေ၊ မတရားသောမေထုန် နောက်ကို လိုက်ပါသွားကြခြင်းဘဲဖြစ်ပါတယ်။ Hသူပ တသသိ ဆံပင်တိုတို၊ မိတ်ကပ်များ စသည်တို့သည်မကောင်းသောအရာများဖြစ်ပါသည်။ နောက်ဆုံးသောကာလမှာ အမျိုး သမီးများက နေရာကြီးများကို ယူထားမည်ဆိုတာသင်မသိပါသလား။

75 ၇၅။ သမ္မာကျမ်းစာကဆိုထားသည့်အတိုင်းဘဲ အင်မတန်မှ ကြီးမားတဲ့တရားစီရင် ခြင်းကို လွတ်မြောက်ပြီးတော့ ဘုရားသခင်၏ရှေ့တော်မှာ အင်မတန်မှလှပသော အကိုင်းအခက်ကလေးဖြစ်ဖို့ရန်တနေ့သောအခါမှာ ကိုယ်တော်ရှင်အလို တိုင်းဖြစ်လာ မှာ ဖြစ်ပါတယ်။ အမျိုးသမီးများလည်း ထိုကဲ့သို့ပင်ဖြစ်ပါတယ်။ ဒီနေ့ရက်ကာလရဲ့ မကောင်းမှုများကို လွတ်မြောက်ပြီး တော့တကယ်လှပသော ဘုရားသခင်ရှေ့မှာ လက် ခံဖွယ်ဖြစ်သော အမျိုးသမီးများဖြစ်နိုင်ရန် ကြိုးစားကြပါစို့။

တနေ့သောအခါ ကျွန်တော်အမျိုးသမီးတစ်ယောက်ကို ရီ၍ပြောနေသည်ကို ကြားရပါသည်။ ကိုယ်ခန္ဓာကိုဘုရားသခင်မှုတ်သွင်းထားသော ခွဲခန့်ပြီးဖုံးအုပ်ထား ပြီးတော့ ကိုယ်ကျင့်တရားသည် ခွေးမကြီးကဲ့သို့အဆင့်ကို ရောက်နေပါတယ်။ အဲဒီမိန်းကလေးတအုပ်က ခြေမျက်စိဖုံးတဲ့အထိ ဂါဝန်အရှည်ကြီး ဝတ်ထားတဲ့မိန်းမအိုကြီး ကို လှောင်ပြောင်ရီမောနေကြပါတယ်။ ဒါကြောင့်မို့လို့သေချာနားထောင်ပါ။ လှည့်ဖျား ခြင်းကို ခံရတဲ့မိန်းခလေးတွေ၊ အဲဒီအကြောင်းအရာပတ်သက်လို့ဘာမှ နားမလည်တဲ့မိန်းခလေးတွေဖြစ်ပါတယ်။ ဂါဝန်အရှည်ကြီးနဲ့မိန်းမအိုကြီးက တကယ်ကိုအကျင့် စာရိ တ္တကောင်းမွန်ပါတယ်။ သူမရဲ့နာမည်ဘယ်လိုခေါ်လဲဆိုတာတောင်မသိရပါဘူး။ အဲဒီ လိုအကျင့်စာရိတ္တကောင်းမွန်ခြင်းတွေဟာ ယခုအခါမှာ ပျောက်ကွယ်သွားပါပြီ။ အမှား အမှန်ကိုပင် ဝေဖန်ပိုင်းခြားခြင်းမရှိနိုင်လောက်အောင်ဖြစ်သွားတဲ့ ခေတ်မိန်းခလေး တွေဖြစ်သွားပါတယ်။ မိန်းမအိုကြီးမှာတော့ သင်တို့နားမလည်နိုင်အောင်ဖြစ်နေတဲ့သူ ရဲ့စိတ်နှလုံးထဲမှာ ကိန်းအောင်းနေတဲ့ အရာရှိပါတယ်။ သင်တို့ကတော့အဲဒါကို ရှာဖွေ တွေ့ရှိနိုင်မှာ မဟုတ်ပါဘူး။ ဟိုးရှေးခေတ်ကအဝတ်အစားစသည်ဖြင့် သင်တို့ကဲ့ရဲ့ ခေါ်ဆိုမှာဖြစ်ပါတယ်။ သင်တို့မှာ မရှိတဲ့ မသိတဲ့အရာတွေကို သူကသိပါတယ်။ သူမ ရဲ့နှလုံးသားထဲမှာ တကယ့်တန်ဖိုးရှိတဲ့အရာအနေနဲ့ ထိမ်းသိမ်းထားပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ သင်တို့တခုမှမသိပါဘူး။ သင်တို့ရဲ့ မိခင်တွေကလည်းသင်တို့ကိုဒီလိုဘဲ ဒီလိုဘဲကြီးထားလာအောင်မွေးခဲ့ပါတယ်။ သင်းအုပ်ဆရာကလည်းခွင့်ပြုပါတယ်။ အဲဒီ သင်းအုပ်ဆရာတွေနဲ့ပတ်သက်လို့လည်း ကျွန်တော်ကအဲဒီလိုဘဲ ဟောပြောခြင်းဘဲ ဖြစ်ပါတယ်။ သင်တို့ရဲ့အသင်းတော်တွေ ကလည်း အဲဒီလိုမျိုး ဖြစ်နေတာကိုလက်ခံကြ ပါတယ်။

76 ၇၆။ သခင်ယေရှုမိန့်တော်မူသည်ကတော့ ‘ဒီကျမ်းချက်အားလုံးပြည့်စုံခြင်း ရောက်လိမ့်မည်’ လို့ မိန့်ဆိုခဲ့ပါတယ်။ တကယ်လဲပြည့်စုံခဲ့ပါတယ်။

Jannesနဲ့ Jambres က မောရှေကို လိုက်တုကြပါတယ်။ အဲဒီလိုမျိုးဖြစ်လာမှာ ဖြစ်ပါတယ်။ တချို့သူတွေက အဲဒီလိုဘဲ ဖြစ်လာမှာဖြစ်ပါတယ်။ သူတို့က မက်သဒစ်၊ နှစ်ခြင်း စသည့်အကြောင်းအရာတို့ကို ပြောနေခြင်းမဟုတ်ပါဘူး။ အဲဒီအ ကြောင်းအရာတွေကတော့ ပြောနေစရာလည်း မရှိတော့ပါဘူး။ ဒါပေမဲ့လည်း Jannes နဲ့ Jambres က အာရုံကိုလိုက်တု တယ်။ အဲဒီလိုဘဲ သူတို့လဲသမ္မာတရားနဲ့ပတ်သက်လို့ လိုက်ပြီးတော့ တုကြမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘယ်လိုပြောင်းလဲ သွားမလဲဆိုတာကို သမ္မာကျမ်းစာအစား အသင်းတော်ရဲ့ ဩဝါဒတွေ သွန်သင်ချက်တွေနဲ့ လိုက်တု ခြင်းဘဲဖြစ်ပါ တယ်။ Jannes နဲ့ Jambres ကတော့ မောရှေရှေ့မှာ ညှင်သာအောင် လုပ်ပြပါတယ်။ Jambres ကဲ့သို့ဆိုတဲ့ သားကိုသတိပြုပါ။ Jannes နဲ့ Jambres တို့က လိုက်တုပါတယ်။ အဲဒါမို့လို့ သမ္မာတရားကို လိုက်ပြီးတော့တုပတဲ့သူရှိပါတယ်။ သမ္မာတရားကို လိုက်ပြီး တော့ တုပခြင်းနဲ့ ဆန့်ကျင်မှာဖြစ်ပါတယ်။ သင်တို့ရဲ့အိမ်နီးတွေမှာ အဲဒါတွေမရှိပါဘူး။ မရှိဘူးလား၊ ရှိမယ်ဆိုလို့ရှိရင်လည်း သွားရောက်ပြီးတော့ မပူးပေါင်းပါနှင့်။ အဲဒါနဲ့ပတ်သက်လို့သွားပြီးတော့မပတ်သက်ပါနှင့်။ သူတို့ရဲ့မကောင်း မှုတွေကို ဖော်ပြ မှာဖြစ်ပါတယ်။ သတိုးသမီးဟာ သူမရပ်တည်ရာကို သူမရပ်တည် ပြီး ကောင်းကင်ကို ချီဆောင်သွားတဲ့အခါမှာ အားလုံးသိရမှာဖြစ်ပါတယ်။ မပူပါနှင့်။ မောရှေကဲ့သို့ဘဲဖြစ် ပါတယ်။ သူဟာဣသရေလအားလုံးကို ခေါ်ထုတ်သွားပါတယ်။ အီဂျစ်ပြည်ကနေ လုံးဝဝေးကွာတဲ့နေရာကို ခေါ်ထုတ်သွားပါတယ်။ အီဂျစ်ပြည်ကတော့

နစ်မြုပ် သွားရပါတယ်။

77 ၇၇။ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော် အားလုံးဟာ ဝိညာဉ်တော်မှုတ်သွင်းခြင်း ခံရပါတယ်။ ဒါကြောင့်မို့နှုတ်ကပတ်တော်တွေ အားလုံးပြည့်စုံရမှာ ဖြစ်ပါတယ်။ သူတို့ကလည်း ကိုယ်တော်ရှင်ကို အပြစ်တင် ပါတယ်။ ကိုယ်ကိုကိုယ် ဘုရားအဖြစ်ချီးမြှောက်သောသူလို့ ဆိုပါတယ်။

ကိုယ်တော်ရှင်ကလည်း သူတို့ကိုပြန်ပြောပါတယ်။ မိမိရဲ့ပညတ်တွေနဲ့ ပရောဖက် တွေကို ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ယူဆောင်လာတဲ့သူတွေကို ဘုရားငယ်လေး များလို့ပြောပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ ဒါကြောင့်မို့ လို့ငါကိုဘယ်လိုလို့ အပြစ်တင်မှာလဲ။ ငါ့ကိုငါဘုရားသားလို့ပြောတာကို ဘယ်လိုမှားယွင်းတယ်လို့ဆိုနိုင် မှာလဲ။ ဒီကျမ်းချက် တွေအားလုံးဟာ ဝိညာဉ်တော်မှုတ်သွင်းခြင်းအားဖြင့်ဖြစ်ပါတယ်။ အားလုံးကို ဖော်ပြရမှာဖြစ်ပါတယ်။ အားလုံးပြည့်စုံ ရမှာဖြစ်ပါတယ်။

သူတို့အားလုံးဟာ မျက်စိကွယ်နေကြပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် နဲ့အတူ သူတို့ကိုသူတို့တည်ဆောက် မဲ့အစား လူရဲ့စကားနဲ့သူတို့ တည်ဆောက်နေကြပါတယ်။ ဒါကြောင့်မို့လို့အမျိုးသမီးတွေလည်း ထိုနည်းလည်း ကောင်းဖြစ်ပါတယ်။ တရားဟောဆရာတွေလည်း အဲဒီလိုဘဲဖြစ်ပါတယ်။ သခင်ယေရှုအစား Beshop ကို ဆရာ တင်နေကြ ပါတယ်။ သူတို့အဲဒါတွေနဲ့ဘဲ ပြည့်စုံနေကြပါတယ်။ သူတို့ရဲ့ငွေအိတ်တွေ၊ သူတို့ရဲ့ကြီးမားလှစွာသောအသင်း သားတွေနဲ့ သူတို့ကျေနပ်နေပါတယ်။

78 ၇၈။ ကျွန်ုပ်က ရေပန်းစားသလားမစားသလားဆိုတာကြည့်လိုက်ပါ။ လူတွေကိုကြည့်ပါ။ ဂျက်ဖာဆွန်ဘေး ပြင်ပကလူတွေ ကိုလည်း ကြည့်ပါ။ ဒီဂက်ဖာဆွန်ဘေးမှာရှိတဲ့ လူတွေကတော့ လူနည်းစုလေးပါဘဲ။ တခြားလူတွေကိုကြည့်ပါ။ ဒီနံနက်ဒီတဲတော်ထဲမှာ ရှိတဲ့လူတွေကိုဘဲကြည့်ပါ။ တရားဟောဖို့အတွက်လူတဒါဇင်၊ ဒါဇင်ဝက်တောင်ရှိမှာ မဟုတ်ပါဘူး။ တကယ်တမ်း နယူးယောက် Massachusetts, Boston, Manie. Tensesee,Georgia, Alabama, ဒီအမေရိကန်ပြည်နယ်နဲ့ အခြားပြည်နယ်များကို ကြည့်မယ် ဆိုလို့ရှိရင် သူတို့အားလုံးကို စုပေါင်းကြည့်လိုက်မယ်ဆိုလို့ရှိရင် အများကြီးဘဲဖြစ်ပါ တယ်။ အာမင်။ ဒါကြောင့်မို့ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။ ညနေခင်းအချိန်မှာ အလင်းကို တွေ့ရမယ်လို့ဖော်ပြထားခြင်းဘဲ ဖြစ်ပါတယ်။

ညနေခင်းအလင်းကို သင်အသိအမှတ်မပြုနိုင်ပါဘူး။ အဲဒါကတော့ပြသနာဘဲ ဖြစ်ပါတယ်။ သူမက နှုတ်ကပတ်တော်ကို အသိမှတ်မပြုပါဘူး။ အလွန်ပင်ဝိညာဉ်မျက်စိ ကွယ်လျက် ရှိပါတယ်။ သမ္မာကျမ်းစာဆိုခဲ့တဲ့အတိုင်းဘဲ သူမကဖြစ်နေပါတယ်။

79 ၇၉။ ရုရှားက ကမ္ဘာပေါ်မှာ နေရာရခဲ့တာကတော့ သိပ္ပံပညာကြောင့်ပါဘဲ။ ထိုကဲ့ သို့နေရာရတာကလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀) လောက်ကဘဲဖြစ်ပါတယ်။ ပထမကမ္ဘာစစ်ကြီး ဖြစ်တဲ့အချိန်က ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် သူတို့ရုရှား နိုင်ငံကို ဂရုတောင် မစိုက်ပါဘူး။ လုံးဝဂရုမစိုက်ဘဲနဲ့ ခံထားတဲ့ အုပ်စုထဲမှာ ပါနေပါ တယ်။ အင်မတန်ရှေးကျတဲ့ စိုက်ဘေးရီးယန်းစ်တွေဖြစ်ပါတယ်။ သူတို့မျက်နှာပြင်တစ်ခု လုံးမှာလည်း မုတ်ဆိတ်မွေးတွေအပြည့်နဲ့ ဖုံးအုပ်နေပါတယ်။ ဘယ်ဘက်လား၊ ညာဘက်လားတော့ ကျွန်တော် မမှတ်မိပါဘူး။ ရုရှားကတော့ သူ့ရဲ့နေရာကို သူသိပါတယ်။ သမ္မာကျမ်းစာ ပြည့်စုံဘို့အတွက် သူလုပ်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်မလဲဆိုတာကို ကျွန်တော်ပရောဖက်ပြုထားတဲ့ အကြောင်းအရာတွေကို သင်တို့သိကြပါတယ်။ ကွန်မြူ နစ်ဝါဒနဲ့ပတ်သက်လို့ ဘယ်လိုစုရုံး ရောက်ရှိလာကြမလဲဆိုတာကိုလည်း ကျွန်တော် ပြောပြခဲ့ဘူးပါတယ်။ အခုအခါမှာ သူက ကမ္ဘာကြီးကို သိပ္ပံပညာနဲ့ ဦးဆောင်လျှက်ရှိပါ တယ်။ ကျွန်တော်တို့ကတော့ သူမရဲ့နောက်၊ ဟိုးနောက်ဆုံးအချိန်မှာ ရောက်ရှိနေပါ တယ်။ ကမ္ဘာလောကကြီးတစ်ခုလုံးလည်း သူမရဲ့အနောက်ကဘဲ လိုက်နေရပါတယ်။ သူမကတော့ သူမရဲ့နေရာကို ဦးတည်သွားပါတယ်။ သူတို့မှာ ဦးနှောက်ကောင်းကောင်းရှိ တယ်ဆိုတာကို သူတို့ကိုယ်သူတို့ သိပါတယ်။

လူဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၆၀၀၀)လောက်ကတည်းကအာရုံ(၅)ပါးရှိသ ကဲ့သို့ ယနေ့လူများလည်း အာရုံ(၅)ပါးရှိပါတယ်။ သူ့ရဲ့လောကကဆိုင်ရာအိမ်ကို သူက ဆက်သွယ်ပြီး ဘုရားသခင်ကို အစေခံပါတယ်။ လွန်ခဲ့တဲ့ (၇၅)နှစ်လောက်ကလူတွေ ဟာ မြင်းတွေစီးပြီးလာကြပါတယ်။ အဲဒီမြင်းလှည်းတဲ့နေရာကနေ ယခုအခါ အာကာသ ယာဉ်မှူးတွေ ဘဂရောက်လာကြပါပြီ။ ဘာကြောင့်လဲ ၊ ဘုရားသခင်ကို ယုံကြည်ခြင်းက နေ လမ်းကြောင်းပြောင်းသွားပြီးတော့ သူ့ရဲ့အာရုံတွေ၊ စွမ်းအားတွေနဲ့ လူသားရဲ့ကြိုးပမ်း ချက်နဲ့ ကြိုးပမ်းကြလို့ဘဲ ဖြစ်ပါတယ်။ အဲဒါကို သတိပြုမိပါသလား¿ ဘုရားကိုယုံကြည် ကိုးစားခြင်းကို စွန့်ခွာပြီးတော့ သူ့ကိုယ်သူ ယုံကြည်ကိုးစားပါတယ်။

80 ၈၀။ ဒီလိုဘဲ လမ်းလွဲနေတဲ့ အမျိုးသမီးလည်း ဒီလိုဘဲဖြစ်ပါတယ်။ သူမရဲ့နံမည်က ဘယ်လိုခေါ်သလဲဆိုတော့ ဝါရှင်တန် လို့ ခေါ်ပါတယ်။ အရာခပ်သိမ်းကို ပြောင်းလဲစေ တဲ့အရာဘဲ ဖြစ်ပါတယ်။ တစ်ချို့ကလည်း မရေးလို့ပြောကြပါတယ်။ နံမည်ဘယ်လိုခေါ်လဲ? မရေးလို့ ခေါ်ပါတယ်။ ကျွန်တော်တို့မှာ စစ်တပ်ကြီးရှိတယ်။ ရေတပ်ကြီးလည်း ရှိတယ်။ အဲဒီလို ကြီးမားတဲ့ အင်အားတွေ ရှိနေသမျှကာလပတ်လုံး ဟိုးရှေးကျလှတဲ့ ယေဟောဝါဘုရားကို ကျွန်တော်တို့ မလိုတော့ပါဘူး။ ကျွန်တော်တို့ ဘာကိုမှလည်း ဂရုမစိုက်တော့ဘူးလို့ ဆိုပါတယ်။ ယေဟောဝါဘုရားဟာ ဘာမှ မဟုတ်တော့ပါဘူး။ စစ်တပ်ကြီးနဲ့ နေဗီရေတပ်ကြီးလည်း မြုပ်သွားနိုင်ပါတယ်။ ဒါပေမဲ့ ယေဟောဝါဘုရား ရဲ့နာမကတော့ ထာဝရတည်မြဲနေမှာ ဖြစ်ပါတယ်။ အဲဒီဘုရားရယ်၊ သူ့ရဲ့သားတော်ရယ်ကတော့ ကျွန်တော့်ရဲ့ တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။ အဲဒီလို ကိုယ်တော်ရှင်နဲ့တည် နေမယ်ဆိုရင် ကိုယ်တော်ရှင်နဲ့ ကျွန်တော် ထာဝရရှိနေမှာ ဖြစ်ပါတယ်။ ကျွန်တော်က ခေါ်ခြင်း၊ ဒါမှမဟုတ် ရွေးချယ်ခြင်း မဟုတ်ပါဘူး။ ကိုယ်တော်ရှင် ရွေးချယ်ခြင်း ဖြစ်ပါတယ်။ အာမင်၊ အာမင်။ ဘာမှ ပြုလုပ်လို့ မရပါဘူး။ သူက တစ်ပါးတည်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ကျွန်တော့်ကို ပေးပါ။ ဒါမှမဟုတ် ကျွန်တော့်ကို သေခြင်း တရားပေးပါ။ နိုင်ငံတွေအားလုံးထပြီး တက်ကြွလာပြီးတော့ နောက်ဆုံးကျဆုံးသွားမှာ ဘဲ ဖြစ်ပါတယ်။ ယေဟောဝါဘုရားကတော့ အမြဲတည်မြဲနေမှာဘဲ ဖြစ်ပါတယ်။ ခေတ်ကာလတောက်လျှောက် ရောမအင်ပါယာကြီးလည်း ပျက်စီးသွားတယ်။ အီဂျစ် ပြည်လည်း ပျက်စီးသွားတယ်။

တစ်ခြားအင်ပါယာအားလုံးလည်း ပျက်စီးသွားပါတယ်။ ဒါပေမဲ့ လည်း ယေဟောဝါဘုရားသခင်ကတော့ တည်မြဲနေဆဲဘဲ ဖြစ်ပါတယ်။ ဟာလေလုယာ၊ ကျွန်တော် အရမ်းဘဲ ဘာသာတရား ကိုင်းရှိုင်းတယ်လို့ ကျွန်တော် ခံစားမိပါတယ်။

ရုရှားနိုင်ငံ ဘယ်လိုထင်ပေါ်ကျော်ကြားလာသလဲဆိုတာကို အကြောင်းပြချက် ဖေါ်ထုတ်ရမယ်ဆိုရင် သူမတက်လာရမဲ့အချိန် ရှိလို့ဘဲ ဖြစ်ပါတယ်။ ဣသရေလ နိုင်ငံဟာ မိမိရဲ့မွေးရပ်မြေကို ပြန်ရောက်သကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က ဣသရေလတွေကို သူတို့ရဲ့မွေးရပ်မြေကို ပြန်ပြီးတော့ ပို့ဆောင်ခဲ့ပါတယ်။ တန်ခိုးတော် များအတွက်ကြောင့်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ရုရှားနိုင်ငံကိုလည်း ဘုရားသခင်က မြောက်ပိုင်းကို တက်လာဘို့ မောင်းတင်ခြင်းဘဲ ဖြစ်ပါတယ်။ ကွန်မြူနစ်ဝါဒ အားဖြင့် သူ့ကို သင်ပေးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ပရောဖက်ပြုထားတဲ့အတိုင်း အတိအကျ ဖြစ်လာဘို့အတွက် ဘဲဖြစ်ပါတယ်။

81 ၈၁။ လူသားနဲ့ သူ့ရဲ့အာရုံ(၅)ပါးကလည်း ထိုနည်း၎င်းဘဲ ဖြစ်ပါတယ်။ မြင်းလှည်း မောင်းပြီးတော့ ဘုရားသခင်ကို ယုံကြည်အားကိုးခဲ့ပါတယ်။ ပြီးခဲ့တဲ့ နှစ်ပေါင်း(၇၅)နှစ်အတွင်းမှာ ဘုရားကို ယုံကြည်စိတ်ချခြင်းကို ထားခဲ့ပြီးတော့ သူတို့က အမေရိကန်နိုင်ငံမှာဘဲ အောက်ပါ ဥပဒေပြဒါန်းချက်များကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ သူတို့က အရာခပ်သိမ်းမှာ ဘုရားသခင်ကို ဦးစားပေးမယ်ဆိုပြီးတော့ သူတို့ လက်မှတ်ရေးထိုးခဲ့ ကြပါတယ်။ အခုအခါမှာ စည်းဝေးပွဲတွေကို သူတို့တောင် မတက်တော့ပါဘူး။ ကိုယ်တော်ရှင်ရဲ့ နာမတွေကိုလည်း မခံယူကြတော့ပါဘူး။ သူတို့ရဲ့ သိပ္ပံပညာရှင်တွေကို သူတို့ အားကိုးကြတယ်။ သူတို့ရဲ့ သိပ္ပံပညာရှင်တွေရဲ့ မကောင်းကျိုးတွေကို အားကိုးကြ တယ်။ လိမ်ညာမှားယွင်းနေတဲ့ အုပ်စုတွေကိုလည်း အားကိုးကြတယ်။ သမ္မာကျမ်းစာကို မသိနားမလည်ခြင်းဆိုတဲ့ အရာနဲ့ တစ်ကမ္ဘာလုံးက ဝါးမြိုခြင်း ခံနေရပါတယ်။ တကမ္ဘာ လုံး ဘုရားသခင်ကို ကျောခိုင်းနေကြပါတယ်။ အဲဒါတွေ အားလုံးအလယ်မှာ အသင်း တော်၊ ဂိုဏ်းဂဏတွေနဲ့ သူတို့ရဲ့ကျမ်းစာကျောင်းတွေက အင်မတန်အားနဲ့ညပြီးတော့ လောကဆန်တဲ့အရာတွေကို သွန်သင်နေပါ တယ်။ ဘုရားသခင်က သူ့ရဲ့ပရောဖက်တွေနဲ့ နှုတ်ကပတ်တော်တွေကို ယူပြီးတော့ သတို့သမီးကို ဖြတ်ထုတ်လိုက်ပါတယ်။ ယုံကြည် အားကိုးတတ်တဲ့ သတို့သမီးကို ဖြတ်ထုတ်လိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူယခင်က သူမိန့်တော်မူတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က သူ့ကို အဲဒီအရာကနေ ဖြတ်ထုတ် လိုက်ပြီးတော့ သူလုပ်မယ်ဆိုတဲ့အတိုင်းဘဲ သူ့ဂတိတော် အတိုင်းဘဲ လုပ်ခဲ့ပါတယ်။

လူသားတွေရဲ့ အသိပညာအပေါ်မှာ သူတို့က ရပ်တည်ပါတယ်။ လူသားတွေရဲ့ သိပ္ပံပညာ စသည်တို့ဘဲဖြစ်ပါတယ်။ ဘုရားကိုတော့ ဖယ်ထုတ်လိုက်ကြပါတယ်။ တစ်ချိန်က သူတို့ ဘုရားကို ယုံကြည်ခဲ့ကြပါတယ်။ အမေရိကန်နိုင်ငံက ဘုရားသခင်ကို ဖယ်ထုတ်လိုက်ပါပြီ။ ကျောင်းတွေမှာလည်း ဘုရားသခင်ကို ဖယ်ထုတ်လိုက်ပါပြီ။ ကျွန်တော်တို့ရဲ့သားသမီး၊ ကလေးငယ်လေးတွေ ကိုယ်တော်ရှင် အကြောင်းကို မကြားရ တော့ပါဘူး။ ကိုယ်တော်ကို ကျောင်းတွေထဲကနေ မောင်းထုတ်လိုက်ကြပါတယ်။ အခုအ ခါမှာလည်း ဒေါ်လာငွေထဲကနေပြီးတော့ သူတို့ ကိုယ်တော်ကို မောင်းထုတ်ဘို့ ကြိုးစား နေကြပါတယ်။ ကျွန်ုပ်တို့ ဘုရားသခင်ကို ယုံကြည်သည်ဆိုတဲ့ စာတန်းကိုဒေါ်လာငွေများပေါ်တွင် ရိုက်နှိပ်ထားခြင်းမှ သူတို့က ဖယ်ရှားရန် ကြိုးစားနေကြပါပြီ။ အလံ တော်ကို အားလုံးတစ်စုတစ်ဝေးတည်း သစ္စာဆိုပြီးတော့ ပြောထားတဲ့စကားဖြစ်သည့် ဘုရားသခင် လက်အောက်ခံနိုင်ငံ တစ်နိုင်ငံဖြစ်သည်ဆိုတဲ့ ဆောင်ပုဒ်ကိုလည်း သူတို့က ဖယ်ထုတ်ဘို့ ကြိုးစားနေပါတယ်။ သူတို့ ထိုအရာကို လုံးဝဖယ်ရှားလိုက်တော့မှာ ဖြစ်ပါ တယ်။

82 ၈၂။ သူတို့ရဲ့ ကိုယ်ပိုင်ခံစားချက်များနဲ့ သူတို့ရဲ့အာရုံများနဲ့ သူတို့သွားနေကြခြင်းဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၇၅)နှစ်လောက်က သူတို့ရဲ့အာရုံတွေကို သူတို့ လုံး၀ပြောင်းလဲထား ခြင်း မရှိပါဘူး။ သူတို့ဟာ အစအဦးထဲက သူတို့ကို ဘုရားသခင်ဖန်ဆင်း ထားတဲ့ လူသားများဘဲ ဖြစ်နေဆဲဖြစ်ပါတယ်။ သို့သော်လည်း ယခုနောက်ဆုံးသောအချိန်ကာလ ရောက်တဲ့အခါမှာ ကျွန်တော်တို့ ဘယ်နေရာကို ရောက်နေပြီလဲဆိုတာ ကိုယ့်ကိုယ်ကို မသိသေးဘူးလား¿ ဘုရားသခင်ထံတော်ပါးမှလည်းအသင်းတော်က လမ်းလွဲသွားပြီ ဖြစ်ပါတယ်။ ဟိုနေရာကိုသွားလိုက်၊ ကျမ်းစာကျောင်းကို သွားလိုက်၊ အတွေ့အကြုံကို သွားလိုက် စသည်ဖြင့် နှုတ်ကပတ်တော်အစားတစ်ခြားအရာတွေထံကို ရောက်သွားကြ ပါပြီ။ သူတို့ရဲ့ ဝတ်ပြုစည်းဝေး တွေမှာ ကိုယ်တော်ရှင်ကို အသိအမှတ် မပြုတော့ဘူး။ သူတို့ရဲ့ ကျောင်းတွေမှာလည်း လုံး၀၊ လုံး၀ အသိအမှတ် မပြုတော့ပါဘူး။

ဣသရေလနိုင်ငံက လွန်ခဲ့တဲ့ (၂၅)နှစ်ကတစ်စုံတစ်ရာသောအရာကိုအသိ အမှတ်ပြုခဲ့ပါတယ်။ ဂတိတော်အတိုင်း သူတို့ရဲ့ မွေးရပ်မြေကို သူတို့ ပြန်ရောက်ပြီဆိုတာ သိရပါတယ်။ ဘယ်လိုဖြစ်သွားသလဲ ဆိုတာတောင် သူတို့ မသိလိုက်ကြပါဘူး။ သူတို့ဟာ ဒုက္ခဆင်းရဲတွေ အမျိုးမျိုးခံစားရပါတယ်။ မာတုရတွေ ဖြစ်ရပါတယ်။ သူတို့ဟာ တံပိုးသံ တွေအောက်ကို ရောက်နေပါသည်။ သို့သော်လည်း သူတို့ရဲ့မွေးရပ်မြေမှာ သူတို့ ရှိပါသည်။ သူတို့ဘာကြောင့် ထိုသို့ရှိနေသလဲဆိုတာ ကိုလည်း သူတို့နားမလည်ကြပါဘူး။

83 ၈၃။ ရုရှားနိုင်ငံကြီး ဘာကြောင့် နိုးထလာရပါသလဲ? တစ်ခြားနိုင်ငံတွေလည်း ဘာကြောင့် နိုးထလာရပါသလဲ? လူသားတွေဟာ ဘာကြောင့် အောင်မြင်ခွင့်တွေ ရပါသလဲ? လွန်ခဲ့တဲ့နှစ်ပေါင်း(၃၀၀)က သိပ္ပံပညာရှင်များ အထူးသဖြင့် ပြင်သစ် သိပ္ပံပညာရှင်တစ်ဦးက ဘောလုံးတစ်လုံးကို ပစ်လွှတ်လိုက်ပြီး ကမ္ဘာကြီးကို ပတ်သွားစေ ပါတယ်။ နောက်ပြီး သိပ္ပံနည်းကျ သက်သေပြခဲ့ပါတယ်။ လူတစ်ဦးတစ်ယောက်ဟာ တစ်နာရီအတွင်း မိုင်(၃၀)နှုန်းသွားမယ်ဆိုရင် ကမ္ဘာဆွဲအားကသူ့ကို ဆွဲထားမှာဖြစ် ပါတယ်။ သူ့ရဲ့ ကိုယ်အလေးချိန်အတိုင်း ဆွဲထားမှာ ဖြစ်ပါတယ်။ ဘောလုံးကိုလည်း ဘောလုံးရဲ့အလေးချိန်အတိုင်း ဆွဲထားမှာ ဖြစ်ပါတယ်။ အခုအခါမှာ တစ်နာရီကို မိုင်ပေါင်း (၁၇)သောင်းခန့်သူကသွားနေပါတယ်။တက်နိုင်ဘို့ ကြိုးစားနေပါတယ်။ နောက်ပိုင်းမှာ သူက အဲဒါကို အသိအမှတ်ပြုလာပါတယ်။ ဘာကြောင့်လဲ¿ ထိုကဲ့သို့ဘဲဖြစ်လာရမှာ ဖြစ်သောကြောင့်ဘဲဖြစ်ပါတယ်။

ဘာကြောင့် အသင်းတော်က သခင်ယေရှုတည်းဟူသော ကျောက်ပေါ်မှာ ရပ်တည်ခဲ့ရပါသလဲ? ဘယ်သူတွေ ဘာပြောပြော နှုတ်ကပတ်တော်အပေါ်မှာ သူတို့ ရပ်တည်ကြပါတယ်။ နေ့ရက်ကာလရဲ့ သတင်းစကားဖြစ်ပါတယ်။ လူသာဝက်စလီရဲ့ တောက်လျှောက် ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ အခုအခါမှာ အစဉ်အလာတွေဘက်ကို သူတို့က ပြန်ပြီးပြောင်းလဲသွားပါတယ်။ ဘာကြောင့် အဲလိုဖြစ်ရပါသလဲ?

လွန်ခဲ့တဲ့ (၂၅)နှစ်ကဣသရေလနိုင်ငံဟာ သူတို့ရဲ့မွေးရပ်မြေကို သူတို့ ပြန် ရောက်မယ်ဆိုတာ အကြောင်းတစ်ခုခုကြောင့် သိကြပါတယ်။ ပရောဖက်ပြုထားတဲ့အ တိုင်းဘဲ သူတို့တစ်ဖန်ပြန်လည် စုဝေးရမယ်လို့ ဆိုထားပါတယ်။ ပရောဖက် ဟောရှေ ဟောကြားခဲ့တဲ့ အတိုင်းဘဲဖြစ်ပါတယ်။ ခုနလေးတင် ကျွန်တော်တို့ ဖတ်ခဲ့ပါတယ်။ ဘုရားသခင် ကျွန်တော်တို့ နားလည်နိုင် ဘို့အတွက် ကူညီစောင့်ရှောက်တော်မူပါ။

84 ၈၄။ တစ်ချိန်တည်းမှာဘဲ သတို့သမီးက ညနေခင်းအလင်းကို အသိအမှတ်ပြုရပါ မယ်။ စတင်ပြီး အသိအမှတ်ပြုနေခြင်း ဖြစ်ပါတယ်။ ဆာဗတ်လျှက်ရှိတဲ့ ပင်တေကုတ္တေ တွေကလည်း သူတို့ရဲ့ အဖွဲ့အစည်းတွေ၊ သူတို့ရှာဖွေနေတဲ့အရာတွေ ဘာမှဖေါ်မပြနိုင် ဘူးဆိုတာ သိနေကြပါပြီ။ သူတို့အားလုံး လိမ်ဖယ်ပြီး ဆုတ်ဖြဲခြင်း ခံနေရပါပြီ။ အသိအ မှတ်ပြုရမဲ့ အချိန်ရောက်နေပါပြီ။ သင်တို့ အသိအမှတ်ပြုရပါတော့မယ်။ ကမ္ဘာလောက ကြီးက အသိအမှတ်ပြုနေပါတယ်။ နိုင်ငံတိုင်းက လည်း အသိအမှတ်ပြုကြပါတယ်။ သိပ္ပံပညာကလည်း အသိအမှတ်ပြုပါတယ်။ နတ်ဆိုးကပင် အသိအမှတ်ပြုပါတယ်။ ဒီအချိန်ကာလဟာ အမျိုးသမီးတွေကို ဖျက်ဆီးမယ်၊ အသင်းတော်တွေကို ဖျက်ဆီးမယ်၊ လူတွေကို ဖျက်ဆီးမဲ့အချိန်ဆိုတာ နတ်ဆိုးက သိပါတယ်။ အသက်တာ ရရှိနိုင်ဘို့အတွက် ဘုရားသခင် ကြိုတင်ပြီးတော့ ဒီကမ္ဘာလောကကြီးမှာ ခွဲခန့်မှတ် သားထားတဲ့ သူတွေရှိကြောင်း ဘုရားသခင်သိပါတယ်။ ဒီအချိန်မှာ သူ့ရဲ့သတင်းစကားကို ပို့ဆောင်ရ တော့မယ် ဆိုတာကိုလည်း သူသိပါတယ်။ သူအမှုပြုပါတယ်။ လူတွေကလည်း သူ့နှုတ်က ပတ်တော်ကို အသိအမှတ်ပြုပါတယ်။ သတို့ သမီးရဲ့အချိန်ဟာ ညနေခင်းအလင်းဖြစ် ကြောင်း သိကြပါတယ်။

သောဒုံမြို့က သူမရဲ့နေ့ရက်များကို သူမသိခဲ့မယ်ဆိုရင် သတင်းစကားပို့ ဆောင်တဲ့သူတွေ ဆင်းသက်လာတာကိုလည်း သိမယ်ဆိုရင် ဘီလီဂရေဟမ်နဲ့ အော်ရာ ရောဘတ်တို့ကဲ့သို့ ဖြစ်မှာဘဲ ဖြစ်ပါတယ်။

85 ၈၅။ ဖုန်းနက်စ် မှာရှိနေတဲ့ လှည့်ဖျားတတ်တဲ့သူတွေ ပေါ်ထွက်လာပါတယ်။ ပြီးတော့ တိတ်ခွေနဲ့ပတ်သက်လို့ သူတို့တစ်စိတ်တစ်ပိုင်း ဖွင့်ပြပြီးတော့ ကျွန်တော်က ပြောတယ်လို့ ပြောကြပါတယ်။ ယေရှုနာမနဲ့ ဗတ္တိဇံခံပါလို့ ပြောပါတယ်။ နောက်ပြီးတော့ ဟိုမှာလည်း တွေ့ရတယ်၊ ဒီမှာလည်း တွေ့ရပါတယ်။ အဲလိုမျိုး ပြောဆိုလုပ်ကိုင် နေကြတာကို သိရှိရပါတယ်။ ကျွန်တော်က အာဖရိကနိုင်ငံအကြောင်း ပြောတဲ့အခါမှာ ဘာပြောသလဲဆိုတော့ သူတို့က မျက်မှောက်ပြုပြီး မျက်နှာကို ရှေ့နောက်(၃)ကြိမ်တိုင် တိုင် ဗတ္တိဇံခံတယ်လို့ ပြောပါတယ်။ ဘာမှ ထူးခြားသွားတယ် ကွာခြားသွားတယ်လို့ မပြောပါနဲ့။ သူတို့က တိတ်ခွေကို အကုန်လုံးဖွင့်မပြဘဲနဲ့ တစ်စိတ်တစ်ဒေသဘဲ ဖွင့်ပြပြီးတော့ ဖြတ်တောက်ထား တဲ့အပိုင်းတွေ ရှိပါတယ်။ အဲဒီလိုပြုလုပ်ခြင်းကတော့ အတိုက် အခံပြုလုပ်ခြင်းကြောင့် ဖြစ်ပါတယ်။ သူတို့ရဲ့ တိတ်ခွေတွေက အပိုင်းပိုင်းဖြတ်ထားတဲ့ တိတ်ခွေတွေ ဖြစ်နေပါတယ်။ သူတို့နဲ့ ဘယ်သူမှ ရောပေါင်းပြီးတော့ ရှုပ်ထွေး မသွားနိုင် ပါဘူး။ ခင်ဗျားတို့လည်း အဲလိုဖြစ်မသွားသင့်ပါဘူး။ ခင်ဗျားတို့အတွက် ပညတ်တော် ရှိပါတယ်။ ကျွန်တော်တို့ ဘာလုပ်ရမလဲ? ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ သူတို့ဟာသူတို့ ရှိပါစေဆိုပြီးတော့ လျစ်လျူရှုထားရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လာမလဲ ဆိုတာ ဘုရားသခင် ကျွန်တော့်ကို ဖေါ်ပြပြပါတယ်။ ကြည့်ပါ။ အဲဒီလူကို သေချာကြည့်ပါ။

86 ၈၆။ တစ်ချိန်တည်းမှာဘဲ သတို့သမီးက ညနေခင်းအလင်းကို သိလိုက်ပါတယ်။ သောဒုံမြို့ကလည်း သူ့ရဲ့အချိန်နာရီကို သိပါတယ်။

ဘုရားသခင် ဤပုဂ္ဂိုလ်ကပင် တိတ်ခွေပေါ်မှာ ထည့်ထားပါသည်။ ဒီမှာ ကြည့်ပါ။ ခင်ဗျားတို့ ပင်တေကုတ္တေအဖွဲ့လို့ဘဲ ဆိုပါသည်။ ခင်ဗျားတို့ နှစ်ခြင်းတွေလည်း ပါပါတယ်။ ဒီလူကတော့ မိစ္ဆာပရောဖက်ဖြစ်တယ်။ သူက ဝီလီယမ်ဘရမ်ဟမ်လို့ ဆိုပါ တယ်။ အော်ရာရောဘတ်နဲ့ ဘီလီဂရေဟမ်တို့လည်း သောဒုံမြို့မှာ ရှိနေတယ်လို့ ပြော ပါတယ်။ နောက်ပြီးတော့ သူတို့ တိတ်ခွေကို ဖြတ်လိုက်ပါတယ်။ ဆက်ပြီးတော့ သူတို့ မပြောကြတော့ဘူးလား? သူတို့ဟာ သောဒုံမြို့အတွက် သတင်းစကား ပို့ဆောင်သူတွေဘဲ ဖြစ်ပါတယ်။ သောဒုံမြို့မှာ မဟုတ်ပါဘူး။ သောဒုံမြို့ကို သတင်းစကားပို့ဆောင်သူ တွေဘဲလို့ ဆိုပါတယ်။ ကျွန်တော် ပြောတာကို လူတိုင်းသိပါတယ်။ ခင်ဗျားတို့ရဲ့တိတ်ခွေကို ပြန်ဖွင့်ပြီး နားထောင်ကြည့်ပါ။ နှုတ်ကပတ်တော်ထဲ ကနေ ထုတ်ယူတာ ဒါမှမဟုတ် ထပ်ပြီး ပေါင်းထည့်တာ လုပ်မယ်ဆိုရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒီနည်းလမ်းအတိုင်းဘဲ ရပ်တည်နေပါတယ်။

87 ၈၇။ သောဒုံမြို့ကသာ သောဒုံမြို့က သူမသတင်းစကားပို့ဆောင်တာကို လက်ခံခဲ့ ပါက ယနေ့အထိ မြို့ကမပျက်မစီးဘဲ တည်မြဲနေမှာ ဖြစ်ပါတယ်။ သခင်ယေရှုမိန့်တော် မူသည်မှာ အာဗြဟံ အသိအမှတ်ပြုသကဲ့သို့ သူလည်း အသိအမှတ်ပြု နေမယ်ဆိုရင် ကောင်းမယ်လို့ ဆိုထားပါတယ်။ အာဗြဟံကတော့ သားယောကျ်ား မွေးဖွားမယ်ဆိုတဲ့ ဂတိတော်ကို သိခဲ့ပါ တယ်။ ဒါပေမဲ့လည်း သူက တစ်နည်းတစ်ဖုံ ပြောင်းလဲပစ်ရမယ် ဘာကြောင့်လဲဆိုတော့ သူက အရမ်းအသက်ကြီးနေလို့ စာရာလည်း အရမ်းအသက်ကြီး နေလို့ဘဲဖြစ်တယ်။ ဒါပေမဲ့လည်း စာတန်ရဲ့အတွေးအခေါ်များကို ပိုင်းခြားသိမြင် နားလည်နိုင်တဲ့ ကိုယ်တော်ကို သူ သူ့ရဲ့နောက်ကွယ်မှာ သူတွေ့မြင်တဲ့အခါမှာ သူအသက် ရှင်နေထိုင်နေရတဲ့ကာလကို သူအသိအမှတ်ပြုသွားပါတယ်။ သူဆိုတဲ့စကားကတော့ ကိုယ်တော်ရှင် ဒီနေရာကနေပြီးတော့ ရေကလေးနဲ့နဲ ခပ်ပါရစေ၊ နောက်ပြီးတော့ ခြေထောက်ကလေး နဲနဲ ဆေးပါရစေလို့ဆိုပါတယ်။ သူတို့ဟာ မုန့်လည်းစားကြပါတယ်။ ဆုတောင်းပေးပါ ရစေ၊ ခဏလေး ခဏကြာကြာလေး နေပါဦးလို့ ဆိုပါတယ်။ အဲဒီအ ခါမှာ ကျွန်ုပ်ရဲ့သခင် ကျွန်ုပ်ရဲ့ဘုရားသခင် အီလိုဟင်းမ်လို့ ဆိုထားပါတယ်။ ဘုရားသခင် သူ့ကို စကားပြောနေကြောင်း သူအသိအမှတ်ပြုပါတယ်။ သူ့ရဲ့လူသား ဇာတိအားဖြင့် တောင် သူအသိအမှတ်ပြုပါတယ်။ နိမိတ်လက္ခဏာကို အသိအမှတ်ပြုပါတယ်။ ဘုရားသခင် ကောင်းချီးပေးတယ်ဆိုတာကိုလည်း အသိအမှတ်ပြုပါတယ်။ သောဒုံမြို့မှာဆိုရင် သူတို့ရဲ့နေ့ရက်ကာလကို သူတို့မသိပါဘူး။ ဒါကြောင့်မို့လို့ သူတို့ဟာ မီးလောင်ကျွမ်း သွားခြင်းခံရပါတယ်။ သခင်ယေရှု မိန့်တော်မူခဲ့တဲ့အတိုင်းဘဲ အဲဒီနေ့ရက်ကာလက ဘုရားသားတော် ကြွလာမဲ့အချိန်ဘဲ ဖြစ်ပါတယ်။ ဒါမှမဟုတ် လူသားကို ဖေါ်ပြမဲ့အချိန် ဘဲ ဖြစ်ပါတယ်။

88 ၈၈။ ယခုအခါမှာ အသင်းတော်ဟာ သူမရဲ့နေ့ရက်ကာလကို သူမသိနေပါပြီ။ ဣသရေလကဲ့သို့ ဖြစ်ပါတယ်။ ပါလတိန ဒေသသို့ အတင်းအဓမ္မပြန်ပြီးတော့ ရောက်အောင်ကို ပို့ဆောင်ခြင်း ခံနေရပါတယ်။ သူမကိုလည်း အတင်းအဓမ္မ ကမ္ဘာ့အသင်းတော်များ ကောင်စီထဲသို့

တွန်းပို့နေပါတယ်။ ဘာကြောင့်လဲ? သူမရဲ့ နေ့ရက်အချိန်ကာလကို သူမ မသိသောကြောင့် ဖြစ်ပါတယ်။ သူမထဲမှ လူများထွက်လာကြပါ။ သူမရဲ့အပြစ်နဲ့ အတူတူ ကိုယ်လည်း အပြစ်မခံပါနဲ့။ လွတ်မြောက်အောင် ပြေးပါ။ သင့်အသက်လွတ် မြောက်အောင် ပြေးပါ။ သို့မဟုတ်ပါက သားရဲရဲ့ တံဆိပ်ခတ်ခြင်း ခံရမှာ ဖြစ်ပါတယ်။ ထိုသို့ တံဆိပ်ခတ်ခြင်း ခံရပါက ဘာမှလုပ်နိုင်တော့မှာ မဟုတ်ပါဘူး။ ညစ်ညူးတဲ့အရာ ဆက်လက်ပြီး ညစ်ညူးနေပါစေ၊ သန့်ရှင်းတဲ့အရာ ကတော့ ဆက်လက်ပြီး သန့်ရှင်းနေ ပါစေ။ သန့်ရှင်းပြီး ရှိနေတဲ့အရာ ယခုသန့်ရှင်းနေဆဲ ဆက်လက် တည်ရှိနေပါစေ။ ဆံပင်တိုတိုနဲ့ အမျိုးသမီးလေးအနေနဲ့ မဖြစ်နိုင်ပါဘူး။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်း ဘဲ မှန်ပါတယ်။ ဒါပေမဲ့လည်း နားထောင်ရတာ မကောင်းပါဘူး။ သမ္မာကျမ်းစာဆို ထားတဲ့အတိုင်းဘဲ သူမရဲ့ဦးခေါင်းကို သူမက ကျက်သရေမရှိအောင်လုပ်ထားခြင်းဘဲ ဖြစ်ပါတယ်။ သူမရဲ့ ဦးခေါင်းသည် သူမရဲ့ခင်ပွန်းဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ဦးခေါင်းက တော့ခရစ်တော်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့ သူမက ခရစ်တော်ကို မရိုသေရာကျပါတယ်။ သူမသည် မည်ကဲ့သို့ မရိုမသေပြုသလဲ? မည်ကဲ့သို့ ညစ်ညူးသောအရာဖြစ် နေပါသလဲ? သူမရဲ့ဆံပင်ကို တိုတိုလေးဖြတ်ထားသောကြောင့် ဖြစ်ပါတယ်။ သူဘဲဖြစ်စေ၊ သူမဘဲဖြစ်စေ၊ ဆက်လက်ပြီးတော့ ဘောင်ဘီတိုကလေးများ ဝတ်တယ်ဆိုရင် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို ငြင်းပယ်နေဆဲ ဆက်လက်ပြီး ငြင်းပယ်နေပါစေ၊ သို့သော်လည်း သန့်ရှင်းသောအရာကိုတော့ ဆက် လက်ပြီးတော့ သန့်ရှင်းပါစေ၊ ဖြောင့်မတ်သောအရာလည်း ဆက်လက်ပြီး ဖြောင့်မတ်ပါစေ၊ ဘုရားသခင်ရဲ့ ဖြောင့်မတ်တဲ့ နှုတ်ကပတ်တော် ဖြစ်တယ်။ ဘုရားသခင်ရဲ့ ဘုရားသားတော်က ဖော်ပြခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ သန့်ရှင်းပါ။ ဆက်လက်ပြီးတော့ ဖြောင့်မတ်ပါ။ အသိအမှတ်ပြုပါ။ အသင်းတော်ကတော့ သူမရဲ့နေ့ရက်ကာလကို သူမအသိအမှတ် မပြုဘဲနေပါတယ်။

89 ၈၉။ ဣသရေလနိုင်ငံကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူမရဲ့ ဂတိထားတော်မူရာကို သူမပြန် ရောက်သွားပါတယ်။ ဘယ်လိုပြန် ရောက်သွားမှန်းတောင် သူမကိုယ် သူမမသိပါဘူး။ အလိုအလျှောက်ဘဲ ပြန်ရောက်သွားခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲ? နိုင်ငံတော်ရဲ့ အင်အားနဲ့ သူမကို နေရာမှန်ပြန်ရောက်စေခြင်းဘဲ ဖြစ်ပါတယ်။ အခုအခါမှာ ကျွန် တော်တစ်ခု ပြောလိုပါတယ်။ နိုင်ငံတကာရဲ့ဖိအားနဲ့ ဣသရေလက သူ့ရဲ့မွေးရပ်မြေကို ပြန်ရောက်သွားပါတယ်။ နိုင်ငံတွေရဲ့ဖိအားနဲ့ဘဲ အသင်းတော်ကို ကမ္ဘာ့အသင်းတော် များကောင်စီထဲကို ပို့သွင်းမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့တန်ခိုးတော်ကတော့ လူများကို သတို့သမီး ထဲကို ပို့ဆောင်မှာ ဖြစ်ပါတယ်။ လောကဆိုင်တဲ့အရာကြီးကတော့ ဒီလို နည်းနဲ့ပို့ပါတယ်။ ဟိုလိုနည်းနဲ့ပို့ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ကတော့ အပေါ်ကို မြှောက်တင်ပြီးတော့ ပို့ဆောင်ခြင်း ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ် တော်တည်း ဟူသော ဘုရားသခင်၏ ဝိညာဉ်တော်က ဘာပြောလဲဆိုရင် ငါ့ရဲ့နှုတ်ကပတ်တော်သည် ဝိညာဉ်တော် ဖြစ်သကဲ့သို့ အသက်လည်း ဖြစ်တယ်လို့ ဆိုထားပါတယ်။ သတို့သမီးကို သူမရဲ့နေရာမှာ ပို့ဆောင်မှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ထဲမှာ သူမရဲ့နေရာကို သူမက ပြန်ပြီး အသိအမှတ်ပြုမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူမက ခရစ်တော်အ ထဲ၌ သူမရဲ့နေရာကို သူမရောက်သွားမှာ ဖြစ်ပါတယ်။ ဘယ်နိုင်ငံတကာရဲ့ အင်အားက မှ လုပ်နိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အဲဒီနိုင်ငံတကာရဲ့ အင်အားက ဣသရေလ ကို မိမိတို့ရဲ့ဇာတိမြေကို တွန်းပို့မှာ ဖြစ်ပါတယ်။ အသင်းတော်များကောင်စီရဲ့ နိုင်ငံတ ကာအင်အားကတော့ အဖွဲ့အစည်းတိုင်းကို သူ့အထဲကို ပို့ဆောင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့တန်ခိုးတော်ကတော့ သတို့သမီးကို ဘုန်းထင်ရှားစေမှာ ဖြစ်ပါတယ်။

သင်တို့ရဲ့နေ့ရက်ကာလကို အသိအမှတ်ပြုပါ။ သခင်ယေရှု သတိပေးသကဲ့သို့ သောဒုံမြို့ရဲ့ နိမိတ်လက္ခဏာ၊ ဒီအသင်း တော်၊ မြို့ရဲ့အခြေအနေများကို ကြည့်ပါ။

90 ၉၀။ ဒီနေ့ရက်ကာလမှာ ဘာဖြစ်လာမလဲဆိုတာကို ကိုယ်တော်ရှင် ဘာပြောမလဲ ဆိုတာကို ကြည့်ပါ။ သူပြောမဲ့စကား ကိုလည်း သေချာစွာနားထောင်ပါ။ သောဒုံမြို့ရဲ့ နိမိတ်လက္ခဏာမျိုး ဒီနေ့ရက်မှာ ဖြစ်မှာ ဖြစ်ပါတယ်။ အာဗြဟံရဲ့နိမိတ် လက္ခဏာမျိုး ဖြစ်ပါတယ်။ သောဒုံမြို့ မပျက်စီးမီတိုင်က ပုံစံဘဲ ဖြစ်ပါတယ်။ အားလုံးကို ဘုရားသခင် က ခေါ်ထုတ်ခဲ့ပါတယ်။ ဒီအရာတွေအားလုံးကို ကြိုတင်ပြီး ပရောဖက်ပြုထားပါတယ်။ ဒါတွေအားလုံး ဖြစ်ပေါ်လာမယ်ဆိုတာကို ကြိုတင်သိ ရှိစေရန်အတွက် ဖော်ပြခြင်းဘဲ ဖြစ်ပါတယ်။ သင်အသက်ရှင်နေရတဲ့ နေ့ရက်ကာလအချိန်ကာလကို သတိထားပါ။ ကျွန်တော်တို့က ထပ်ခါထပ်ခါပြောခဲ့ပြီးပါပြီ။

အခုအခါမှာ ကိုယ်တော်ရှင်က ကောင်းကင်က အလင်းကိုစေလွှတ်မယ်လို့ ဂတိပေးခဲ့ပါတယ်။ ဒါမှ နှုတ်ကပတ်တော်မျိုးစေ့ မှည့်ဝင်းလာပြီး ဒီနေ့ရက်ကာလအ တွက် စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်။ မျိုးစေ့ကတော့ ဒီမှာရှိပါတယ်။ မျိုးစေ့ကတော့ သမ္မာကျမ်းစာဘဲဖြစ်ပါတယ်။ ဘာကြောင့်လဲ? သခင်ယေရှုမိန့်တော်မူတဲ့အတိုင်းဘဲ နှုတ်ကပတ်တော်ဟာ မျိုးစေ့ဖြစ်ပြီးတော့ အဲဒီမျိုးစေ့ကို မျိုးကြဲသူက ကြဲခဲ့ခြင်းဖြစ်ပါ တယ်။ ယခုအခါမှာ ခင်ဗျားတို့ ကောက်ပဲသီးနှံမျိုးစေ့ကို စိုက်မှာဖြစ်ပါတယ်။ ဘယ်လို မျိုးစေ့ကိုဘဲစိုက်စိုက် ဒီအစေ့တွေ မှည့်ဝင်းလာဘို့အတွက် အလင်းရောင်လိုပါတယ်။ ဒါမှမဟုတ်ရင် ပုတ်သိုး ပျက်စီးသွားမှာ ဖြစ်ပါတယ်။ မြေကြီးပေါ်မှာ မျိုးစေ့ကို ချလိုက်ရင် မှန်ကန်တဲ့မြေကြီး ဖြစ်ရင် မှန်ကန်တဲ့ နေအလင်း ရောင်ကိုလည်း ရမယ်ဆိုရင် အဲဒီအစေ့က မှည့်ဝင်းလာမှာ ဖြစ်ပါတယ်။ နောက်ဆုံးသောနေ့ရက်ကာလမှာ ကိုယ် တော်ရှင် ဂတိပေးတော်မူတဲ့အတိုင်းဘဲ ညနေခင်းအချိန်မှာ သားတော်ကြွလာတော်မူပြီး မျိုးစေ့ကို မှည့်ဝင်းစေမှာ ဖြစ်ပါတယ်။ မျိုးစေ့အကြောင်းကို ဟောပြောခဲ့ပြီးဖြစ်ပါတယ်။ ဘုရားသားတော်ကတော့ မျိုးစေ့ကို မှည့်ဝင်းစေမှာ ဖြစ်ပါတယ်။ နှုတ်က ပတ်တော်ကို ဖော်ပြခြင်းအားဖြင့် ဖြစ်ပါတယ်။ သင့်ရှေ့မှာဘဲ ပြုလုပ်မှာဖြစ်ပြီးတော့ သက်သေဖြစ်ရမှာ ဖြစ်ပါတယ်။ သဘောပေါက်ပါသလား? ပရိသတ်ကလည်း အာမင်လို့ ပြောပါတယ်။ သင့်ရဲ့နေ့ရက်ကာလကို အသိအမှတ်ပြုပါ။ ယခုအခါ ကျွန်တော် နိဂုံးချုပ်တော့ မှာ ဖြစ်ပါတယ်။ နိဂုံးချုပ်ဘို့လည်း အချိန်ရောက်ပါပြီ။

91 ၉၁။ ချမ်းသာပြီး၊ မျက်စိကွယ်ပြီး ပညာတတ်နေတဲ့ လောဒိကိခေတ်ကာလက နှုတ် ကပတ်တော်ကို သူတို့အလယ်မှာ ထားမှာပါ။ သူတို့တကယ်ဘဲ ထားပါသလား? ပရိသတ်ကလည်း အာမင်လို့ ပြောပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ သူတို့ ထားမှာ ဖြစ်ပါတယ်။ ရှေးခေတ်ကာလက ပရောဖက်များကို စေလွှတ်ပြီး နှုတ်ကပတ် တော်ကို ဂတိထားတော်မူတဲ့အတိုင်းဘဲ သူတို့ရဲ့နေ့ရက်ကာလမှာ ဖော်ပြမှာဖြစ်ပါတယ်။ အဲဒီအခါမှာ လူတွေက ကြိုတင်ပြီးတော့ ဖော်ပြထားခြင်း ခံရပါတယ်။ သူတို့ရဲ့နေ့ရက် ကာလမှာ နှုတ်ကပတ်တော်ကို

တွေ့ရခြင်းဘဲဖြစ်ပါတယ်။ ရေတွင်းနားမှာရှိတဲ့ အမျိုးသ မီးကဲ့သို့ ဖြစ်ပါတယ်။ နာသန်ကဲ့သို့လည်း ဖြစ်ပါတယ်။ မျက်မမြင်ဗာတိမဲကဲ့သို့ ပေတရု ကဲ့သို့ ကျန်တဲ့သူတွေ ကိုလည်း သူတို့က နှုတ်ကပတ်တော်ကို အသိအမှတ်ပြု သိရှိလက်ခံ ခဲ့ပါတယ်။ ကိုယ်တော်ရှင်ဟာ အဲဒီနှုတ်ကပတ်တော် ဘဲဖြစ်ပါတယ်။ အဲဒီနှုတ်ကပတ်တော်ရဲ့ ရလဒ်ကတော့ ခမည်းတော် ဂတိပေးတဲ့အတိုင်း ငါအမှုဆောင်တဲ့အခါမှာ ငါ့ကိုယုံကြည်ပါ။ ငါအမှုပြုတဲ့အတိုင်းဘဲ ငါ့ကို ယုံကြည်သောသူတွေကလည်း ယုံကြည် ကြမှာဖြစ်ပါတယ်။ ငါဟာ မည်သူမည်ဝါဖြစ်တယ်ဆိုတာကို သူတို့ကို ပြောပြပါလို့ဆို ပါတယ်။ ဒီနေ့ရက်ကာလကို လွန်မြောက်မသွားပါစေနဲ့။ နှုတ်ကပတ်တော် ဖေါ်ပြထား တဲ့ နေ့ရက်ကာလကို အသိအမှတ်ပြုပါ။ သူတို့ အဲဒီနှုတ်ကပတ်တော်အတိုင်း လက်ခံတဲ့ အခါမှာ လုံခြုံစိတ်ချမှုကိုရရှိပါတယ်။

ပင်တေကုတ္တေများအနေနဲ့ ခင်ဗျားတို့ရဲ့ နေ့ရက်ကာလကို ခင်ဗျားတို့ ဘာကြောင့် သိကြသလဲ? ညနေခင်းအ လင်းရဲ့နေ့ရက်ကို သိရမှာ ဖြစ်ပါတယ်။ အခုဒီနေရာ မှာ ရှိပါတယ်။ သခင်ယေရှု ကြွလာတော်မူမယ်ဆိုတဲ့အကြောင်းကို ကြိုတင်ပြီး ဖေါ်ပြ ထားခြင်းဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ နောက်ဆုံးအချိန် ရောက်နေပါပြီ။ သင့်ရဲ့နေ့ ရက်ကာလကို အသိအမှတ်ပြု လက်ခံပါ။

92 ၉၂။ ကျွန်တော် အချိန်တော်တော်ကြာကြာ ဆွဲထားတယ်လို့ ကျွန်တော်ထင်ပါ တယ်။ အခု(၁၂)နာရီတောင်ထိုးနေပါပြီ။ ဒါပေမဲ့လည်း ဒီနှုတ်ကပတ်တော်ကို ကျွန် တော်ကြိုက်နှစ်သက်ပါတယ်။ အဲဒါက အသက်ဘဲဖြစ်ပါတယ်။ ယုံကြည်သူအတွက် တကယ်ကို နှုတ်ကပတ်တော် အသက်မုန့်ဘဲဖြစ်ပါတယ်။ သင်အသက်ရှင် နေထိုင်တဲ့ နေ့ရက်ကာလကို အသိအမှတ်ပြုပါ။ အချိန်ကာလရဲ့ နိမိတ်လက္ခဏာများကိုလည်း သိမှတ်ပါ။

အရာခပ်သိမ်း ဘယ်လိုအခြေအနေဖြစ်သလဲဆိုတာ ကြည့်ပါ။ ဣသရေလ ကိုကြည့်ပါ။ အသင်းတော်ကိုကြည့်ပါ။ ကိုယ်ကျင့် တရားကိုကြည့်ပါ။ သမ္မာကျမ်းစာကို ရပ်တည်နေတဲ့နေရာကိုလည်း ကြည့်ပါ။ ဘာကျန်ခဲ့သေးလဲ? နောက်တစ်ခုကတော့ သတို့သမီးလေးကို ချီဆောင်သွားခြင်းဘဲဖြစ်ပါတယ်။ အသင်းတော်တိုင်းက အင်မတန် ကြီးမြတ်တဲ့အရာဖြစ်လာ မယ်ဆိုတာကို မြှော်လင့်နေကြပါတယ်။ ပင်တေကုတ္တေတို့က လည်း ပြောကြပါတယ်။ ဘုရားဘုန်းတော် ထင်ရှားပါစေ။ တစ်နေ့သောအခါမှာ သူတို့ အားလုံး ဒါကိုလုပ်မယ်၊ ဟိုဟာကို လုပ်မယ်ဆိုတဲ့ အချိန်ရောက်လာမှာ ဖြစ်ပါတယ်။ သူတို့က ပါမောက္ခများဖြစ်ပါတယ်။ သူတို့ ယုံကြည်သူများဖြစ်ပါတယ်။

တစ်ချိန်က ကယာဖပြောသကဲ့သို့ဘဲ လူတစ်ယောက်က အများအတွက် အသေခံမယ်ဆိုရင် မကောင်းဘူးလား? တစ်နိုင်ငံ လုံးပျောက်ဆုံးမဲ့အစား တစ်ယောက် ဘဲအသေခံသွားတာကောင်းမယ်လို့ ပြောပါတယ်။ ကယာဖက တစ်ကယ့်ယဇ်ပရော ဟိတ်အကြီး ဖြစ်ပါတယ်။ သမ္မာကျမ်းစာလည်း ဆိုထားပါတယ်။ သူအဲဒီလိုပြောရခြင်းရဲ့ အကြောင်းရင်းလည်း ရှိပါတယ်။ သူက ပရောဖက်ပြုခြင်း ဖြစ်ပါတယ်။ သူဘာပြောနေ မှန်းသူမသိပါဘူး။ ဒါပေမဲ့လည်း တစ်ကယ်စစ်မှန်တဲ့ အမှန်တရားကို တော့ သူသိပါတယ်။ သူဟာ တစ်ကယ်စစ်မှန်တဲ့ဘုရားသခင်ကို စွန့်လွှု၊ တင်လှူပူဇော်ပြီး သူ့ကိုယ်သူ ယဇ်ပရောဟိတ် အကြီးလို့ဘဲ ကြွေးကြော်နေခြင်း ဖြစ်ပါတယ်။ ယခုခေတ်ကာလလည်း ထိုနည်း၎င်းပင် ဖြစ်ပါတယ်။ သူတို့အားလုံး မျှော်ကြည့်နေပါတယ်။ တစ်နေရာရာ အင်မတန်ကြီးမားတဲ့ အချိန်ကောင်းကာလကို မျှော်ကြည့်နေခြင်းဘဲ ဖြစ်ပါတယ်။

93 ၉၃။ စီးပွားရေး လုပ်ငန်းရှင်များရဲ့ ညီလာခံကို ကျွန်တော်သွားခဲ့ပါတယ်။ သူတို့က ဘုရားဘုန်းတော် ထင်ရှားပါစေလို့ ပြောပါတယ်။ တရားဟောဆရာတွေ ရပ်ပြီးပရိ သတ်ကို ဆူညံသွားအောင် လုပ်ပါတယ်။ ဘာပြောလဲဆိုတော့ အင်မတန်ကြီးမားတဲ့ နိုးထမှုကြီးလာတော့မယ်။ ဘုရားသခင်ရဲ့ လက်တော်ဟာ ဒီကမ္ဘာလောကကြီးပေါ်မှာ တင်ထားတာကို တွေ့ရပါမယ်။ အဲဒီလိုဘဲ လူတွေသွားကြမှာ ဖြစ်ပါတယ်။ ပြေးကြမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ဣသရေလနိုင်ငံအတွက် တံပိုးမှုတ်တဲ့အချိန် ရောက်တဲ့အခါ မှာ ဖြစ်မယ်ဆိုတာကို သူတို့ မသိကြပါဘူး။ သူတို့ ဘာလုပ်ကြပါသလဲ¿ သူတို့ဟာခရစ်ယာန်ပါမောက္ခတွေဖြစ်တယ်။ ဒါတောင်မှ သူတို့မသိကြပါဘူး။ ကယာဖလည်း သူဘာလုပ်သလဲဆိုတာ သူ့ကိုယ်သူမသိပါဘူး။ သူတို့ဟာ သတင်းစကားကို သူတို့ထံကို စေလွှတ်တာကို သူတို့ ငြင်းပယ်နေခြင်းဘဲ ဖြစ်ပါတယ်။ အာမင်။

နှုတ်ကပတ်တော်နဲ့ ပတ်သက်တဲ့ဘယ်အစိတ်အပိုင်းမဆို ကျွန်တော်တို့ တစ်ရက်ပြီးတစ်ရက် တစ်ပါတ်ပြီးတစ်ပါတ် သေချာ စွာလေ့လာခဲ့ပြီး ဖြစ်ပါတယ်။ နောက်ဆုံး သမ္မာတရားကို ငြင်းပယ်လို့မရတော့တဲ့အထိဘဲ ဖြစ်ပါတယ်။ မျက်စိကွယ်နေ တဲ့သူတွေကတော့ လက်မခံနိုင်ပါဘူး။ သခင်ယေရှုပြောသလိုဘဲ ရှိပါစေ။မျက်ကန်းက မျက်ကန်းကို လမ်းပြခြင်းဘဲ ဖြစ်ပါတယ်။ သူတို့အားလုံး တွင်းထဲကို ကျသွားမှာ ဖြစ်ပါ တယ်။ ဘယ်အချိန်ဖြစ်မလဲဆိုတာ ကျွန်တော်မသိပါဘူး။ ဘယ်နေ ရာမှာ ဖြစ်မလဲဆို တာကိုလည်း ကျွန်တော် မသိရပါဘူး။ ဒါပေမဲ့လည်း ဖြစ်ကိုဖြစ်လာမှာကိုတော့ ကျွန်တော် သိပါတယ်။

94 ၉၄။ စာတန်မာရ်နတ် ကျွန်တော် ဒါလုပ်မယ်ဆိုတာ မနှစ်သက်ပါဘူး။ မနေ့က ကျွန်တော် အရမ်းခံစားရပါတယ်။ ကိုယ်တော်ရှင်ထံမှ ဘာနှုတ်ကပတ်တော်မှ မရပါဘူး။ ကျွန်တော် လုပ်နိုင်သမျှအားလုံးကို လုပ်ပြီးတော့ ကျွန်တော် လုပ်ပါတယ်။ ဒါပေမဲ့လည်း မရပါဘူး။ ဒီမနက် ကျွန်တော် မနက်အစောကြီးထတဲ့အခါမှာ ကျွန်တော်မနေ့က ပြောင်းဖူး အနည်းငယ်စားထားပြီးတော့ အစာမကြေဘဲနဲ့ ပြောင်းဖူးတွေက ဗိုက်ထဲမှာ ဒီအတိုင်းရှိနေသလို ခံစားရပါတယ်။ ကျွန်တော် အရမ်းခံရခက်ပါတယ်။ ကျွန်တော် ဘာစဉ်းစားမိသလဲဆိုတော့ ဘာများဖြစ်တာပါလဲလို့ စဉ်းစားမိပါတယ်။ ကျွန်တော် အောက်ကို ဆင်းသွားပြီးတော့ ကျွန်တော် ဘာပြောရမလဲဆိုတာ မသိပါဘူး။ အဲဒီအခါ မှာ ကိုယ်တော်ရှင်ကို ကျွန်တော် ဆုတောင်းပါတယ်။ သမ္မာကျမ်းစာကို ရေးချ နိုင်ဘို့အ တွက် ကျွန်တော် ရှာလို့မရတဲ့အတွက် ဖြစ်ပါတယ်။ ကျွန်တော် ဘာမှ ရှာလို့ မရပါဘူး။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိပါဘူး။ နောက်တော့မှ သတင်းစကားက ကျွန်တော့် ထံကို ရောက်လာပါတယ်။ စာတန်ကတော့ ဘာပြောသလဲဆိုတော့ ခင်ဗျားအရမ်း နေမကောင်းဖြစ်နေတယ်။ ခင်ဗျား ခေါင်းလည်းကိုက်နေတယ်။ ခင်ဗျား ဖျားလည်းဖျား နေတယ်။ ခင်ဗျား အဲဒီကို ဆင်းသွားလို့ မရဘူး။ အဲဒီမှာ ရပ်နေလို့ မရဘူး။ အဲဒီမှာ သွားရပ်နေရင် ဒါဖြစ်မယ်၊ ဟိုဟာဖြစ်မယ် စသည်ဖြင့် စာတန်ကပြောနေပါတယ်။

95 ၉၅။ ကျွန်တော် အင်္ဂလန်နိုင်ငံမှာရှိတဲ့ ပုံပြင်လေးတစ်ပုဒ်အကြောင်းကို သတိရမိပါတယ်။ အဲဒီ အင်္ဂလန်နိုင်ငံမှာရှိတဲ့ လူကလေးတစ်ယောက်ကတော့ သာမန်လူကလေးဘဲ ဖြစ်ပါတယ်။ အဲဒီ အင်္ဂလန်နိုင်ငံမှာရှိတဲ့ ဘုရင်တစ်ပါးဟာ သူ့ရဲ့နေရာကို သွားပါတယ်။ သူအဲဒီနေရာကို သွားတဲ့အခါမှာ သတင်းတစ်ခုပါသွားပါတယ်။ အရမ်းအရေးကြီးတဲ့သ တင်း ဖြစ်ပါတါယ်။ ရန်သူနဲ့ပတ်သက်တဲ့သတင်းဘဲ ဖြစ်ပါတယ်။ သူကအဲဒီ ဘူကလေးကို သွားပြီးပြောပါတယ်။ ဒီသတင်းစကားကို သွားပို့ပေးပါ။ မြန်မြန်သွားပို့ပေးပါ။ အဲဒီနေရာကို ပို့ပေးပါ။ လုပ်ကိုလုပ်ပါလို့လည်း သူကအမိန့်ပေးလိုက်ပါတယ်။ နောက် ပြီး ဒီလုံတံလေးကို လက်ထဲကိုင်သွားပါ။ အဲဒီတော့မှ သင့်ကို ဖေါ်ပြမှာ ဖြစ်ပါတယ်။ ငါကသင့်ကို လွတ်လိုက်တာဖြစ်တယ်လို့ သင့်ကို သိစေရမှာဖြစ်တယ်လို့ဆိုပါတယ်။

သူဟာ သူ့ရဲ့ဝတ်ရုံအောက်မှာ အဲဒီလုံကလေးကို ဝှက်ထားပြီးတော့ သူသွားပါ တယ်။ အစောင့်တွေအားလုံးက သူ့ကို တားကြပါတယ်။ လူတိုင်းတားကြပါတယ်။ အားလုံးကအော်ပြီးတော့ ထွက်သွားပါလို့ ပြောပါတယ်။ ဒါပေမဲ့လည်း သူကတော့ ဘုရင်ရဲ့အမိန့်ပါလာတယ်၊ လမ်းဖယ်ပေးကြပါလို့ ဆိုပါတယ်။ အာမင်။ ငါကတော့ ဘုရင်ရဲ့သတင်းစကား ယူဆောင်လာ တဲ့သူဘဲ။ တစ်ကယ်ကို ဖေါ်ပြထားတဲ့စကားပါလာ ပါတယ်လို့ သူကပြောပါတယ်။

ကျွန်တော် စဉ်းစားမိတာကတော့ စာတန် ငါ့လမ်းကနေ ဖယ်ပေးပါ။ ငါ့မှာ ဘုရင့်သတင်းစကား ပါလာတယ်။ ငါသွားကို သွားရမယ်လို့ ကျွန်တော် စဉ်းစားမိပါတယ်။

96 ၉၆။ တစ်ချိန်တုန်းက သူတို့ဟာ ငြိမ်းချမ်းရေးတို့ရဲ့ သခင်ကို သတ်ဖြတ်ခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ကို သင်္ချိုင်း ထဲမှာထားတယ်။ သင်္ချိုင်းဂူကိုလည်း တံဆိပ်ခတ်ထား တယ်။ သူ့ကိုလည်း (၃)ရက် သေခြင်းတရားက ချုပ်ကိုင်ထားပါတယ်။ သုံးရက်နဲ့သုံးည ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အီစတာမနက်ခင်းမှာ သူ့လက်ထဲမှာ သူ့က လုံတံကလေးကို ကိုင်ပြီးတော့ သေခြင်းတရား ငါ့ထံကထွက်သွား။ သင်္ချိုင်းကုန်း ငါ့ထံကထွက်သွား။ သင်္ချိုင်းတွင်းတွေပွင့်၊ ငါကဘုရင့်ရဲ့ သတင်းစကား ပို့ဆောင်တဲ့သူဘဲ၊ ဒီသေခြင်းကနေ ရှင်ပြန်ထမြောက်ခြင်းကို ငါသက်သေပြရမယ်။ ငါဟာ သေခြင်းနဲ့ ထမြောက်ခြင်းဘဲဖြစ် တယ်။ ဟာလေလုယာ။ ငါအခုတစ်ကယ်ဘဲ ခံစားရတာ ကောင်းသွားပြီ။ ဘုရင့်ရဲ့ သတင်းစကားဘဲဖြစ်ပါတယ်။ မိတ်ဆွေများကို အသိအမှတ်ပြုကြပါစို့။ ကျွန်တော်တို့ အားလုံးဟာ သတင်းစကားကြားရဘို့ အားလုံးစုရုံးခြင်း ခံနေရပါတယ်။ သခင့်ရဲ့တံပိုး မှုတ်သံထွက်လာမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ အချိန်ရှိတော့မှာ မဟုတ်ပါဘူး။

ကိုယ်တော်ရှင်က ဣသရေလနိုင်ငံကို စုသိမ်းပါတယ်။ (၃)ရက်တိုင်တိုင် ဖြစ်ပါတယ်။ တတိယမြောက်နေ့မှာ သူပြုလုပ်မယ် ဆိုတဲ့အကြောင်းကို ပြောပါတယ်။ နှစ်ပေါင်း (၂၇၀၀) ကျော်သွားပါပြီ။ အဲဒီတတိယနေ့ကနေစပြီးတော့သူတို့ကို စုသိမ်းမယ် လို့ သူကပြောပါတယ်။ သူပြုလည်း ပြုခဲ့ပါတယ်။ အသက်တာရဲ့လမ်းကို သူသိစေ အောင်လုပ်မယ်လို့လည်း ပြောပါတယ်။ သတို့သမီးကို သင်က စောင့်နေပါတယ်။ သူ တို့လာမဲ့ လမ်းကနေ ဖယ်ပေးပါ။ ပရောဖက်(၂)ပါးဖြစ်ပါတယ်။ ဟောဗြဲပရောဖက်(၂)ပါးဖြစ်ပါတယ်။ သူတို့ကိုတော့ မှတ်မိကြမှာ ဖြစ်ပါတယ်။

97 ၉၇။ ကျွန်တော် ကိုင်ရိုမြို့မှာ ရောက်ခဲ့စဉ်ကို သတိရပါတယ်။ Lewi Pethrus ကို တွေ့ဘို့သွားခြင်းဘဲ ဖြစ်ပါတယ်။ သူက ဘာပြောသလဲဆိုရင် သူတို့တွေ့မယ်ဆိုရင် သူတို့ရဲ့ ပရောဖက်တွေကို သူတို့ ယုံကြည်ကြမှာပါလို့ ပြောပါတယ်။

ကျွန်တော်ကလည်း အဲဒါကတော့ ကျွန်တော့်အတွက် ကောင်းတဲ့အရာပါဘဲလို့ ပြန်ဖြေလိုက်ပါတယ်။ လူတွေက ဘယ်လိုဖြစ်သလဲ? ဘုရားသခင်ရဲ့ကျေးဇူးတော်ကို တွေ့ဘို့ဘဲ ဖြစ်ပါသလား? ကျွန်တော် ပြောသလိုဘဲ ကျွန်တော်ဟာ ဓမ္မ သစ်ကျမ်းကို ဖတ်မှာဖြစ်ပါတယ်။ သူတို့ဖတ်ပါတယ်။ လူဝီလည်း သူတို့ကို စေလွတ်ခြင်းဘဲ ဖြစ်ပါတယ်။ သန်းပေါင်းများစွာ ရောက်နေပါတယ်။ ဘရာသာ Lewi Pethrus ကဆွီဒင် နိုင်ငံကဖြစ်ပါတယ်။ သူတို့ဖတ်ကြမှာ ဖြစ်ပါတယ်။ တက်လာတယ်၊ ဆင်းသွားတယ်၊ နောက်ပြီးတော့ ဂျူးတွေဆီရောက်သွားတယ်။ အခုခေတ်ပေါ်ဂျူး၊ ခေတ်မှီတဲ့ဂျူးတို့လို တော့ မဟုတ်ပါဘူး။ သူတို့ရဲ့မိခင်နိုင်ငံမှာသူတို့ ရောက်နေကြပါပြီ။ သူကဘာပြောလဲဆိုတော့ အဲဒါမေရှိယဖြစ်မယ်ဆိုရင် ပရောဖက်ရဲ့လက္ခဏာ ကို ကျွန်တော်တို့ ကြည့်ပါရ စေ။ အဲဒါမှ ကျွန်တော်တို့ ယုံနိုင်မယ်လို့ ပြောပါတယ်။

LewiPethrus က ဘာပြောသလဲဆိုတော့ ဘရာသာဘရမ်ဟမ် အခွင့်အရေး ရှိပါတယ်။ အဲဒါနဲ့ပတ်သက်လို့ တစ်စုံတစ်ယောက်သောသူက ကျွန်တော်ကို ပြောခဲ့ ဘူးပါတယ်။ အဲဒါက အခွင့်အရေးဘဲ ဖြစ်ပါတယ်။ ကျွန်တော် အဲဒီအခွင့် အရေးကို ရပါတယ် လို့သူကပြောပါတယ်။ လူအချို့ရောက်လာပြီး အဲဒီမှာ ထိုင်ပါတယ်။ ဘရာ သာအာဂန်ဘရိုက်က ပြောတယ်။ ဘရာသာဘရမ်ဟမ် အဲဒါက ဣသရေလနိုင်ငံကို သတိပေးနေတာဘဲ ဖြစ်တယ်။ ကိုယ်တော်ရှင် မကြွလာမီ သူတို့ကို ခေါ်ထုတ်ပါ။ ပ ရောဖက်ရဲ့ နိမိတ်လက္ခဏာကိုပြပါ။ ဒါမှ သူတို့ယုံကြည်ကြမှာလို့ ဆိုပါတယ်။

ကျွန်တော်ကလည်း ကိုယ်တော်ရှင် ကျွန်တော် ဒီနေရာမှာ ရောက်ပါပြီ၊ အဆင်သင့်ဖြစ်ပါပြီလို့ ပြောပါတယ်။ လေယာဉ်ပေါ်မှာ လည်း ကျွန်တော်တက်သွားတဲ့ အခါမှာ ငွေကို ယူပြီးလက်မှတ်ဝယ်လိုက်ပါတယ်။ ကိုင်ရိုမှာ ကျွန်တော်ရပ်လိုက်တယ်။ ကျွန်တော် အဆင်သင့်ဖြစ်ပါပြီလို့လည်း ပြောပါတယ်။

သန့်ရှင်းသော ဝိညာဉ်တော်က ဘာပြောသလဲဆိုတော့ ဒီနေရာဟာ မင်းရဲ့နေရာ မဟုတ်ဘူး။ မင်းရဲ့အချိန်လည်း မဟုတ်ဘူးလို့ ပြောပါတယ်။ ရှေ့မှာ မင်းအတွက် ပြင်ဆင်ထားတာ ရှိတယ်လို့ပြောပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့အရာ ကတော့ ကျွန် တော်တောက်လျှောက်လာပြီးတော့ ကျွန်တော် ဘယ်ကိုသွားမလဲ၊ သွားတော့သွားနေတာ ဘဲလို့ ကျွန်တော် စဉ်းစားမိပါတယ်။

တစ်စုံတစ်ယောက်သော အရာတစ်ခုကပြောပါတယ်။ အဲဒီနေရာမှာ ရပ်ပါ။ အဲဒီလမ်းကို မသွားပါနဲ့။ အိန္ဒိယနိုင်ငံကို သွားပါ။ အဲဒီကို မသွားပါနဲ့။ အန္ဒိယကိုသွား ပါ။ ဒီနေရာကိုတော့ လုံးဝမသွားပါနဲ့လို့ တားပါတယ်။

98 ၉၈။ ကျွန်တော်စဉ်းစားမိတာကတော့ ဘာကြောင့်များပါလိမ့်လို့ စဉ်းစားမိ ပါတယ်။ ကျွန်တော် လျှောက်သွားပြီးတဲ့အခါမှာ

ကိုယ်တော်ရှင်ဘုရား ဒါဘာအဓိပ္ပါယ်လဲလို့ မေးမိပါတယ်။ အဲဒီအခါမှာ ကိုယ်တော်ရှင်က ကျွန်တော့်ကို သိအောင် ဖော်ပြပါတယ်။ ဘယ်တစ်ပါးအမျိုးသားမှ မရှိပါဘူး။ ဒီပရောဖက်တွေဟာ တလုံးတဝတည်းဘဲ ဖြစ်ပါ တယ်လို့ ပြောပါတယ်။ သမ္မာကျမ်းစာနဲ့ ကိုက်ညီရမှာဖြစ်ပါတယ်။ မောရှေနဲ့ဧလိယ ကြွလာရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ သတို့သမီးကိုလည်း ချီဆောင်သိမ်းဆည်းရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ ပရောဖက်တွေ ပြန်လာမယ်။ ပရောဖက်တွေရဲ့ နိမိတ်လက္ခဏာကိုလည်း ပြသကြမှာဖြစ်ပါတယ်။ အဲဒါသမ္မာကျမ်းစာဘဲဖြစ်ပါတယ်။ အဲဒီအချိန် ကျမှ အရာခပ်သိမ်း ပြည့်စုံမှာ ဖြစ်ပါတယ်။ ဣသရေလကတော့ တစ်နေ့ထဲမှာဘဲ နိုင်ငံတစ်နိုင်ငံအနေနဲ့ မွေးဖွားလာမှာဖြစ်ပါတယ်။ အာမင်။ ညနေခင်း အလင်းနေက တောက်ပနေပါပြီ။ ညနေခင်းအချိန်မှာ အလင်းတွေ့ရမှာ ဖြစ်ပါတယ်။ ဘုန်းထင်ရှား စေတဲ့လမ်းကို သင်မလွဲမသွေ တွေ့မှာဖြစ်ပါတယ်။ ရေထဲမှာလည်း အလင်း ယနေ့ရှိပါ တယ်။ သခင်ယေရှုရဲ့ မြတ်သောနာမဥ္စ မြှုပ်နှံထားပါတယ်။ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ သင်တို့ရဲ့အပြစ်တွေကို နောင်တရပါ။ သန့်ရှင်းသောဝိညာဉ်တော်က ဝင်ရောက်လာ မှာဖြစ်ပါတယ်။ ညနေခင်းအလင်းနေ ရောက်လာပါပြီ။ ခရစ်တော်နဲ့ ဘုရားသခင်ဟာ တလုံးတဝတည်းဆိုတဲ့ အချက်ဘဲ ဖြစ်ပါတယ်။

99 ၉၉။ ကျွန်တော်တို့ဟာ နောက်ဆုံးအချိန်ကို ရောက်နေပါပြီမိတ်ဆွေ။ ကျွန်တော်တို့ ဒီသီချင်းကို သတိရကြပါတယ်။ စဉ်းစားမိကြပါတယ်။ ဝိညာဉ်တော်နဲ့ ပြည့်ဝတဲ့ သီချင်း ရေးဆရာက ရေးသားထားပါတယ်။

နိုင်ငံတွေအားလုံး ပြိုကွဲနေပြီ၊ ဒါဟာ လွန်ခဲ့တဲ့ (၁၅)နှစ်ခန့်ကဖြစ်ပါတယ်။

ဣသရေလနိုင်ငံကတော့ ပြန်ပြီးနိုး ထနေပါတယ်။

ပရော ဖက်တွေ ကြိုတင်ပြောထားတဲ့ နိမိတ်လက္ခဏာများ တပါးအမျိုးသားတို့၏ နေ့ရက်များ ရေတွက်လျှက် ရှိပါတယ်။

အခုအခါမှာ သူမရဲ့ညစ်ညူးမှုကို ကြည့်ပါ။

ကွဲလွင့်နေတဲ့သူတွေ ကိုယ်တော်ရှင်ထံ ပြန်လာပါ။ ကယ်တင်ခြင်း နေ့ရက်ကာလနီးနေပါပြီ။

လူတွေရဲ့ နှလုံးသားတွေဟာ ကြောက်ရွံ့ပြီးတော့ ကျဆင်းနေပါတယ်။

ဘုရားသခင်ရဲ့ ဝိညာဉ်တော်နဲ့ ပြည့်ဝပါ။

သင်တို့ရဲ့ မီးခွက်တွေကို သေသေချာချာ တိုက်ချွတ်ထားပြီး သန့်ရှင်းအောင် ဆေးကြောထားပါ။

သင်တို့ရဲ့ကယ် တင်ခြင်းနေ့ရက်ကာလက နီးလာပါပြီ။ မိစ္ဆာပရောဖက်များက လိမ်ညာပြီး ပြောပါတယ်။

ဘုရားသခင်ရဲ့ အမှန်တရား ကတော့ ဘယ်တော့မှ ငြင်းဆိုမှာ မဟုတ်ပါဘူး။

သခင်ယေရှုဘုရားဟာ ကျွန်တော်တို့ရဲ့ ဘုရားဘဲ ဖြစ်ပါတယ်။

သူတို့က အဲဒါကို မယုံကြည်ပါဘူး။

သူတို့မှာ ဝါဒတွေ အများကြီးရှိပါတယ်။

ဒါပေမဲ့လည်း ပရောဖက် ဆိုတဲ့အတိုင်းဘဲ ဝိညာဉ်တော် မှုတ်သွင်း ခြင်းခံရတဲ့ စာရေးဆရာကလည်း ဆိုထားပါတယ်။

တမန်တော်တွေ လျှောက်တဲ့ လမ်းကို ကျွန်တော်တို့ လျှောက်ကြမယ်လို့ ဆိုကြပါတယ်။

100 ၁၀၀။ ကျွန်တော့်ရဲ့ ရုပ်ရုံကို ကျွန်တော်ပြန်ပြီး သတိရပါတယ်။ ကျွန်တော် ပြောလိုတဲ့အရာကတော့ ပေါလုရဲ့တပည့်တော် တွေ ဝင်သွားတယ်။ အဲလိုဘဲ ကျွန်တော့်ရဲ့တပည့် တွေလည်း ဝင်သွားမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ပြောထားတဲ့အတိုင်း ကျွန်တော် ပြုလုပ်ခဲ့လို့ဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်၌ ကျွန်တော် တည်နေလို့ဘဲ ဖြစ်ပါတယ်။ သန်းပေါင်းများစွာသောသူတို့ကလည်း သူတို့ရဲ့လက်များကို မြှောက် လျှက် ထိုအရာပေါ်မှာ ကျွန်တော်တို့ ရပ်တည်ကြပါတယ်လို့ ဆိုပါတယ်။ မည်သည့်အရာ ဖြစ်ပါသလဲ? ကျွန်တော်တို့ အသက်ရှင်သောအချိန်ကာလကို အသိအမှတ်ပြုခြင်း ဖြစ်ပါတယ်။ အချိန်ကာလရဲ့ နိမိတ်လက္ခဏာတွေကို ဖြစ်ပါတယ်။ ကျွန်တော်တို့ ထင်ထားတာထက် ပိုပြီးတော့ ကြာကောင်း ကြာနေမှာဖြစ်ပါတယ်။ ဒီနေ့ရက်များထဲမှာ အပြင်မှာ ရှိနေသောသူများက အပြင်မှာ ရှိနေပါစေ။ အထဲမှာ ရှိနေသောသူကလည်း ထာဝစဉ်ဘဲ အထဲမှာ ရှိနေပါစေ။ တံခါးပိတ်တော့မှာ ဖြစ်ပါတယ်။

ယနေ့မနက် ဒီနေရာမှာ ရှိတဲ့လူတွေအနေနဲ့ ယေရှုနာမဥ္စ မလျှောက်ရတဲ့သူ ဘယ်နှစ်ယောက် ရှိပါသလဲ? ကျွန်တော့်ကို မကြည့်ပါနဲ့။ ကျွန်တော်ကတော့ ဘာမှမသိ နားမလည် မတတ်တဲ့ အစေခံတစ်ယောက်ဖြစ်ပါတယ်။ ပညာလည်း မတတ်ပါ ဘူး။ အဲဒါကို မကြည့်ပါနဲ့။ နှုတ်ကပတ်တော်ကိုဘဲ ကြည့်ပါ။ သက်သေအထောက်အထား ခိုင်လုံစွာနဲ့ နှုတ်ကပတ် တော်ကိုကြည့်ပါ။ သန့်ရှင်းသောဝိညာဉ်တော် ဖော်ပြတဲ့ အင်မတန်ကြီးမားတဲ့ ကိုယ်တော်ရှင်ကို ကြည့်ပါ။ အမှန်တရားဖြစ် ပါတယ်။ ကျွန်တော်တို့ဟာ ညနေခင်းအချိန်ကိုရောက်နေပါပြီ။ ခင်ဗျားတို့ ထင်ထားတာထက်တောင် ပိုပြီးတော့ နောက်ကျနေပါပြီ။

101 ၁၀၁။ အမျိုးသမီးတွေ ဆံပင်ရှည်ထားကြပါ။ ညစ်ညူးတဲ့ အဝတ်အစားတွေကို မဝတ်ပါနဲ့၊ ချွတ်ပစ်လိုက်ပါ။ စီးကရက်တွေ ကိုလည်း မသောက်ပါနဲ့။ လွှင့်ပစ်လိုက်ပါ။ အချိန်ကာလ ရောက်လာပြီဖြစ်ပါတယ်။ ညစ်ညူးတဲ့သူတွေ ဆက်ပြီး ညစ်ညူးနေပါ စေ။ ဖြောင့်မတ်တဲ့သူတွေကတော့ ဆက်ပြီးဖြောင့်မတ်ပါစေ။ အထဲမှာရှိတဲ့သူတွေကတော့ အထဲမှာဆက်ပြီးရှိပါစေ။ အပြင်မှာ ရှိတဲ့သူကလည်း အပြင်မှာဘဲ ဆက်ပြီးရှိပါစေ။ လိုင်းလေးတစ်ခုတော့ တားထားမှာ ဖြစ်ပါတယ်။ ဖြောင့်မတ် တဲ့သူကတော့ ကယ်တင် ခြင်း ရမယ်ဆိုရင်

အပြစ်သားတွေနဲ့ ဘုရားတရားမဲ့နေတဲ့သူတွေ ဘယ်ရောက်ကုန်မှာလဲ? သမ္မာတရားကို ငြင်းပယ်တဲ့သူ ဘယ်နေရာမှာ သင်ရောက်နေမလဲဆိုတာ သင့်ကိုယ် သင်သိပါ။ ကျွန်တော်တို့ အခု ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။

ကျွန်တော်တို့ ယခု အသက်ရှင်နေထိုင်နေရတဲ့ကာလ နေ့တစ်နေ့ရဲ့အလင်းအ ချိန်မှာ ကျွန်တော်တို့ အသက်ရှင်နေရပါတယ်။ တန်ဘိုးရှိပြီးတော့ ချစ်ခင်နှစ်သက်သူ များနဲ့အတူ ရှိပါတယ်။ တစ်နိုင်ငံလုံးမှာ သင်တို့ရှိနေပြီးတော့ ပြည်နယ်အရပ်ရပ်ကနေ ရောက်လာပါတယ်။ အခုအခါမှာ ကျွန်တော်နဲ့အတူ ဒီပလ္လင်ပေါ်ကို အားလုံးကျွန်တော်တို့ သေသေချာချာ မှတ်သား ခံယူကြပါစို့။ ကျွန်တော်တို့ရဲ့ စိတ်နှလုံးထဲမှာ ယနေ့ဘုရား သခင်ရဲ့ဝိညာဉ်တော်က ဘယ်လိုရှိနေပါသလဲ? အဲဒီဝိညာဉ်က လုံးဝအပြစ်စီရင်ခြင်း မခံရသေးပါဘူး။ သန့်ရှင်းပါတယ်။ အသင်းတော် ဩဝါဒတွေ တစ်ခြားဟာတွေအားလုံးက တစ်ခုမှမရှိဘဲ လုံးဝပြီးပြည့်စုံနေခြင်းဘဲ ဖြစ်ပါတယ်။

102 ၁၀၂။ အဲဒီနှုတ်ကပတ်တော်ကို ပေါင်းထည့်ခြင်း၊ နှုတ်ယူခြင်း သင်တို့မပြုလုပ်ရဲပါဘူး။ နှုတ်ကပတ်တော်ကိုလည်း မိမိဖာသာ အနက်ဖွင့်ဆိုခြင်း မကြိုးစားပါဘူး။ သင့်ရဲ့ တစ်စိတ်တစ်ဒေသကတော့ အသက်စာစောင်ထဲမှာ ရှိနေပါတယ်။ ဝိညာဉ်တော်က မဖေါ်ပြတဲ့အရာ မပြောဆိုတဲ့အရာကို သင်က ပြောဆိုဘို့ ကြိုးစားနေပါသလား? တစ်ခုခုကို ပြောဆိုနေသကဲ့ သို့ ပုံစံမျိုး သင်ကပြုလုပ်နေပါသလား? ဒါမှမဟုတ် နှုတ်က ပတ်တော်အတိုင်း အတိအကျဘဲ ခံယူပါသလား? သင်ဟာ ဒီတိတ်ခွေထဲက အကြောင်း အရာတွေကို ခွဲခြားခြင်း၊ ဖြတ်တောက်ခြင်း၊ မမှန်ကန်ကန်တဲ့ လုပ်ရပ်တွေကို သင်လုပ်ပါ သလား?

ကျွန်တော် အဲလို မခံစားရပါဘူ။ ကျွန်တော် ဒါလုပ်သင့်တယ်၊ ကျွန်တော့်အ သင်းတော်ကတော့ ဒါကို မယုံကြည်ပါဘူး။ အဲဒါကတော့ လူတစ်ယောက်ရဲ့စကားပါ ဘဲ။ နှုတ်ကပတ်တော်နဲ့ပတ်သက်လို့ လူတစ်ယောက်က ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီတစ်ယောက်သောသူဟာ ဘုရားသခင်ဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာထဲမှာ သင့်ဆံ ပင်ကို မညှပ်ရဘူးလို့ ဆိုထားပါတယ်။ သမ္မာကျမ်းစာက ဆက်ပြီးတော့ ဆိုထားတဲ့ အကြောင်းအရာကတော့ အမျိုးသမီးတွေဟာ အမျိုးသားတွေလို ဝတ်စားဆင်ယင်မယ် လို့ ပြောဆိုထားပါတယ်။ ဘုရားသခင်ရဲ့ရှေ့တော်မှာ သူတို့ဟာ စက်ဆုပ်ရွံရှာဘွယ်ဖြစ် ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က အဲဒါကို ဖေါ်ပြထားပြီး ဖြစ်ဖြစ်ပါတယ်။ အဲဒီသန့်ရှင်းသောဝိညာဉ်တော်က အင်မတန်နှိမ့်ချပြီး မထိုက်တန်တဲ့ တန်ဆာပလာ အားဖြင့် အသုံးပြုပြီးတော့ ဒီခေတ်ဒီကာလမှာ ပြောဆိုခြင်းဘဲဖြစ်ပါတယ်။ ကြီးမြတ် တော်မူတဲ့ဘုရင် ပြောဆိုသကဲ့သို့ဘဲ ဒီမှာ ငါ့ရဲ့သံလျှက်ရှိတယ်။ ငါ့ရဲ့နှုတ်ကပတ်တော် ရှိတယ်။ ဒီမှာ ငါ့ရဲ့သံလျှက်ရှိတယ်၊ ငါ့ရဲ့သံလျှက်ကို ယူပြီးသွားပါ။ သင်းစကားကိုလည်း ယူဆောင်သွားပါလို့ ပြောပါတယ်။

103 ၁၀၃။ ဂိုဏ်းဂဏပေါင်းများစွာက နှုတ်ကပတ်တော်ကို တားဆီးဘို့ ကြိုးစားကြောင်း ကျွန်တော်သိပါတယ်။ တားဆီးပြီး လှည့်ပတ်ပြီးတော့ အဲဒီနှုတ်ကပတ်တော်ကို မောင်း ထုတ်လိုက်ဘို့၊ ကန်ထုတ်လိုက်ဘို့ အမျိုးမျိုးကြိုးစားနေကြပါတယ်။ ဒါပေမဲ့လည်း ဘုရား သခင်ရဲ့ ကျေးဇူးတော်အားဖြင့် ကျွန်တော်ဟာ တစ်နိုင်ငံပြီးတစ်နိုင်ငံ ခရီးလှည့်လည် သွားလာခွင့် ရှိပါတယ်။ တစ်နေရာပြီးတစ်နေရာ အသင်းတော်တစ်ပါးပြီးတစ်ပါး သွားရောက်ခွင့် ရှိပါတယ်။ အဲဒီထဲက ထွက်လာပါ။ အဲဒါက ရေပန်းမစားပါဘူး။ ဒါပေမဲ့ လည်း အဲဒါက သမ္မာတရားဘဲ ဖြစ်ပါတယ်။

သင်ဟာ ဝိညာဉ်တော်၌ရေးသားထားတဲ့အတိုင်းဘဲ လက်ခံမှာလား? ဝိညာဉ်တော်၌ သင်လက်ခံမှာလား? ကျွန်တော်ကို ဖေါ်ပြတဲ့အတိုင်းဘဲ သင်လက်ခံမှာလား? ကျွန်တော်တို့မှာ ယဇ်ပူဇော်ဘို့ပလ္လင်၊ ဒါမှမဟုတ် တရားဟောစင် မရှိပါဘူး။ ကျွန်တော်တို့ရဲ့ နှလုံးသားကတော့ တရားဟောပလ္လင်၊ ယဇ်ပလ္လင်ဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ လက်ကို ထောင်ပြီးတော့ ဆိုပါ။ ဘုရားသခင် ကျွန်တော့်အပေါ်မှာ ဂရုဏာသက်တော်မူပါ။ ဘုရားသခင်ရဲ့ဝိညာဉ်တော် ကျွန်တော့်အထဲကို လာစေပါ။ ကျွန်တော့်ရဲ့အပြစ်တွေကို စီရင်တော်မူပါ။ ကျွန်တော့်ရဲ့စိတ်ရှုပ်ထွေးမှုတွေ၊ အကျင့်စရိုက်တွေ၊ ကျွန်တော့်ရဲ့ စိတ်ရှုပ်ထွေးခြင်းတွေ၊ ကျွန်တော့်ရဲ့စိတ် မာန်မာန၊ ဒေါသတွေ၊ စိတ်တိုခြင်းတွေ၊ ရန်ဖြစ် လိုတဲ့စိတ်၊ ရန်လိုတဲ့စိတ်တွေ ကျွန်တော့်မှာ ရှိသမျှအရာအားလုံးတွေ လာပြီးစစ်ကြော စီရင်တော်မူပါ။ ဒီနောက်ဆုံးသောကာလမှာ ကျွန်တော့်ကို ကိုယ်တော်ရှင် နှိမ့်ချစေ တော်မူပါ။ ကျွန်တော်ကြားခဲ့တဲ့ တရားဟောချက်တွေမှာ ဒါနောက်ဆုံး ဖြစ်ကောင်းဖြစ် ပါမယ်။ ဒီသတင်းစကားကို ကျွန်တော်ကြားရတာ နောက်ဆုံးအချိန် ဖြစ်ပါမယ်။ ကျွန် တော့်ရဲ့လက်ကို မြှောက်ပါတယ်။ ဘုရားသခင် ကျွန်တော့်အပေါ်မှာ ဂရုဏာသက်တော်မူပါ။

ဘုရားသခင် ကောင်းကြီးပေးပါစေ။ လက်တွေဒါဇင်ပေါင်းများစွာ ထောင် ထားတာကို တွေ့ရပါတယ်။ အခုအခါမှာ ကျွန်တော် တိုးတိုးတိတ်တိတ်လေး ခင်ဗျားတို့ အတွက် ဆုတောင်းပေးပါမယ်။ ခင်ဗျားတို့ လက်တွေကို မြှောက်ထားကြပါ။ ခင်ဗျားတို့ စိတ်ဝင်စားဆဲဆိုတာကို ဖေါ်ပြနေခြင်းဘဲဖြစ်ပါတယ်။ တစ်စုံတစ်ယောက်သောသူကို ဝိညာဉ်တော်က ခေါ်ဆိုနေဆဲဘဲဖြစ်ပြီး တော့ ကျွန်တော့်ကို ကြည့်နေကြပါ။

104 ၁၀၄။ မေတ္တာရှင် အဖဘုရားသခင်၊ ကိုယ်တော်ရှင် အရာခပ်သိမ်းကို သိမြင်တော် မူပါတယ်။ အရာခပ်သိမ်းကိုလည်း အကြံအစည်နဲ့အညီ ကိုယ်တော်ရှင် ဖန်ဆင်းတော်မူ ပါတယ်။ အချို့သောအရာတို့ကို ကိုယ်တော်ရှင် တရားစီရင်တော်မူပါ တယ်။ အချို့သော သူတို့က ဝိညာဉ်မျက်စိကွယ်ရပါတယ်။ အချို့သောသူတို့ကတော့ အိုးထိန်းက အိုးမြေကို လုပ်သကဲ့သို့ ပြုလုပ်ခြင်းခံရပါတယ်။ တမန်တော်ကြီး ရှင်ပေါလု ပြောသကဲ့သို့ဘဲ တစ်ခုကိုတော့ ချီးမြှောက်ဘို့ဘဲဖြစ်ပြီး၊ တစ်ခုကိုတော့ နှိမ့်ချဘို့ဖြစ်ပါတယ်။ ချီးမြှောက် ဘို့ ဖန်ဆင်းခြင်းခံရတဲ့အရာကတော့ ချီးမြှောက်ဘို့အတွက် တွေ့မြင်ရဘို့ ဖေါ်ပြခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အလိုတော်အတိုင်း အိုးထိန်းက မိမိလက်ထဲကအိုးကို ပြု လုပ်ခွင့် ရှိပါတယ်။ ဘုရားသခင် ကြိုတင်ခွဲခန့် စီမံထားတဲ့အတိုင်းဘဲ ဘုရားသခင် ရွေးချယ်တော်မူပါတယ်။ ကိုယ်တော်ရှင် ကြိုတင်ပြီး သိမြင်တော်မူပါတယ်။ ကိုယ်တော် ရှင်က ခေါ်တော်မူပါတယ်။ ကိုယ်တော်ရှင် ခေါ်တော်မူတဲ့သူက ကိုယ်တော်ရှင် ဖြောင့် မတ်စေပါတယ်။ ကိုယ်တော်ရှင် ဖြောင့်မတ်စေသောသူကို ကိုယ်တော်ရှင် ဘုန်းထင်ရှား စေပါတယ်။

အချို့သော အမျိုးသမီးများသည် ယနေ့ ရေတွင်းနားမှာရှိသော မိန်းမကဲ့သို့ဘဲ ဖြစ်ပါတယ်။ ညစ်ညူးသောအသက်တာကဲ့သို့ အသက်ရှင်တယ်။ မယုံကြည်သောသူဖြစ် တယ်။ လူသားတွေရဲ့ အစဉ်အလာအတိုင်း လိုက်နာကျင့်သုံးပြီးတော့ လူသားတွေ ပြုလုပ်ထားတဲ့ ဩဝါဒတွေကို လက်ခံကျင့်သုံးပါတယ်။ ပထမဆုံးအကြိမ်အဖြစ် သူတို့ ဤအရာများကို ကြားသိရခြင်းဖြစ် ပါတယ်။ သို့သော်လည်း တစ်စုံတစ်ခုသောအရာက ထူးဆန်းစွာပင် သူတို့ရဲ့ နှလုံးသားများကို သတိပေးနေပါတယ်။ လက်တွေများစွာ မြှောက်လိုက်ပါတယ်ကိုယ်တော်၊ အိုးထိန်းဖြစ်သူက အိုးမြေကို ယခုအခါမှာ ယူပြီးတော့ ဘုန်းထင်ရှားစေတဲ့ အိုးဖြစ်စေနိုင်ဘို့ အိုးထိန်းသည် အိုးမြေကို ပြုလုပ်ပါစေ။ အ ကြောင်းပြချက် ရှိတယ်လို့ ကျွန်တော်ယုံကြည်ပါတယ် ကိုယ်တော်၊ သို့မဟုတ်ပါက သူတို့ ထိုသို့ပြုလုပ်မည် မဟုတ်ပါ။ ထိုသို့လည်း ပြောမည်မဟုတ်ပါ။ ကျွန်တော် ယုံကြည် နေဆဲဖြစ်ပါတယ်။ ကျွန်တော် သူတို့ထံမှ ရရှိအောင် ပြုလုပ်နေဆဲ ဖြစ်ပါတယ်။

105 ၁၀၅။ ကိုယ်တော်ရှင်ရဲ့ နှိမ့်ချခြင်းရှိတဲ့ အစေခံကို နှိမ့်ချစွာနဲ့ ကိုယ်တော်ထံပါးမှာ ဆုတောင်းပါစေ။ သူတို့အတွက် ဆုတောင်းပါစေ၊ အသက်ရှင်သောသူနဲ့ သေသောသူ ကြားမှာ ရပ်နေသောသူကဲ့သို့ ဖြစ်ပါတယ်။ သောဒုံမြို့မှာရှိသောသူက သောဒုံမြို့မှာ ရှိသောသူအတွက် ဆုတောင်းပေးပါတယ်။ မြို့ထဲမှထွက်လာပါ။ မြို့ထဲမှ လျင်မြန်စွာ ထွက်လာပါ။

106 ၁၀၆။ ကိုယ်တော်ရှင် သူတို့ကို ထွက်လာဘို့ မစပါ။ ဘုရားသခင်ရဲ့ ပလ္လင်တော်ရှေ့သို့ နှိမ့်ချစွာဖြင့်၊ ပျော်ရွှင်စွာဖြင့် လာနိုင်ဘို့ မစပါ။ သူတို့နှလုံးသားထဲမှာလည်း ဒီနေ့မှစ၍ သခင်ယေရှုသည် သင်တို့သည် ငါပိုင်ဆိုင်သောသူများဖြစ်သည်ဟု ဆိုပါစေ။ ယခုအခါ မှာ ဒီနေရာမှာ ဒီကျိန်ဆိုချက်ကို ကိုယ်တော်ထံတော်ပါးသို့ ကျိန်ဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော်ထိုင်ပြီး ကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော်က ကျွန်တော့်ကိုတို့ထိပါတယ်။ ဒီနေရာ မှာ ကျွန်ုပ်အားတို့ထိပါက ဒီနေရာကထွက်ပြီး တစ်ခြားနေရာကို သွားစရာ မလိုတော့ပါ။ ဒီနေရာမှာ သင်ကျွန်ုပ်ကို တွေ့ဆုံပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ အခြေချမှာ ဖြစ်ပါတယ်။ ဒီဒုတိယနေရာ၊ တတိယနေရာ၊ ပဥ္စမနေရာ ဘယ်နေရာဘဲဖြစ်ဖြစ် ကျွန် တော်တို့ ဒီနေရာမှာ အခြေချမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ ကိုယ်တော်ရှင် ကျွန်တော်တို့ကို စီရင်တဲ့နေရာဖြစ်ပြီး ကိုယ်တော်ရှင် ဂတိတော်နဲ့အညီ မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ပေးမဲ့နေရာလည်း ဖြစ်ပါတယ်။ ကျွန်တော်ဟာ ညစ်ညူးပြီးတော့ ညစ်ပတ် နေပါစေ၊ မိုးပွင့်ကဲ့သို့ ဖြူစင်အောင် ဆေးကြောခြင်း ခံရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်အားလုံးကို ကျွန်တော်ယုံကြည်မှာ ဖြစ်ပါ တယ်။

နှုတ်ကပတ်တော်ထဲမှာ ကျွန်တော် လိုက်လျှောက်ဘို့အတွက် အဆင်သင့်ဖြစ် ပါပြီ။ ယုံကြည်လက်ခံပြီးတော့ နှုတ်ကပတ်တော်ကို လက်ခံမှာ ဖြစ်ပါတယ်။ ဘုရားဘုန်း တော် ထင်ရှားစေဘို့အတွက် ကျွန်တော် ပြုလုပ်ခြင်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အသက် တာက ကျွန်တော့်အတွက်လည်း မကောင်းပါဘူး။ ဘုရားသခင်အတွက်လည်း မကောင်း ပါဘူး။ ကျွန်တော့် အိမ်နီးနားချင်းတွေအတွက်လည်း မကောင်းပါဘူး။ ဘာအတွက်မှ မကောင်းပါဘူး။ ဒါပေမဲ့လည်း စာတန်မာရ်နတ်အတွက်တော့ ကောင်းပါတယ်။ ကျွန် တော့်ကို ရုပ်သေးကဲ့သို့ ပြုလုပ်ပြီးတော့ ကျွန်တော့်ကို ပစ်လိုက်မှာဖြစ်ပါတယ်။ အရုပ်ကဲ့ သို့ ကျွန်တော့်ကို သဘောထားမှာ ဖြစ်ပါတယ်။ အချို့သောအမျိုးသမီးတွေရဲ့ ရုပ်တု လည်း ဖြစ်ကောင်းဖြစ်မှာ ဖြစ်ပါတယ်။ ဘုရားသခင်က ကိုယ်တော်ရှင်ရဲ့ အစေခံ ဖြစ်စေပါ။ ကိုယ်တော်ရှင် ချပေးသနားတော်မူပါ။ ယခုအခါမှာ ကိုယ်တော့်ထံတော်ပါး သို့ ဆက်ကပ်အပ်နှံပါတယ်။ သခင်ယေရှုနာမဖြင့် ဆုတောင်းပါတယ်။

ကျွန်တော်တို့ခေါင်းတွေ ငုံ့ပြီးတော့ ကျွန်တော်တို့ နှလုံးသားထဲကနေပြီးတော့ ကိုယ်တော်ရှင် ကယ်တင်ရှင် ရဲ့အသံကို ကြားရပါတယ်။

မိတ်ဆွေများ စိတ်နှလုံးပါလျှက် ဆုတောင်းပါ။ ခင်ဗျားတို့အတွက် နောက်ဆုံး အချိန် ဖြစ်ကောင်းဖြစ်မှာပါ။ ခင်ဗျားတို့ အဲဒီအသံလေးကို ကြားရပါသလား ? ကျွန် တော်ကြားရပါတယ်။ ဘယ်သောအရာက သင့်ကို ခေါ်နေပါသလဲ ?

သင့်ရဲ့ကယ်တင်ရှင်က ခေါ်ပါသလား ? နှုတ်ကပတ်တော်က ခေါ်ပါသလား ?

ဘာလုပ်ရမလဲ ? .... လောကအရာတို့ကို ငြင်းပယ်ရမှာ ဖြစ်ပါတယ်။ ကားတိုင်ကိုထမ်း၍ ကိုယ်တော်ရှင်နောက်ကို လိုက်ရပါမယ်။ ယေရှုနာမဖြင့် ဗတ္တိဇံကို ကျွန်တော် ဂရုမပြုမိပါဘူး။ ဥယျာဉ်တော်ကို ဖြတ်ပြီး ကိုယ်တော်ရှင်နဲ့အတူသွား ပါမယ်။ ကိုယ်တော်ရှင်နဲ့အတူ ဘယ်ကိုလဲ ? ဥယျာဉ်တော်ကိုဖြတ်သွားရမှာပါ။ ရေကိုလည်း ဖြတ်သွားရမှာပါ။ ဘယ်နေရာကို ဘဲဖြစ်ဖြစ် ဖြတ်သွားရမှာပါ။ ဆုတောင်းအိမ်၊ ရေကန်၊ ဘယ်နေရာကိုဘဲ ဖြစ်ဖြစ်ဆုံးဖြတ်ပါ။ ကိုယ်တော်ရှင်နဲ့အတူ ဥယျာဉ်တော်ကို ဖြတ်သွားရမှာပါ။ ကျွန်ုပ် ကိုယ်တော်ရှင်နဲ့အတူ သွားပါမယ်။ လမ်းတစ်လျှောက်လုံးသွားပါမယ်။ တရားစီရင်ခြင်းအားဖြင့်လည်း ကျွန်တော် ကိုယ်တော်နဲ့အတူ သွားပါမယ်။ နှုတ်ကပတ်တော်က မှန်သလား ? သို့မဟုတ် အသင်းတော်က မှန်သလား ? ဘာဘဲဖြစ်ဖြစ်ကျွန်တော်သွားပါမယ်။ကျွန်တော်က မှန်သည်ဖြစ်စေ၊ ကိုယ် တော်ကမှန် သည်ဖြစ်စေ၊ ကျွန်တော့်ရဲ့ ဩတ္တပ္ပစိတ်က ကြည်လင်တယ်။ ဒါမှမဟုတ် ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော်က မှန်သည်ဖြစ် စေ၊ ကျွန်တော် သွားပါမယ်။ သင်သည် ယခုအခါမှာ တရားစီရင်သောနေရာသို့ ရောက်နေပါပြီ။ ကျွန်တော် ယုံကြည် ခဲ့သော အရာက မှန်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ နှုတ်ကပတ်တော် မှန်ပါသလား ? ဆံပင် တိုတိုလေးတွေညှပ်၊ ဘောင်းတိုလေးတွေ ဝတ်တယ်ဆိုတာ မှန်တယ်လို့ သင်ထင်ပါသလား ? ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်ပြီးစစ်ဆေးရမှာဖြစ်ပါတယ်။ ကျွန်တော်နဲ့ ပတ်သက်တဲ့ ဂိုဏ်းဂဏကလည်း မှန်ရဲ့လား ? ကိုယ်တော်ရှင် ဘာပြောပါသလဲ ? ကိုယ် တော်ရှင်နဲ့အတူ ကျွန်တော်သွားပါမယ်။

လမ်းတလျှောက် ကိုယ်တော်နဲ့အတူ လိုက်ပါမယ်။ ကိုယ်တော်ရှင် ကျွန်တော့်ကို ပို့ဆောင်တဲ့နေရာကို ကျွန်တော် သွားပါမယ်။ ကျွန်တော့်ရဲ့ လက်တွေကို မြှောက်ထားပါ တယ် ကိုယ်တော်၊

ဘယ်နေရာမှာဘဲ ဖြစ်ဖြစ်၊ ဒီသတင်းစကားကို ဟောကြားမဲ့နေရာ ဘယ်နေရာ မှာဘဲ ဖြစ်ဖြစ် သွားပါမယ်။ ဒီည ဒီနေရာမှာဘဲ လာရမလား ? ဒါမှမဟုတ် အာဖရိက၊ ဂျာမဏီ၊ ဆွစ်ဇာလန်ကိုဘဲ သွားရမလား ? ဘယ်နေရာဘဲဖြစ်ဖြစ် ကိုယ်တော်ရှင် လမ်းပြတဲ့နေရာ ဘယ်နေရာဘဲဖြစ်ဖြစ် ကျွန်တော် လိုက်ပါမယ်။ ကိုယ်တော်နဲ့အတူ သွားပါမယ်။ လမ်းတစ် လျှောက် ကိုယ်တော်နဲ့အတူ သွားပါမယ်။ အခုအခါမှာ သင့်ရဲ့ ခေါင်းတွေကို ငုံ့ထားပါ။

107 ၁၀၇။ ကိုယ်တော်ရှင်နဲ့အတူ သင်ဘယ်နေရာဘဲဖြစ်ဖြစ် သွားမလား? ကိုယ်တော်ရှင် လမ်းပြတဲ့နေရာ ဘယ်နေရာဘဲ ဖြစ်ဖြစ် သွားမှာလား? ကိုယ်တော်နဲ့အတူ သွားမှာလား? အချိန်တွေ တဖြည်းဖြည်းနဲ့ နဲပါးသွားတဲ့အခါမှာလည်း သွားမှာလား? လူတွေ သင့်ကိုနှိပ်စက်ညှဉ်းပမ်းတယ်၊ လှောင်ပြောင် သရော်တဲ့အခါမှာလည်း သွားမှာလား? ကျွန်တော်ကတော့ ကိုယ်တော်ရှင်နဲ့အတူ ရှိနေဆဲ ဖြစ်ပါတယ်။ ကျွန်တော် သွားပါမယ်။ ကိုယ်တော်နဲ့အတူ ကျွန်တော် လှုပ်ရှားမှာဖြစ်ပါတယ်၊ ကိုယ်တော် ကိုယ်တော် ဘယ်နေ ရာမှာဘဲရှိရှိ ကျွန်တော်ကတော့ သစ္စာရှိလျှက် မှန်ကန်လျှက်ဘဲ ဖြစ်ပါတယ်။ တိုက်ပွဲ ပြင်းထန်နေတဲ့အခါမှာ ကျွန်တော်ဟာ သစ္စာရှိပြီး မှန်ကန်နေမှာ ဖြစ်ပါတယ်။ ကျွန်တော် ကျဆုံးတဲ့အခါမှာလည်း ကိုယ်တော်ရှင် ကျွန်တော့်ကို ပြန်ပြီး ဆွဲထူတော်မူပါ။ သူ့ရဲ့အ သက်တာကို ကျွန်တော့်အတွက်နဲ့ ဆုံးရှုံးရသူ အပေါ်မှာလည်း အသက်ကိုပြန်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်တော်နဲ့အတူ သွားပါမယ်။

အခုအခါမှာ သင့်ရဲ့နှလုံးသားထဲက သင့်ရဲ့လက်တွေကို ယခုအခါမှာ ကျွန်ုပ်ရဲ့ နှလုံးသားတွေကိုသော်၎င်း၊ လက်တွေ ကိုသော်၎င်း၊ ကိုယ်တော်ရှင် ထံတော်ကိုမြှောက် ထားကြပါစို့။

ကိုယ်တော်ရှင် ပို့ဆောင်တဲ့နေရာကို ကျွန်တော် လိုက်သွားမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင် လမ်းပြတဲ့နေရာကို ကျွန်တော် လိုက်မှာပါ။

ကိုယ်တော်ရှင် လမ်းပြတဲ့နေရာကို ကျွန်တော် လိုက်မှာဖြစ်ပါတယ်။ ကိုယ်တော်နဲ့အတူသွားပါမယ်။ လမ်းတစ်လျှောက် ကိုယ်တော်နဲ့အတူ သွားပါမယ်။ ကိုယ်တော်ရှင် ကျွန်တော့်ကို ကျေးဇူးတော်နဲ့ ဘုန်းတော် ပေးမှာ ဖြစ်ပါ တယ်။

ကိုယ်တော်ရှင် သခင်ယေရှုဘုရား ယခုအခါမှာ လက်ကိုင်ပုဝါများကို ကိုယ် တော်ရှင် မှုတ်သွင်းတော်မူပါ။ အနာရောဂါခံစားနေရတဲ့သူတွေလည်း အနာရောဂါ ငြိမ်းစေတော်မူပါ။ မစတော်မူပါကိုယ်တော်၊ သူတို့ကို အနာရောဂါ ငြိမ်းစေတော်မူပါ ကိုယ်တော်၊ သခင်ယေရှုနာမဖြင့် ဆုတောင်းပါတယ်။

ကျွန်ုပ်နဲ့အတူသွားပါ။ ကျွန်ုပ်နဲ့အတူ လမ်းတစ်လျှောက်လုံးသွားပါ။

108 ၁၀၈။ ယခုအခါမှာ သင်ကောင်းစွာ ခံစားနေရပါတယ်။ ပရိသတ်ကလည်း အာမင်ဟု ဆိုကြပါတယ်။ အခုအချိန်မှာ အားလုံး အဆင်သင့်ဖြစ်နေပြီလို့ ခံစားရပါတယ်။ အာမင်။

ကိုယ်တော်ရှင်ရဲ့ တံပိုးမှုတ်သံကို ကြားရမှာဖြစ်ပါတယ်။

အဲဒီအခါမှာ အချိန် မရှိတော့ပါဘူး။ အဲဒါဟာ နောက်ဆုံးတံပိုးသံ ဖြစ်ပါတယ်။

နံနက်ခင်း ထာဝရကာလ ရောက်လာတဲ့အခါမှာ တောက်ပပြီးတော့ ကြည်လင်နေပါတယ်။

ကျွန်တော်တို့အားလုံး သီချင်းဆိုကြပါစို့။

ကိုယ်တော်ရှင်ရဲ့ တံပိုးသံကြားရတဲ့အခါမှာ ကိုယ်တော်ရှင်ရဲ့တံပိုးသံ မြည်တဲ့အခါမှာ အချိန်မရှိတော့ပါဘူး။

မနက်ခင်းကတော့ ထာဝရ ရောက်နေပါပြီ။

တောက်ပ၍ ကြည်လင်နေပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

ကမ္ဘာလောကကြီး မှာရှိတဲ့သူတွေအားလုံး စုရုံးပြီးတော့ ကမ်းခြေမှာ ရောက်နေပါတယ်။

အမည်တွေ တစ်ယောက်ပြီးတစ်ယောက် ခေါ်တဲ့အခါမှာ ကျွန်တော် ထိုနေရာမှာ ရှိနေမှာဖြစ်ပါတယ်။

အဲဒီတောက် ပပြီးတော့ တိမ်ကင်းစင်တဲ့ မနက်ခင်းမှာ သခင်ယေရှု၌ အိပ်ပျော်သောသူများ ထမြောက်မှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့ ဘုန်းကြီးတော်မူတဲ့ ရှင်ပြန်ထမြောက်ခြင်းကို မျှဝေကြမှာ ဖြစ်ပါတယ်။

လောကအလုပ်တွေ ကုန်ဆုံးပြီး ကျွန်တော်တို့တွေဟာလည်း ဒီကမ္ဘာလောကကြီးထဲမှာ ပြီးဆုံးသွားမယ်ဆိုရင်

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

109 ၁၀၉။ ကျွန်တော်တို့ လက်တွေကို မြှောက်ထားကြပါစို့။ ကိုယ်တော်ရှင် ကျေးဇူးတော်အားဖြင့် ကိုယ်တော်ရှင်ရဲ့ ကျေးဇူးတော်အားဖြင့် ပရိသတ်ကလည်း ကျေးဇူးတော်အား ဖြင့်လို့ ဆိုပါတယ်။ အယ်ဒီတာမှတ်ချက်။

ယခုအခါမှာ ကျွန်တော်တို့ဟာ ခရစ်တော်၌ညီကိုမောင်နှမတွေဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ လှည့်ပြီးတစ်ယောက် နဲ့တစ်ယောက် လက်ဆွဲနှုတ်ဆက်ကြပါ။ ဘုရားသခင်ရဲ့ အကူအညီအားဖြင့် နံမည်ခေါ်တဲ့အခါမှာ ကျွန်တော် ထိုနေရာမှာ ရောက်နေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာကို စောင့်စားနေကြပါသလဲ? အဲဒီတံပိုးမှုတ်သံ၊ နောက်ဆုံးသော တံပိုးမှုတ်သံကို ကိုယ်တော်ရှင် မှုတ်တဲ့အချိန်ကို ကျွန်တော်တို့ စောင့်နေခြင်း ဖြစ်ပါတယ်။ ထာဝရကာလအတွက် မျက်စိတစ်မှိတ်အတွင်း လျှပ်တစ် ပြက်အတွင်း ဖြစ်ပါတယ်။ ကမ္ဘာလောကကြီးမှာ ကယ်တင်ခြင်းရတဲ့သူတွေအားလုံး တစ်ခြားတစ်ဖက်ကမ်းကို သွားကြမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ပြီးတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ပြီးတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နေမှာ ဖြစ်ပါတယ်။ နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

နံမည်ခေါ်ခြင်းတွေလည်း ပြီးဆုံးသွားတဲ့အခါမှာ ကျွန်တော် ထိုနေရာကို ရောက်နှင့်နေမှာ ဖြစ်ပါတယ်။

110 ၁၁၀။ အချိန် မရောက်ပေဘူးလား? ဆက်လက်လျှောက်လှမ်းပြီး တစ်နေ့သောအခါမှာ တစ်စုံတစ်ယောက်သောသူ ပေါ်ထွက်လာပါတယ်။ သူဘယ်သူလဲ? မိခင်ပါ။ အာမင်။ သိပ်မကြာတော့ပါဘူး။ မိနစ်အနည်းငယ်အတွင်းမှာဘဲ သင်ဟာ ပြောင်းလဲ သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး သူတို့နဲ့ ပြန်လည် တွေ့ဆုံရမှာ ဖြစ်ပါတယ်။ အားလုံးအတူတကွ ချီဆောင်ခြင်း ခံရမှာ ဖြစ်ပါတယ်။ လေထဲမှာ ကိုယ်တော်ရှင်နဲ့အတူ ဆုံတွေ့ရမှာ ဖြစ်ပါတယ်။ တစ်ချိန်ထဲမှာဘဲ မျက်စိတစ်မှိတ်အတွင်း ပြောဆိုနိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဘရာသာစီးဝဒ်တ် ရှိပါတယ်။ အသက်ကြီးနေတဲ့ ဘရာသာ ဖြစ်ပြီး အသင်းတော်မှာလည်း အမြဲတွေ့ရပါတယ်။ ဒီမှာ ဘရာသာ ဒီအတ်ဒ်ကိုလည်း တွေ့ရပါတယ်။ ဒီလိုပြန်ပြီးတော့ ကြည့်လိုက်မယ်ဆိုရင် သူတို့အားလုံးဟာ ကျွန်တော့်ကို ဝန်းရံထားပါတယ်။ ဘာဖြစ်ပါသလဲ? မိနစ်အနည်းငယ်အတွင်းမှာဘဲ သူတို့အားလုံး ကျွန်တော့်အနားမှာ ပေါ်လာပါတယ်။ ကျွန်တော်တို့ ကြာတော့မှာ မဟုတ်ပါဘူး။ အခုဘဲ ပြောင်းလဲသွားပြီး တော့ လျှပ်တစ်ပြက်အတွင်းဘဲ ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။ မနက်ခင်း ပေါ်ထွက်လာပြီးတော့ ထာဝရကာလအတွက် လင်းလက်တောက်ပ နေမှာဖြစ်ပါတယ်။ မိုးတိမ်များအားလုံးကိုလည်း တွေ့ရပါတယ်။

111 ၁၁၁။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့အတိုင်းဘဲ ဣသရေလဟာ မနက်ခင်း မိုးတိမ်ကဲ့သို့ ဖြစ်ပါတယ်။ သင့်ရဲ့ဖြောင့်မတ်ခြင်း ပျောက်ကွယ်သွားပြီးတော့ အခိုးအငွေ့ကဲ့သို့ ပျောက်ကွယ်သွားပါတယ်။ အားလုံးပျောက်ကွယ်သွားတဲ့အခါမှာ သားတော် အလင်းဟာ ပေါ်ထွက်လာပါတယ်။ သားတော်အလင်းက အမြဲတမ်းဘဲ တည်ငြိမ်နေမှာ ဖြစ်ပါတယ်။ အာမင်။ ကျောက်ကို လှိမ့်လိုက်တဲ့အခါမှာ အသံတော်ကို ကြားရပါတယ်။ ယနေ့ညတိုင်အောင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည်ဆုံတွေ့တဲ့အ ချိန်တိုင်အောင်ဖြစ်ပါတယ်။ ဘယ်အချိန်မှာ ပြန်တွေ့မလဲဆိုတာကို ကျွန်တော်တို့ မသိပါဘူး မိတ်ဆွေများ။ အဲဒါကတော့ ပုံပြင်ဘဲ ဖြစ်ပါတယ်။ အချိန်ကြာမြင့်ပြီ ဖြစ်ပါတယ်။ အဲဒါကတော့ သမ္မာတရားဘဲ ဖြစ်ပါတယ်။ ဖြစ်ပေါ်လာမဲ့အရာဘဲ ဖြစ်ပါတယ်။ ထိုအချိန်ကို ကျွန် တော်တို့ ရောက်နေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြန်လည် ဆုံတွေ့သည့်တိုင် ဖြစ်ပါ တယ်။ ဘုရားကျေးဇူးဖြင့် ကျွန်တော်တို့ မြှော်လင့်ပြီးတော့ ယနေ့ည (၇း၃၀)နာရီအချိန်မှာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ ကျွန်တော်တို့ ပြန်လည်ဆုံတွေ့တဲ့အချိန်အထိ ကျွန်တော်တို့နဲ့အတူ ရှိနေမှာဘဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အခုအခါမှာ မတ်တပ်ရပ်ကြပါစို့။

112 ၁၁၂။ နှစ်သက်ဘွယ် မဟုတ်ပေဘူးလား? ဒီကောင်းကင်ဆိုင်ရာနေရာတွေမှာ သခင်ယေရှုနံ့ရှိ နေပါတယ်။ ဘာအတွက်မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး။ ကျွန်တော် ငါးမျှားရတာပျော်ပါတယ်။ အမဲလိုက်ရတာလည်း ပျော်ပါတယ်။ ဘာကြောင့် လဲ ဆိုတော့

တောထဲမှာ ကိုယ်တော်ကို တွေ့ရလို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော် နှစ်သက်မိပါ တယ်။ ဒီအတွက် ကျွန်တော် တမိနစ်တောင်မှ အချိန်ကို အပြောင်းအလဲ မခံပါဘူး။ နှစ်ပေါင်းရာပေါင်းများစွာ အားလုံးအတွေ့အကြုံအတွက်ဘဲ ဖြစ်ပါ တယ်။ တစ်မိနစ် ကလေးဘဲရရ ကျေနပ်မိပါတယ်။

ဘုရားသခင် ကျွန်တော့်အထဲမှာ နိုးထမှုကို ဖန်တီးပေးပါ။ ကျွန်တော့်ကို နိုးထမှုဖြစ်စေပါ။ ကျွန်တော်တို့ တစ်ယောက်စီ နိုးထစေပါ။ ကိုယ်တော်ရှင် ကျွန်တော်က ဆာငတ်သောသူ၊ မွတ်သိပ်သောသူ ဖြစ်စေပါ။ ကျွန်တော့်ကို ဖန်တီးပေးပါ ကိုယ်တော်၊ ကျွန်တော့်အထဲမှာ ဘာလိုလဲဆိုတာ ဖန်တီးပေးပါ။ ဒီအချိန်နာရီကစပြီး ကိုယ်တော့်အတွက် ဖြစ်စေပါ။ ပိုမိုဆက်ကပ်တဲ့ အစေခံဖြစ်စေပါ။ ပိုမိုကောင်းမွန်တဲ့ အစေခံဖြစ် စေပါ။ ကိုယ်တော့်အတွက် ပိုမို၍ ကောင်းချီးခံစားစေနိုင်ဘို့ မစပါ။ ပိုမို၍ တတ်နိုင်ပြီး တော့၊ ပိုမို၍ နှိမ့်ချပြီးတော့ ပိုမိုကြင်နာတတ်သောသူ၊ ပိုမို၍ အလုပ်လုပ်နိုင်သောသူ ဖြစ်စေပါ။ အကောင်းကိုဘဲ မြင်တတ်တဲ့သူ ဖြစ်စေပါ။ အတိတ်ကအရာတွေအားလုံးကို မေ့ပျောက်သွားနိုင်ဘို့ မစတော်မူပါ။ မကောင်းတဲ့အရာအားလုံးကို မေ့ပျောက်နိုင်ဘို့ မစတော်မူပါ။ ခရစ်တော်ရဲ့ ခေါ်တော်မူခြင်းဆိုတဲ့ မြင့်မားတဲ့ အမှတ်အသား ကို ကျွန်တော်တို့ကို ကြည့်စေပါ။ အာမင်။

အဲဒါကတော့ ကျွန်တော်တို့ရဲ့ဆန္ဒဘဲ ဖြစ်ပါတယ်။ ဟုတ်တယ်မဟုတ်ပေဘူးလား ? ပရိသတ်ကလည်း အာမင်လို့ ဆိုပါတယ်။

ကောင်းပါပြီ။ ကျွန်တော်တို့ ပြန်လည်ဆုံတွေ့ကြမှာ ဖြစ်ပါတယ် ဒီညဘဲ။ ပြန်လည်ဆုံတွေ့ကြမှာ ဖြစ်ပါတယ်။

ကိုယ်တော်ရှင်ရဲ့နာမကို ကျွန်တော်တို့နဲ့အတူတူ ယူဆောင်သွားကြပါစို့။

ယခုအချိန်မှာ တစ်ယောက်စီ ကိုယ်တော်ရှင်ရဲ့နာမကို ကျွန်ုပ်တို့နဲ့အတူ ယူဆောင်သွားပါ။

ဝမ်းနည်းကြေကွဲနေတဲ့သားသမီးတွေ ကိုယ်တော်ရှင်က ကျွန်ုပ်တို့ကို နှစ်သိမ့်မှာဖြစ်ပါတယ်။ ဘယ်နေရာဘဲ သွားသွား ယူဆောင်သွားပါ။

ကိုယ်တော်ရဲ့နာမ ဖြစ်ပါတယ်။ ချိုသာလှပါတယ်။

ကောင်းကင်ရဲ့မြေကြီးနဲ့ မြော်လင့်ရာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခေါင်းငုံ့ကြပါစို့။

ယေရှုနာမကို ကျွန်တော်တို့ ယူဆောင်သွားကြပါစို့။

နေရာတိုင်းရဲ့ အကာအကွယ်ဖြစ်ပြီး စုံစမ်းနှောင့်ရှက်ခြင်းတွေ ကျွန်တော်တို့ ပတ်လည်မှာရှိနေမှာ ဖြစ်ပါတယ်။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)